ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အမြဲပင်ချမ်းသာ၏**

သူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည် ကောင်း၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ လူမိုက်တို့ကို မတွေ့မြင်ရခြင်းသည် အမြဲပင်ချမ်းသာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၀၆)

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် သောကြာနေ့၊ 27, Friday May 2016 (၈၅၇၄)

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံကုန်သွယ်မှု သတင်းအချက်အလက်များ ဘဏ္ဍာတိုက်ဝက်ဘ်ဆိုက် တရားဝင် စတင်ထုတ်လွှင့်ခြင်းမိတ်ဆက်ပွဲသို့ တက်ရောက်**

စာမျက်နှာ - ၃



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ခရီးစဉ်သစ်များဖြင့် ကျေးလက်လူထုနှင့် ခရီးသွားများအကြား ပိုမိုပွင့်လင်းလာမည့် ရက်ပေါင်း ၁၀၀**

စာမျက်နှာ
၁၆
၁၇
၁၈



# ရေတာရှည်မြို့နယ် ပဲခူးရိုးမ သိုင်းချောင်းနံဘေးမှ အိုင်ဝိုင်းကြီးဆင်စခန်း

သတင်းဆောင်းပါး - ကိုလွင်(ဆွာ)
သတင်းဓာတ်ပုံ - Alez

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့မှ ကိုးပင်ကျေးရွာအထိ ဖောက်လုပ်ထားသည့် အရှည် ၅၇ ဒသမ ၃ မိုင်ရှိ ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း ၁၀ မိုင်ခန့်ကျော်ဖြတ်သွားသည့်အခါ ဖိုးကျားအပန်းဖြေဆင်စခန်းသို့ ရောက်ရှိမည်ဖြစ်သည်။ ၂၀၀၅ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့သော အဆိုပါအပန်းဖြေဆင်စခန်းမှာ ပြည်တွင်း၊ ပြည်ပဧည့်သည်များအကြား အလွန်ပင်ထင်ရှားခဲ့ပြီး ယင်းဒေသတွင်းနေထိုင်ကြသူများမှာလည်း ဈေးရောင်းဈေးဝယ် လုပ်ငန်းများဖြင့် လွန်စွာအဆင်ပြေခဲ့ကြသည်။ အမြန်လမ်းမကြီးမှသွားလျှင် သုံးမိုင်သာသာခရီးဖြစ်၍လည်း ဖိုးကျားဆင်စခန်းသို့ အချိန်တိုအတွင်း အရောက်သွားလာလည်ပတ်နိုင်သည့်အတွက် များစွာအဆင်ပြေခဲ့သည်။

သို့သော် ယခုနောက်ပိုင်း ဆင်စခန်းပတ်ဝန်းကျင်တွင် ပုဂ္ဂလိကကျွန်းစိုက်ခင်းများ များပြားလာခြင်းနှင့်အတူ ဆင်များအတွက် စားကျက်နေရာရှားပါးလာ၍ ဖိုးကျားဆင်စခန်းနှင့် ဇရဲပေါက်ကျေးရွာအကြား မိုင်တိုင် ၁၃ မိုင်အကျော်ကနေ မြောက်ဘက်သို့ နှစ်မိုင်ကျော်ခန့် ခြေကျင်ခရီးဖြင့် သွားကြရသော အိုင်ဝိုင်းကြီးဆင်စခန်းသို့ ဆင်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ပဲခူးရိုးမ အိုင်ဝိုင်းကြီးတောတောင်များအတွင်း ဆင်များရှင်သန်ရပ်တည်ရေးအတွက် ရှားပါးသောစားကျက်မြေများတွင် ရှာဖွေစားသောက်ကြပြီး ဆင်ထိန်းများက ဆင်စခန်းသို့ ပြန်လည်မောင်းသွင်းလာကြသည်ကို တွေ့ရစဉ်။



ကြေးမုံ

# နိုင်ငံရေးခေါင်းဆောင်နှင့် လူထုဆက်ဆံရေး

ဥရောပအလယ်ခေတ်ကာလလောက်က အုပ်ချုပ်သူဘုရင်များသည် ဘုရားသခင်၏ကိုယ်စား ဘုရားသခင်ကရွေးချယ်သူအဖြစ် တိုင်းသူပြည်သားများကို အုပ်ချုပ်ခဲ့ကြသည်။ အင်္ဂလိပ်နေမဝင်အင်ပါယာကာလကပင် God save the king ဆိုသောစကားကို တွင်တွင်သုံးခဲ့ကြသည်။ ဆိုလိုသည်မှာ အုပ်စိုးသူများသည် သာမန်ပြည်သူ ပြည်သားများနှင့် တန်းတူမဟုတ်၊ သီးခြားမြင့်မြတ်သည့် လူတန်းစားတစ်ရပ်ဖြစ်သည်ဟု ခွဲခြားထားခြင်းပင်ဖြစ်သည်။

အာဏာရှင်များခေတ်တွင်မူ ခွဲခြားမှုကို ပုံသဏ္ဌာန်တစ်မျိုးဖြင့် တွေ့ရသည်။ အာဏာရှင်များကို အလွန်အကျွံ ချီးကျူးဂုဏ်ပြုခြင်းများ၊ ဘုန်းတော်ဘွဲ့များ၊ ရုပ်တုများထုလုပ်ခြင်းများ ပြုလုပ်ပြီး ပြည်သူလူထု၏ ပျပ်ဝပ်ရိုကျိုးမှုကို ရယူခဲ့ကြသည်။ ယခုစစ်အေးအလွန်ကာလမှာ ရုပ်တုများဖြိုလှဲခံရသောခေတ်၊ တံတိုင်းများပြိုလဲသောခေတ် ဖြစ်လာသည့်တိုင်အောင် နိုင်ငံအချို့တွင် အာဏာရှင်စနစ်များ ကြီးစိုးဆဲ၊ ပြည်သူလူထုကို ရိုသေနေအောင် ဦးနှိမ်ထားဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

သည်တလောမှာပင် အမေရိကန်သမ္မတ အိုဘားမား၏ ဗီယက်နမ်ခရီးစဉ်ကို တွေ့ရသည်။ ထိုခရီးစဉ်တွင် အမေရိကန်ဘက်မှ တစ်လျှောက်လုံး ပိတ်ပင်ကန့်သတ်ထားခဲ့သော ဗီယက်နမ်အပေါ် လက်နက်ရောင်းချမှုကို ပြန်လည်ခွင့်ပြုလိုက်သည်။ သို့သော် ယခုတင်ပြလိုသည်မှာ ထိုသတင်းမဟုတ်ဘဲ မစ္စတာအိုဘားမားနှင့် CNN ၏ ခရီးသွားနှင့် အစားအသောက်ကဏ္ဍ (Parts Unknown) အစီအစဉ်တင်ဆက်သူ အန်သိုနီဘော်ဒိန်းတို့ ဗီယက်နမ်မြို့တော်ရှိ သာမန်ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင်ဝင်၍ ခေါက်ဆွဲစားသော သတင်းဖြစ်ပါသည်။ CNN ၏ ထိုအစီအစဉ်မှာ ကမ္ဘာတစ်လွှားရောက်ဖို့ခဲယဉ်းသောဒေသများသို့ သွားရောက်သောအစီအစဉ်ဖြစ်၍ လူကြိုက်များလှသည်။ လွန်ခဲ့သောနှစ်နှစ်ခန့်က မြန်မာပြည်အကြောင်း ရိုက်ကူးထုတ်လွှင့်သွားဖူးသည်။ ထိုအစီအစဉ်တွင် မီးရထားဖြင့် သွားရသောခရီးစဉ်တစ်ခုတွင် ရှေ့နောက်ရထားတွဲနှစ်တွဲ လေးငါးလက်မလောက် ဘယ်ညာလှုပ်ယမ်းနေပုံနှင့် တွဲအဆက်ကိုဖုံးထားသော သံပြားများ တဂျမ်းဂျမ်းရိုက်ခတ်နေပုံတို့ကို အသေအချာ ရိုက်ပြထားသည်ကို တွေ့ခဲ့ရသည်။

ယခုနာမည်ကြီးသမ္မတနှင့် နာမည်ကြီးအစီအစဉ်တင်ဆက်သူတို့ လမ်းဘေးသာမန်စားသောက်ဆိုင်တွင် ရောက်ရှိနေသောသတင်းမှာ ပေါက်ကြားသွားပြီး ဆိုင်အပြင်ဘက်တွင် လူများအုံလာသည်။ ဆိုင်မှပြန်အထွက်တွင် အိုဘားမားက ထိုလူအုပ်ကို ရင်းရင်းနှီးနှီး နှုတ်ဆက်သွားခဲ့သည်။ ဗီယက်နမ်ခေါင်းဆောင်များ ထိုသို့ လူထုနှင့်နီးစပ်ပါသလား။ မစ္စတာအိုဘားမားကတော့ ဗီယက်နမ်လူထုကြား စွဲထင်စေသောပုံရိပ်တစ်ခု ချန်သွားခဲ့သည်မှာ သေချာနေပါသည်။ ဆိုင်ရှင်အမျိုးသမီးက ကြုံတောင့်ကြုံခဲ အိုဘားမားနှင့်ဓာတ်ပုံမရိုက်လိုက်ရ၍ တဗျစ်တောက်တောက်ပြောမဆုံး။

ယခုမြန်မာ့အပြောင်းအလဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က သူ့ကိုအဘဟု မခေါ်ရန်ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အစောပိုင်းအစည်းအဝေးတစ်ခုမှာပင် လက်အုပ်ချီသောသူများအား ဤအခန်းထဲတွင် ဘုန်းတော်ကြီးတစ်ပါးမှမပါဝင်၍ လက်အုပ်ချီရန်မလိုကြောင်း ပြောခဲ့ဖူးသည်။ လာအိုသို့ သွားရောက်သောနိုင်ငံတော်သမ္မတနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ခရီးစဉ်တွင် သံရုံးဝန်ထမ်းများနှင့်တွေ့ရာ၌ ဝန်ထမ်းများကို ယခင်ကလို ပျပ်ဝပ်ဒူးတုပ်၍ ကြမ်းပြင်တွင်မထိုင်စေဘဲ ကုလားထိုင်များနှင့်ထိုင်ကာတွေ့ဆုံခဲ့သည်ကို တွေ့ရသည်။ အပြုအမူသည် အရေးကြီးပါသည်။ ကမ္ဘောဒီးယားဘုန်းတော်ကြီး မဟာဂေါသနန္ဒာက-

အတွေးသည် စကားလုံးအဖြစ် ထင်လင်းလာသည်။
စကားလုံးသည် အပြုအမူအဖြစ် ထင်လင်းလာသည်။
အပြုအမူသည် အလေ့အကျင့်ဖြစ်လာသည်။
အလေ့အကျင့်သည် လူ၏စာရိတ္တ၊ လူ၏ဂုဏ်ရည်ဖြစ်လာသည်။
လူ့ဂုဏ်ရည်သည် ရည်မှန်းရာပန်းတိုင်ကို ရောက်သည်။
ထို့ကြောင့် သင့်စိတ်ကူးများကို သတိနှင့် စောင့်ကြည့်၊
သင့်စိတ်ကူးများကို ချစ်ခြင်းမှထွက်ပေါ်ပါစေ။
ဝေနေယျအားလုံး ရိုသေခြင်းမှ မွေးဖွားပါစေ ဟုဆိုခဲ့၏။

နိုင်ငံရေးခေါင်းဆောင်များသည် လူထုနှင့်တန်းတူရည်တူ ဆက်ဆံရာသည်။ လူထု၏ဂုဏ်သိက္ခာကို မညှိုးနွမ်းစေခြင်းအားဖြင့် အတွေးအခေါ်များပွင့်လန်းလာအောင် အားပေးရမည်။ ထိုသို့ဖြင့် နိုင်ငံသစ်ကို တည်ဆောက်အံ့သော စိတ်ကူးစိတ်သန်းများဖြင့် လူထုနိုးကြားမှုကို ရရှိလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန် လမ်းပိုင်း၌ ယာဉ်များအလွယ်တကူဖြတ်သန်း

ဇလွန် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန် လမ်းပိုင်းခင်းကျင်းဆောင်ရွက်မှု စီမံကိန်းမှာ ယခုအခါ အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်သောကြောင့် ယာဉ်များအလွယ်တကူ ဖြတ်သန်းသွားလာနေကြပြီဖြစ်ပြီး ဒေသခံများအတွက်လည်း အဆင်ပြေလွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဆိုင်ရာချေးငွေဖြင့် ငွေကျပ် ၁၂ ဘီလီယံ ကုန်ကျဆောင်ရွက်ခဲ့သော အဆိုပါလမ်းပိုင်းမှာ ၂၄ မိုင် နှစ်ဖာလုံရှည်လျားပြီး လမ်း၏အကျယ်မှာ ၂၄ ပေရှိကာ အသွားအပြန်(နှစ်လမ်းသွား) မောင်းနှင်နိုင်ကြောင်းသိရသည်။

ယာဉ်များ နှစ်လမ်းသွားမောင်းနှင်နိုင်ကြမည့်အပြင် ရံဖန်ရံခါ ယာဉ်သုံးစီး ရှောင်တိမ်းသွားလာနိုင်ရန်အတွက် အမာခံလမ်းပခုံးသားများကို သတ်မှတ်အရည်အသွေးမီ ဂဝံကျောက်အရင့်များဖြင့် ယာဉ်သွားလမ်းတစ်ဖက်တစ်ချက်စီ၌ အပို ငါးပေစီဖြင့် ဆောင်ရွက်ပေးထားသေးသည်။ ထိုကဲ့သို့အမာခံလမ်းပခုံးသားများ ဆောင်ရွက်ပေးလိုက်ခြင်းဖြင့် ယာဉ်သွားလာရာအများဆုံးဖြစ်သော ရုံးပိတ်ရက်များ၌ အမာခံလမ်းပခုံးသားများအပေါ်ပါ ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်ကြမည်ဖြစ်သည်။ ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန် လမ်းပိုင်းခင်းကျင်းဆောင်ရွက်ရေးအတွက် ကုမ္ပဏီမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းအင်အား ၂၀၀ ကျော်နှင့် လုပ်သားအင်အား ၆၀၀ ကျော်ဖြင့်ခင်းကျင်းဆောင်ရွက်ခဲ့ပြီး ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် လမ်းကွေ့များ၌ အခြားနိုင်ငံများလမ်းပိုင်းနည်းတူ Guard Rail များ၊ Guard Post များဆောင်ရွက်ထားရှိသည်။

မြန်မာ့ရွှေသရဖူဆောက်လုပ်ရေး ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးတင်မျိုးက "ဒီလမ်းပိုင်းကလမ်းဟောင်းတစ်ခုကို ဖောက်လုပ်ရတာဆိုတော့ လမ်းပိုင်း ခင်းကျင်းဆောင်ရွက်နေတဲ့အချိန်မှာ ဘုရားဖူးလာယာဉ်များလည်းရှိတော့ လုပ်ငန်းလုပ်ဆောင်ရာမှာနည်းနည်းတော့ အခက်အခဲရှိပေမယ့် စနစ်တကျ သေချာလုပ်နိုင်ခဲ့ပါတယ်။ Guard Rail များ၊ Guard Post များဆောင်ရွက်ထားတာဖြစ်လို့ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ရင် တောင်မှ ယာဉ်တိမ်းမှောက်တဲ့အဆင့်မဖြစ်တော့ဘဲ ဘေးကပွတ်တဲ့အဆင့်ပဲဖြစ်တော့မှာပါ။ ခုလိုလမ်းပိုင်းဆောင်ရွက်ပြီးစီးသွားပြီဆိုတော့ ရန်ကုန်နဲ့ဟင်္သာတကို ဖြတ်သန်းနိုင်တဲ့ ဒီလမ်းပိုင်းဟာကုန်စည်စီးဆင်းမှုလည်း ကောင်းမွန်လာတော့မှာဖြစ်ပြီး ကျန်းမာရေးမကောင်းတဲ့ လူနာများအတွက်လည်း အချိန်မီကယ်ဆယ်နိုင်တော့မှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးမှာ ဒီလိုခင်းကျင်း ဆောင်ရွက်ထားတဲ့လမ်းပိုင်းမျိုးလည်းမရှိပါဘူး။ လမ်းပိုင်းခင်းကျင်း ဆောင်ရွက်နေချိန်မှာလည်း အင်ဂျင်နီယာများကိုယ်တိုင်က တစ်ပတ်ခြားတစ်ခါ လာရောက်ကြည့်ရှုစစ်ဆေးခဲ့တာဆိုတော့ လမ်းပိုင်းရဲ့လိုအပ်တဲ့အရည်အသွေးစံချိန်မီရှိနေပါပြီ" ဟု လုပ်ငန်းခွင်အတွင်း ရှင်းပြခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ခနေဖြူမြို့နယ် လမ်းမတော်လမ်းနေထိုင်သော ဒေသခံဦးခင်မောင်ချိုက "ဟိုတုန်းကဆို ဒီလမ်းပိုင်းက အင်မတန်ဆိုးရွားတဲ့ ကျောက်ခင်းလမ်းပိုင်းပါ။ ဒီလမ်းပိုင်းမခင်းခင်တုန်းကဆို လမ်းပိုင်းဆက်သွယ်ရေးမကောင်းခဲ့ပါဘူး။ ဒီကနေ ဇလွန်မြို့နယ်ကိုသွားမယ်ဆိုရင် တစ်နာရီခွဲလောက်ကြာပါတယ်။ ခုတော့ နာရီဝက်လောက်နဲ့တောင်ရောက်ပါတယ်။ ဒီလိုလမ်းပိုင်းကောင်းသွားတော့ ယာဉ်တိုက်မှုတွေ များပြားလာပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာကြတဲ့ ဆိုင်ကယ်များ၊ယာဉ်များကို သက်ဆိုင်ရာက တာဝန်ရှိသူများက ကြပ်မတ်ဖို့တော့လိုပါလိမ့်မယ်" ဟု ဆိုလေသည်။

ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်းပိုင်းသည် ပြေပြစ်ချောမွေ့ခဲ့ပြီဖြစ်သောကြောင့် ခရိုင်နှစ်ခုအကြားရှိ မြို့နယ်အသီးသီးမှ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ၊ ဘုရားဖူးယာဉ်များနှင့် ကျန်းမာရေးဆိုင်ကိစ္စရပ်များမှာ အဆင်ပြေလွယ်ကူချောမွေ့တော့မည်ဖြစ်ပြီး အဆိုပါလမ်းပိုင်းစီမံကိန်းအား ပြီးခဲ့သည့် နှစ်မတ်လမှစတင်ခဲ့ကြောင်းနှင့် တစ်နှစ်တာကာလအတွင်းအပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**







ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၄၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံကုန်သွယ်မှုသတင်းအချက်အလက်များ ဘဏ္ဍာတိုက်ဝက်ဘ်ဆိုက် တရားဝင်စတင်ထုတ်လွှင့်ခြင်းမိတ်ဆက်ပွဲသို့ တက်ရောက်

**နေပြည်တော် မေ ၂၆**

ယနေ့လွှင့်တင်လိုက်သည့် ဝက်ဘ်ဆိုက်သည် မြန်မာတစ်နိုင်ငံလုံးတွင် ရှိသည့် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အချက်အလက်များအားလုံးကို စုစည်းတည်ဆောက်ပေးထားသည့် ဘဏ္ဍာတိုက်တစ်ခုဖြစ်ပါကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့သည်။

ပြီးပြည့်စုံသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည့် တက်ရောက်လာသော ဌာနဆိုင်ရာများအားလုံးနှင့် USAID တို့ကို အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဝက်ဘ်ဆိုက်ကို စဉ်ဆက်မပြတ် သတင်းအချက်အလက်များ မှန်ကန်နေစေရေး၊ မြေပြင်တွင် လက်တွေ့ဆောင်ရွက်ချက်များနှင့် ကိုက်ညီနေစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများအားလုံးက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် USAID က လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများကို ဆက်လက်ပံ့ပိုးပေးစေလိုပါကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

မြန်မာနိုင်ငံကုန်သွယ်မှုသတင်းအချက်အလက်များ ဘဏ္ဍာတိုက်ဝက်ဘ်ဆိုက် တရားဝင်စတင်ထုတ်လွှင့်ခြင်း မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပစဉ် **(ယာပုံ)** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကားပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့စီးပွားရေး ကွန်ရက်အတွင်းသို့ ဈေးကွက်ဖွင့်ဝင်ရောက်လာခဲ့သည်မှာ ကနဦးအဆင့်တွင်သာ ရှိနေသေးသော်လည်း အာဆီယံ၏ ကတိကဝတ်များကို လိုက်နာအကောင်အထည်ဖော်ရာတွင် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်တွင် ပါဝင်သည့်“အင်တာနက်တွင် ကုန်သွယ်မှု သတင်းအချက်အလက်များ ထုတ်လွှင့်ခြင်း ”အတွက် National Trade Portal ကို USAID ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ASEAN Trade Repository သို့ သွားရောက်ချိတ်ဆက်နိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။




မြန်မာနိုင်ငံအနေဖြင့် အာဆီယံကဲ့သို့သော ဒေသတွင်းအဖွဲ့အစည်းများတွင် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ခြင်းသာမက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းတွင် လိုက်ပါဆောင်ရွက်ပေးရမည့် ကုန်သွယ်မှုသတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိစေရေးဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပိုမိုပွင့်လင်းမြင်သာသော၊ ကြိုတင်မှန်းဆနိုင်သော၊ ရိုးရှင်းလွယ်ကူသော ကုန်သွယ်မှုဝါဒများသည် စီးပွားရေးလုပ်ငန်းများ၏ မသေချာ၊ မရေရာမှုများ၊ ကုန်ကျစရိတ်များကို လျော့ကျလာစေမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ထည့်သွင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝက်ဘ်ဆိုက်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းတင်ပြကြကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

**(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

ပြောင်းရွှေ့သွားသည့်အခါ ဖိုးကျားသို့ လာရောက်လည်ပတ်သူများအနေဖြင့် ဆင်ဟူသည်ကား စာလုံးပဲရှိပါတော့လားဆိုသည့်စကားဖြင့်သာ လှည့်ပြန်သွားကြရပြီး ပြည်ပဧည့်သည်မဆိုဘိ ပြည်တွင်းခရီးသွားများလာရောက်လည်ပတ်မှုပင် အလွန်နည်းသွားကြောင်း ဖိုးကျားဆင်စခန်းအနီးရှိ ဒေသခံများက ပြောပြကြသည်။

“ဟိုးအရင်က ဈေးရောင်းကောင်းတော့ အားလုံးအဆင်ပြေကြတယ်။ ခုတော့ ဧည့်မလာတော့ ဖြတ်သွားဖြတ်လာခရီးသည်တွေလောက်ပဲ ရောင်းရတော့ အချို့ဆိုင်တွေဆို အလုပ်တောင်ပြောင်းကုန်ပြီ”ဟု ဆိုသည်။ သစ်တောများပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားပြန်လည်ကုစားမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်မှ နှစ်ရှည်ရည်မှန်းချက်များဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျွန်းစိုက်ခင်းများ တည်ထောင်ခွင့်ပေးလိုက်ခြင်းမှာ ကောင်းသည်ဟုဆိုနိုင်သော်လည်း ဆင်များအတွက်မူ ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်လာကြရသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဆင်တို့၏သဘာဝ လွတ်လပ်စွာသွားလာလိုခြင်းနှင့် စားကျက်မြေဧရိယာ ကျဉ်းမြောင်းလာခြင်းတို့ပင်ဖြစ်လေသည်။ ထို့ကြောင့်ပင် ဖိုးကျားအပန်းဖြေစခန်းမှ ဆင်များကို(၁၃)မိုင် အိုင်ဝိုင်းကြီးဆင်စခန်းသို့ ပို့ဆောင်ထားရသည့်အတွက် ဆင်များ၏သဘာဝကို အဝေးခရီးမှ လာရောက်လေ့လာသူများနှင့် ဝေးသွားခဲ့ရခြင်း ဖြစ်လေသည်။

အိုင်ဝိုင်းကြီးဆင်စခန်းသို့ သွားလိုလျှင် ဖိုးကျားဆင်စခန်းမှ အနောက်ဘက် ၁၃ မိုင် ၄ ဖာလုံ ခန့် ရှိးမဖြတ်ကျော်ကားလမ်းအတိုင်းဆက်သွားရပြီး လမ်း၏မြောက်ဘက်တောင်ကြောအတိုင်း ဆက်သွားရခြင်းဖြစ်သည်။ အမှန်တွင် အဝင်လမ်းထိပ်၌ လမ်းညွှန်ဆိုင်းဘုတ်ထောင်ပေးထားလျှင် ခရီးသွားများ အလွယ်တကူမြင်တွေ့နိုင်မည်ဖြစ်သည်။ မိုးမရွာခင်က ဆိုင်ကယ်ဖြင့်သွားရောက်နိုင်သော်လည်း မိုးရွာသွန်းခဲ့ပြီးနောက် ခြေကျင်ခရီးနှစ်မိုင်သာသာ ဆက်လျှောက်ရင်း လမ်းတစ်လျှောက်သဘာဝအလျောက် ပေါက်ရောက်နေသည့် သစ်ပင်မျိုးစုံကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ တောလမ်းအတိုင်းလမ်းလျှောက်နေစဉ် မိုင်းနှစ်ဆယ်ကျေးရွာ ဒေသခံနှစ်ဦးမှာ မီးသွေးဖိုရှိသည့် လျှိုထဲကို သန်းဘဖိုးအမည်ရှိ အလုပ်ဆင်ကြီးတစ်ကောင် မုန်ယိုကာရောက်ရှိနေ၍ သည်ဘက်တောင်ကြောဘက်သို့ ပြေးလာရကြောင်း၊ ဆင်ဦးစီးနှင့်ပဲ့ချိတ်တို့ပင် မကပ်ရဲကြသည့်အတွက် အန္တရာယ်များကြောင်း သိလိုက်ရကာ ရှေ့ဆက်သွားရမည့်ခရီးအတွက် စိုးရိမ်စိတ်များပင် ဝင်ခဲ့ကြရသည်။

နာရီဝက်သာသာဆက်လျှောက်ရင်း ဆင်စခန်းနှင့် မလှမ်းမကမ်းရောက်လာသော်လည်း ဆင်းရမည့် တောင်ကြောမှာ ပြောင်ချောနေသလောက် မိုးရွာလျှင် ဘယ်လိုမှ ဆက်သွား၍လည်း ရလိမ့်မည်မထင်ပေ။ နေသာယောင်ယောင်အပူချိန်လေးကြောင့် လမ်းကြောလေးတန့်နေ၍ တော်တော့သည်။ အဆိုပါတောင်ကြောအတိုင်းဆင်းလာပြီးမှ အိုင်ဝိုင်းကြီးဆင်စခန်းကို အပေါ်စီးမှမြင်တွေ့ရကာ ဆင်ဦးစီးမိသားစုနေထိုင်သည့် အိမ်ကလေးများကို အတန်းလိုက်အစီအရီ မြင်တွေ့ရသည့်ရှုခင်းမှာ လွမ်းမောဖွယ်ပင်ကောင်းတော့သည်။ တောင်ဘက် တောထဲတွင်တော့ ဆင်တစ်ကောင် ကတ်သီးကတ်သတ် အစာတက်စားနေသည်ကို အဝေးကနေမြင်တွေ့ရပြီး ဆင်များ၏ သဘာဝအကောင်ကြီးသော်လည်း လူတို့ပင်အလွယ်တကူမသွားနိုင်သည့်နေရာမျိုးကို သူတို့ရောက်အောင်သွားလာတတ်ကြသည်မှာလည်း သဘာဝကပေးသည့်စွမ်းအားများပင် ဖြစ်လိမ့်မည်ထင်သည်။

ဆင်ဝိုင်းနေသူတို့ ဖြတ်ဆင်းဖြတ်တက်လမ်းမှာ မတ်စောက်လွန်းလှ၍ ထိုလမ်းမှမဆင်းရဲ၍ အနောက်ဘက်ပတ်လမ်းမှတစ်ဆင့် ကွေ့ဝိုက်ကာဆင်းခဲ့ရသည်။ လမ်းဘေးတောင်ဘက်အလွန်၌ ဆောက်လက်စ စာသင်ကျောင်းငယ်လေးကိုမြင်တွေ့ခဲ့ရသော်လည်း ဆင်လုပ်သားမိသားစုဝင်များ၏ ကလေးငယ်များအတွက် ဆရာဟူ၍ အတွေးဝေရမည့်အဆင့်သာရှိပါသေးသည်။ အနောက်မှအရှေ့သို့ အတန်းလိုက်ဆောက်ထားသည့် ဆင်ဦးစီးအိမ်များကြားမှ ဖြတ်လျှောက်လာရင်း ကလေးငယ်လေးများ ပြေးလွှားဆော့ကစားနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ တောင်တန်းကြီးများ ပတ်လည်ဝန်းရံထားသည့် ယခုနေရာလေးမှာ နေရထိုင်ရအလွန်လှပပြီး နွေအပူဒဏ်ကို ကောင်းကောင်းအန်တုနိုင်ခဲ့ကြသည်ဟု ဆင်စခန်းနေသူများကပြောပြသည်။ သိုင်းချောင်းလေးမှာ မြွေတစ်ကောင်လူးလွန့်နေသည့်အလား တသွင်သွင်စီးဆင်းရင်း ဆင်များအတွက် ဆော့ကစား ရေချိုးရန် အကောင်ဆုံးဖြစ်နေပြန်သည်။

သိုင်းချောင်းအထက်ပိုင်းမှ ဖြတ်တိုက်လာသော လေနုအေးများက မောသမျှအပန်းပြေသည်ကတော့ အမှန်။ သာမွေးဆင်ဝိုင်း အရှေ့ဘက်ထိပ်၌ ဈေးဆိုင်လေးတစ်ဆိုင်ရှိသည်။ ဆင်အုပ်နေသောအိမ်ဟု သိရသည်။ ကော်ဖီပူပူလေးသောက်ရင်း ဆင်ဦးစီးတို့၏လူနေမှုဘဝကို သိလိုမိသည်။ မကြာမီ သိုင်းချောင်းအနောက်ဘက်ခြမ်းရှိ ဆင်ဝိုင်းမှ ဆင်အုပ် ဦးကြယ်နီ ရောက်ရှိလာသည်။ အတွေ့အကြုံရင့်ကျက်သည်နှင့်အမျှ ဆံပင်ဖြူများက အပေါ်ကို ထောင်တက်နေပြီး တည်ကြည်သောမျက်နှာသွင်ပြင် ဆောင်နေသည်။ အိုင်ဝိုင်းကြီးဆင်ဝိုင်း၌ သာမွေးဆင်ဝိုင်း၊ အလှပြဆင်ဝိုင်း၊ ဆင်နာရုံနှစ်ဝိုင်း၊ ကုန်ပို့ဆင်ဝိုင်းတို့ရှိပြီး စိုင်းရကြိုးဝိုင်း ကွင်း ၄၅၊ ၅၈၊ ၅၉၊ ၆၀ များ၌ အခြားသောအလုပ်ဆင်ဝိုင်းများရှိပြီး လက်ရှိတည်နေရာတွင် ကျွန်းစိုက်ခင်းများမရှိသည့်အတွက် ဆင်များအတွက် များစွာအဆင်ပြေကြောင်း ဦးကြယ်နီက ရှင်းပြသည်။

လက်ရှိဆင်ဝိုင်းနှင့်အခြားဆင်ဝိုင်းများပါ ပေါင်းလျှင် ဆင်ကောင်ရေ ၇၀ ကျော်ရှိကာ ဆင်ဦးစီးတို့မှာ မိမိတို့ကိုင်တွယ်ရသောဆင်အတွက် နေ့လယ်ပိုင်း၌ တောထဲမှ ပြန်ကောက်ကာ ရေချိုးပေးခြင်း၊ အစာကျွေးခြင်းတို့ ပြုလုပ်ပေးရပြီး ကျန်အချိန်များတွင် တောထဲသို့သာပြန်လွှတ်ထားရကြောင်း သိရသည်။ “ဆင်တွေအတွက် စားကျက်ကျဉ်းမြောင်းတာ အဓိကအခက်အခဲပေ့ါဗျာ၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းတွေများလာတော့ ဆင်တွေကို လွှတ်လို့မရတော့ဘူး၊ ကျွန်းပင်အခေါက်တွေခွာခွာစားတော့ ကုမ္ပဏီတွေနဲ့ခဏခဏစကားပြောရတာတွေ ရှိတာပေ့ါ၊ အဲတော့ ကျွန်တော်တို့ဆင်သမားတွေကလည်း အခုဒီဘက်ကွင်းတွေကို ကျွန်းစိုက်ခင်းတွေ မပေးဖို့ လူကြီးတွေကနေတင်ပြရတာ။ နွေကာလကဆို ဆင်တွေအတွက် သောက်သုံးရေ အတော်အခက်အခဲဖြစ်တာ၊ ဒါပေမယ့် ဆင်တွေက ရေရှိတဲ့ နေရာကိုသိတယ်။ သူတို့ကိုသွားကောက်လည်းခဏပဲနေတာ၊ ရေရှိတဲ့နေရာကို ပြန်သွားတာပဲ” ဦးကြယ်နီက ပြောသည်။

ဆင်အုပ်တစ်ဦး၏လစာမှာ လက်ရှိ ၁၇၃၀၀၀ ကျပ်ရရှိသော်လည်း ယခင်ကဆင်ဝိုင်းများ ပြန့်ကျဲနေသည့်အတွက် ဆင်များအားလိုက်စစ်သည့်အခါ ဆီဖိုးနှင့်ပင်မကာမိအောင်ဖြစ်ရသည်ဟု ၎င်းကပင် ဆက်၍ပြောသည်။ ဆင်ဦးစီးတို့မှာ ရရှိသည့်လစာငွေနှင့် မိသားစု စားဝတ်နေရေးကာမိအောင်ကြိုးစားနေကြရကာ မီးသွေးဖုတ်၊ ဝါးခုတ်ရောင်းအစရှိသည်တို့ကိုလည်း စားဝတ်နေရေးအရ လုပ်ကိုင်ကြရကြောင်း ဆင်ဦးစီးတစ်ဦးက ပြောသည်။ ကားဒရိုင်ဘာကမွေးတော့ ကားသမားဖြစ်၊ ဆင်ဦးစီးကမွေးတော့ ဆင်ဦးစီးပြန်ဖြစ်၊ သူတို့ပညာရေးဟာ လေးတန်းအောင်တာ အမြင့်ဆုံးပဲဟု ဆိုစကားရှိသကဲ့သို့ ယခုလို တောကြီးမျက်မည်းထဲ ကလေးများ၏ပညာရေးမှာ အလွန်ပင်အားနည်းချက်များစွာရှိကြသည်ကိုလည်း မျက်ဝါးဝါးထင်ထင်မြင်တွေ့ခဲ့ရလေသည်။

“အခုကလေးတွေ လေးတန်းအောင်လို့ ဆယ်မိုင်ကျောင်းကိုသွားထားမယ်ဆိုရင်တောင် ဒီတောင်တန်းကြီးတွေကို တောလမ်းအတိုင်းဖြတ်ကြရမှာ။ ဆင်တွေထဲမှာက လူသတ်ဖူးတဲ့ဆင်ရှိတယ်၊ လန့်တဲ့ဆင်၊ ခြောက်တဲ့ဆင် အမျိုးမျိုးရှိတော့ မိဘတွေအနေနဲ့ အများကြီးစဉ်းစားရတာပေ့ါ၊ ဒါကြောင့် ကလေးတွေရဲ့ပညာရေးဟာ လေးတန်းလောက်နဲ့ပဲ ကျောင်းထွက်လိုက်ရတာများတယ်” ဟု ကလေးများဆော့ကစားနေသည်ကိုကြည့်ရင်း ဦးကြယ်နီက စိတ်မကောင်းစွာပြောပြသည်။ ကျန်းမာရေးဘက်ကကြည့်ပြန်ရင်လည်း အနီးဆုံးဆေးရုံမှာ ဆွာတိုက်နယ်ဆေးရုံကိုသာ မှီခိုအားထားနေရကာ ကျန်းမာရေးမကောင်းသူကို ဆင်ဖြင့်တင်ကာ ရိုးမဖြတ်ကျော်ကားလမ်းမှတစ်ဆင့် ကားငှားကာ သွားလာကြရကြောင်းသိရသည်။ အကယ်၍သာ အိုင်ဝိုင်းကြီးဆင်စခန်းသို့ ဝင်ရောက်သည့်လမ်းကောင်းမွန်ပါက ပြည်တွင်း၊ ပြည်ပဧည့်သည်များ အလွယ်တကူဝင်ထွက်သွားလာနိုင်ပြီး ဆင်ဦးစီးတို့၏ လူနေမှုဘဝကို စာနာနားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။ သစ်တောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လက်ရှိဒေသတွင် နေထိုင်ကြသည့် လူငယ်များအား သင်တန်းများ ပေးခြင်း၊ အသိပညာပေးခြင်းများအပြင် ကောင်းမွန်သော ထောက်ပံ့လစာငွေဖြင့် အကျိုးရှိစွာအသုံးချနိုင်ပါက များစွာအောင်မြင်တိုးတက်မည့်အပြင် ဆင်းရဲနွမ်းပါးသည့် တောတွင်းဒေသနေသူများအတွက် တစ်ဖက်တစ်လမ်းမှ လူနေမှုဘဝများတိုးတက်နိုင်ကြမည်ဖြစ်သည်။ ။

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏
ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို
ရုပ်သိမ်းသည့် ဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။)
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၃/၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်က သဘောတူညီသည့် အောက်ပါပုဂ္ဂိုလ်များကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမောင်မောင်အေး
(၂) ဒေါ်လွင်လွင်အေးကျော်

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၄/၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမောင်မောင်ဝင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၂၆**
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဗူအဲ့ ဟုမ်နမ်းတို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၉) ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးတက်ရောက်ပါရန် ဖိတ်ကြားသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဘင်မင်း၏ ဖိတ်ကြားလွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီး ဒေါက်တာပေမြင့်အား ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်အား Norwegian Burma Committee (NBC Myanmar) မှ ဒါရိုက်တာ Mr. Audun Aagre သည် ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ Centre for Law and Democracy မှ အမှုဆောင်ဒါရိုက်တာ Mr. Toby Mendel နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင်လည်းကောင်း ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

NBC Myanmar မှ ဒါရိုက်တာနှင့်တွေ့ဆုံစဉ် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံတွင် လွတ်လပ်သော မီဒီယာဝန်းကျင်တစ်ရပ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး Centre for Law and Democracy မှ အမှုဆောင်ဒါရိုက်တာနှင့်တွေ့ဆုံစဉ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်ရေးဆွဲရာတွင် နိုင်ငံတကာအဆင့်မီ ဥပဒေတစ်ရပ် ပေါ်ထွက်လာရေးအတွက် ထည့်သွင်းရေးဆွဲရမည့်အချက်များ၊ Broadcast Industry ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၆**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဗူအဲ့ ဟုမ်နမ်းတို့သည် ယနေ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မီးသတ်ဦးစီးဌာနမှ သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ သောက်သုံးရေများ စဉ်ဆက်မပြတ်လှူဒါန်း

**ရန်ကုန် မေ ၂၆**
ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မီးသတ်ဦးစီးဌာနမှ သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များက သောက်ရေ၊ သုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ မေ ၂၅ ရက်က မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်များရှိ မြို့နယ်မီးသတ်ဦးစီးမှူးများဦးစီးသည့် အဖွဲ့များက သောက်သုံးရေ ဂါလန် ၃၄၆၀၀ အား မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြရာ မတ် ၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က သောက်ရေ၊ သုံးရေ ဂါလန် ၁၀၆၆၀၂၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**





# ကချင်ပြည်နယ် ဖီမော်၊ ကန်းဖန့်၊ လန်ဆယ် ဒေသဖွံ့ဖြိုးရေးလမ်းမကြီး အမြန်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၆**

ကချင်ပြည်နယ် အရေးကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃) ဦး တင်ပြထားသည့် အဆို(၂)ခုနှင့် မေးခွန်း(၁)ခုတို့ကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြခဲ့ပြီး အဆို၊ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားသော ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် ဆက်သွယ်ဖောက်လုပ်ထားသည့် ဖီမော်၊ ကန်းဖန့်၊ လန်ဆယ်ဒေသဖွံ့ဖြိုး ရေးလမ်းမကြီး အမြန်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချီဖွေမြို့နှင့် ဆော့လော်မြို့နယ်ကြား ဖီမော်-ကန်းဖန့်-လာအိုလော်-သုံးချောင်းဆုံ-ရှီးရှီးဒူးခူး-လန်ဆယ် ကြားလမ်းသည် ကချင်အထူး ဒေသ(၁) ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် လမ်းများဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး ခန့်မှန်းကုန်ကျစရိတ်ရရှိပါက ၂၀၁၆-၂၀၁၇ ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး တင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဒုတိယအဆိုဖြစ်သည့် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီက ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ ယခုအထိ အဆက်မပြတ်ရွာသွန်းနေသောမိုးကြောင့် နေအိမ်များ ပြိုပျက်ခြင်း၊ မြေပြိုမှုကြောင့် စိုက်ပျိုးမြေများနှင့် သီးနှံများပျက်စီးဆုံးရှုံးရခြင်း၊ ခရီးလမ်းပန်း အဆက်အသွယ် ပြတ်တောက်ခြင်းနှင့် မိုးကြိုးကြောင့် ဆက်သွယ်ရေးကိရိယာများ ပျက်စီးခြင်းတို့ကြောင့် ခေါင်လန်ဖူးမြို့နယ်ရှိ အစိုးရဝန်ထမ်း၊ မြို့နယ်သူ၊ မြို့နယ်သားများ စားနပ်ရိက္ခာဆိုးရွားစွာ ပြတ်တောက်မှုနှင့် နေထိုင်ရေးပြဿနာများကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရနှင့် ကချင်ပြည်နယ်အစိုးရတို့အား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးသုံးဦးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ခေါင်လန်ဖူးမြို့နယ်နှင့် နောင်မွန်းမြို့နယ်အကြား တောင်ပြိုမြေပြိုကျမှုကို ဖယ်ရှားခဲ့ပြီး သွားလာမှုမပြတ်စေရေးအတွက် ယာယီဝါးတံတား(၁)စင်းကို အစားထိုးတည်ဆောက်ပြီးဖြစ်ကြောင်း၊ အဆိုပါကြိုးတံတားသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့ပြီး ယခင် ကချင်အထူးဒေသ(၁) ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် လမ်းများပေါ်တွင်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ခေါင်လန်ဖူး-ညီတာဒီးလမ်းနှင့် ခေါင်လန်ဖူး-ဆရမ်ဖားရွာကြားရှိ တံတား (၅)စင်းကို ယာယီဝါးတံတားအဖြစ် သွားလာမှုမပြတ်တောက်စေရေး ပြန်လည်အစားထိုး တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ သစ်သားတံတား(၅)စင်းကို ပွင့်လင်းရာသီအချိန်တွင် အသစ်ပြန်လည် တည်ဆောက်နိုင်ရန်အတွက် ပစ္စည်းများကြိုတင်စုဆောင်းလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်တို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လူနေအိမ်ခြေနှင့် လမ်းတံတားအချို့ ပျက်စီးခဲ့သော်လည်း မိုးရာသီတွင် စားနပ်ရိက္ခာပြတ်တောက်မှု မရှိစေရေးအတွက် ဌာနဆိုင်ရာများမှ ပျက်စီးသွားသည့် လမ်း၊ တံတားများကို အမြန်ဆုံးပြုပြင်ခြင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့်လည်း စားနပ်ရိက္ခာများအား တပ်မတော် ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့မှလည်း ၂၀၁၆ ခုနှစ် မိုးတွင်းရိက္ခာ ဆန်ဖူလုံရေးအတွက် မေလနောက်ဆုံးပတ်အတွင်း မြစ်ကြီးနားမှ ပူတာအိုသို့ တပ်မတော်လေယာဉ်ဖြင့် ဆန်အိတ်(၂၀၀၀)အား သယ်ယူရန်စီစဉ်ထားကြောင်း၊ ၎င်းဆန်အိတ်များကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ခေါင်လန်ဖူးမြို့နယ်သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ထားပါကြောင်း၊ ချီထုဖန်ကျေးရွာအုပ်စုမှ ကျေးရွာများ ပျက်စီးဆုံးရှုံးမှုများကို မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့မှ ကွင်းဆင်း၍ စာရင်းကောက်ယူရေးဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပျက်စီးသွားသည့် လမ်း၊ တံတားများကို အမြန်ဆုံးပြုပြင်နိုင်ရေး၊ လမ်းလုံခြုံရေးနှင့်ပတ်သက်၍ နယ်မြေအခြေအနေအရ ကချင်အထူးဒေသ(၁) မှ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပြီး ရဲတပ်ဖွဲ့အနေဖြင့် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်များတွင် နယ်မြေခံတပ်များနှင့်ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲနေစဉ်အတွင်း ရဲတပ်ဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် သဘာဝဘေးအန္တရာယ်ကို အကြောင်းပြုပြီး မှုခင်းများမဖြစ်စေရေး၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆော့လော်မြို့နယ် လာချင်ကျေးရွာ အုပ်စုနှင့် ကျေးရွာ(၈)ရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းနှင့်ငွေကျပ်သိန်းတစ်ရာ့ရှစ်ဆယ် ခြောက်သောင်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း၊ အလားတူ လေပြင်းတိုက်ခတ်မှု၊ ရေကြီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် (၇)ပေသွပ် အချပ်(၁၀၀၀၀) ထောက်ပံ့ပေးပြီးဖြစ်ကြောင်း၊ ထို့ပြင် ခေါင်လန်ဖူးမြို့နယ်ရှိ ဒေသခံ ပြည်သူ(၁၁၉၀၀)ကျော်အတွက် ငွေကျပ်ငါးရာသုံးဆယ့်ရှစ်သိန်းကျော် ပေးပို့ထောက်ပံ့ပေးပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ရာ ယင်းအဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်ကဆုံးဖြတ်ခဲ့သည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် မေးမြန်းသည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း၊ ပူတာအိုလမ်းကို ကျောက်ခင်းလမ်းအဖြစ် နိုင်ငံတော်အစိုးရက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း၊ တောင်နံရံချဲ့ခြင်း၊ အမာခံလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ India Exim Bank ချေးငွေနှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန်အတွက် ကနဦးလေ့လာမှုဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကံမမြို့နယ် မဒေးချောင်း မီးရထားလမ်းကူးတံတား ပျက်စီးမှုအား ပြန်လည်ပြုပြင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ခွင့်ပြုထားသော လုပ်ငန်းများမှ လုပ်ငန်းခေါင်းစဉ်လွှဲပြောင်းပြီး ဘဏ္ဍာငွေကျခံသုံးစွဲ၍ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် မေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ချီဖွေမဲဆန္ဒနယ်မှ
ဦးဇုံးတိန့်

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၏ ရွှေဘိုမြို့တွင် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရွှေဘိုမြို့ရှောင်လမ်း ဆောင်ရွက်ရန်အတွက် လမ်းအူကြောင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်အဖွဲ့များ စေလွှတ်ပြီး မြေပြင်တွင် အသေးစိတ်တိုင်းတာသွားမည် ဖြစ်ကြောင်း၊ တိုင်းတာမှုအရ အားနည်းချက်၊ အားသာချက်များကို စိစစ်၍ လမ်းအူကြောင်းကို ပြန်လည်ရွေးချယ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းသည့် ရခိုင်ပြည်နယ် မင်းပြား-မြေပုံလမ်းအား ကတ္တရာလမ်းခင်းမည့်အစီအစဉ်၊ ကြပ်စင်မြစ်ကူးတံတားဆောက်လုပ်မည့် အစီအစဉ်နှင့် ပြီးဆုံးနိုင်မည့် ခုနှစ်တို့ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြေပုံ-မင်းပြား လမ်းသည် ၂၄ မိုင် ၇ ဖာလုံ ရှည်လျားပြီး ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ကတ္တရာလမ်းခင်းခြင်း၊ ဖြူန်းကျောက်ခင်းခြင်း၊ မြေသားတာပေါင်တင်ခြင်း၊ တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း၊ သစ်သား တံတားကြမ်းခင်းလဲလှယ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်လျာထားကြောင်း၊ လုပ်ငန်းများဆောင်ရွက်ပြီးပါက ၂၀၁၆-၂၀၁၇ တွင် ကတ္တရာလမ်းအဆင့် ၆ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းအဆင့် ၁၈ မိုင် ၄ ဖာလုံ ရောက်ရှိမည်ဖြစ်ကြောင်း၊ ကတ္တရာလမ်းအဆင့် ရောက်ရှိရေးအတွက် နှစ်အလိုက် ရန်ပုံငွေတင်ပြပြီး ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ် ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၆**

ဖလမ်းမြို့ပေါ် ရေရရှိရေးအတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ ချထားပေးခြင်း မရှိပါကြောင်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်း ၁၅၀ ဖြင့် တစ်ရက်လျှင် ရေဂါလန် နှစ်သောင်းထွက်ရှိမည့် ရောလ်ဆဲတ်စမ်းချောင်း ၁၀ မိုင်မှ ၄ လက်မ ပီဗွီစီပိုက်ဖြင့် ရေသွယ် လုပ်ငန်းဆောင်ရွက်နေပါကြောင်း၊ ပြီးစီးပါက ဖလမ်းမြို့ပေါ်ရှိ အမှတ်(၁) နှင့် အမှတ်(၂)ရပ်ကွက်မှ လူဦးရေ ၁၁၈၈ ဦးအား ရေဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး လိုင်ဗားရေလှောင်တမံမှ ပိုက်လုံးဖြင့် ရေသွယ်ယူပေးရန် အစီအစဉ်မရှိပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးဇုန်လှယ်ထန်း၏ ဖလမ်းမြို့ပေါ်တွင် ရေအလုံအလောက် ရရှိနိုင်ရန်အတွက် လိုင်ဗားရေလှောင်တမံမှ ပိုက်လုံးကြီးများဖြင့် ရေသွယ်ယူနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းဝင်း



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးခင်မောင်လတ်

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ ရသေ့တောင်မြို့နယ် မိညိုထောင့်ကျေးရွာ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မိညိုထောင့်ကျေးရွာ ကမ်းပိုင်(ရေချိုတမံ)သည် ရသေ့တောင်မြို့နယ် မေယုတောင်ခြေရင်းအနီးရှိ ဆိပ်ကြီးချောင်းနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပြီး ဒေသခံပြည်သူလူထုအတွက် အမှန်တကယ်အကျိုးပြုပါက မြေပြင်အခြေအနေကို ကွင်းဆင်းစိစစ်၍ တည်ဆောက်မည့် ကုန်ကျစရိတ်နှင့် အသေးစိတ် အချက်အလက်များအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ၌ ဦးစားပေးအလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို မေ ၂၇ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြီးတန်းအရာရှိများ စွမ်းရည်တည်ဆောက်ရေးဆိုင်ရာသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၂၆**

လွှတ်တော်ရုံးအသီးသီးနှင့် အီတလီနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန အီတလီအမျိုးသားစီမံခန့်ခွဲမှု သင်တန်းကျောင်းတို့၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြီးတန်းအရာရှိများစွမ်းရည်တည်ဆောက်ရေးဆိုင်ရာ သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိဆောင်လွှတ်တော်သင်ကြားရေးဗဟိုဌာန ခန်းမဆောင်၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး အီတလီစီမံခန့်ခွဲမှုသင်တန်းကျောင်းမှ Ms. Renata Pavlov က သင်တန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး Giorgio ALIBERTI၊ အီတလီစီမံခန့်ခွဲမှုသင်တန်းကျောင်းမှ အလုပ်အမှုဆောင်ဒါရိုက်တာ Ms. Renata Pavlov နှင့် ဆရာ ဆရာမများ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် သင်တန်းသားလွှတ်တော်ကိုယ်စားလှယ် ၂၇ ဦးနှင့် အကြီးတန်းအရာရှိ ၃၆ ဦးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# စက်မှုဝန်ကြီးဌာနသည် ကလေးငယ်များအတွက် လိုအပ်သော(ဘီ)ပိုးကာကွယ်ဆေး လုံလောက်စွာ ထုတ်လုပ်ပေးနိုင်

**နိုင်ငံတကာအရည်အသွေး သတ်မှတ်ချက်အဆင့် ရရှိထားသော ကိုရီးယားနိုင်ငံ LGLS ကုမ္ပဏီနှင့် ပူးပေါင်းပြီး နိုင်ငံတော်မှ လိုအပ်လျက်ရှိသည့် ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော (ဘီ)ပိုး ကာကွယ်ဆေးများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်။**

ဒေါက်တာခင်ခင်ထွေး

၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် “မွေးကင်းစကလေးငယ်တိုင်း အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးနှံနိုင်ရန်” ဟူသော ရည်ရွယ်ချက်ဖြင့် WHO GMP Standard နှင့်ကိုက်ညီသော စက်ရုံကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ နှစ်နိုင်ငံသဘောတူညီမှု ရယူခဲ့ကြပါသည်။ ၂၀၀၂ ခုနှစ်တွင် စက်ရုံကို မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ CJ ကုမ္ပဏီတို့မှ စတင်၍ ပူးပေါင်းတည်ဆောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် စက်ရုံကို ကျန်းမာရေးဝန်ကြီးဌာနမှ ယခင်စက်မှု(၁) ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် ကာကွယ်ဆေးများကို Pilot Scale ဖြင့် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကာကွယ်ဆေး၏ အရည်အသွေးများကို စက်ရုံ၏ အရည်အသွေးထိန်းသိမ်းရေးဌာနအပြင် ကိုရီးယားနိုင်ငံ CJ ကုမ္ပဏီနှင့် ကိုရီးယား FDA ရုံးများတွင်လည်း တစ်ပြိုင်နက်တည်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းဌာနများတွင် အရည်အသွေးစစ်ဆေးမှု အောင်မြင်ပြီးနောက် လူကြီးနှင့် မွေးကင်းစကလေးငယ်များတွင် Cliical Trial ပြုလုပ်ခဲ့ရာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် စက်ရုံမှထုတ်လုပ်ထားသော ကာကွယ်ဆေးသည် မည်သည့် ဘေးဥပဒ်မျှမရှိဘဲ ခုခံမှုစွမ်းအားမှာ ၁၀၀ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ FDA ရုံးမှ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးအတွက် ထုတ်လုပ်ခွင့်လိုင်စင်ကို ရရှိပြီးနောက် ယနေ့အထိ လူကြီးဒို့စ်နှင့် ကလေးဒို့စ် သိန်းပေါင်းမြောက်မြားစွာကို ထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်ရုံသည်(ဘီ)ပိုးကာကွယ်ဆေးများကို စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချချိန်မှစ၍ ယနေ့အထိ WHO မှ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်ဝသော ကာကွယ်ဆေးများကိုသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ထို့ကြောင့် စတင်ဖြန့်ဖြူးရောင်းချချိန်မှစ၍ ယနေ့အထိ ကိုးနှစ်တာကာလအတွင်း ကာကွယ်ဆေးနှင့် ပတ်သက်ပြီး Customer Complain များ လုံးဝ(လုံးဝ) မရှိခဲ့ပါ။

ထို့အပြင် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်ပြီးသော ကာကွယ်ဆေးများကို လူတိုင်းယုံကြည်စိတ်ချစွာ မွေးကင်းစကလေးငယ်များမှစတင်၍ အရွယ်သတ်မှတ်ချက်မထားဘဲ ထိုးနှံသုံးစွဲနေကြပါသည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးမှ သားဖွားဆရာမများသည် မွေးကင်းစကလေးငယ်များအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ (ဘီ)ပိုးကာကွယ်ဆေးများမရှိတော့သည့်အတွက် စက်ရုံမှထုတ်လုပ်သော ကာကွယ်ဆေးများဖြင့် ကလေးငယ်များအတွက် ဝယ်ယူသုံးစွဲခဲ့ကြပါသည်။ တောင်ဥက္ကလာပမြို့နယ်မှ အများဆုံးဝယ်ယူခဲ့ပါသည်။ ကာကွယ်ဆေးထိုးပြီးသော ကလေးငယ်များတွင် ဘေးထွက်ဆိုးကျိုးနှင့် ကြုံတွေ့ခဲ့ရသူများ ယနေ့အထိ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။

အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထုတ်လုပ်သော စက်ရုံကို ၂၀၀၂ ခုနှစ်မှစတင်တည်ဆောက်ခဲ့သောကြောင့် ၁၀ နှစ်ကျော်သက်တမ်းရှိပြီးဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စက်ရုံ၏ ကာကွယ်ဆေးထုတ်လုပ်သည့် ပင်မအဆောက်အအုံကို GMP နှင့်အညီ ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း GMP Standardနှင့်အညီ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရန်အတွက် စက်အသစ်များ ဝယ်ယူဖြည့်တင်းခြင်းနှင့် Renovation များ ပြုလုပ်ခဲ့ပါသည်။

သို့သော်လည်း စက်စွမ်းအားမှာ နှစ်စဉ် ကလေးဒို့စ်ခုနစ်သန်းကို ထုတ်လုပ်နိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ စက်မှု(၁)ဝန်ကြီးဌာနသို့ စက်ရုံကို လွှဲပြောင်းခဲ့စဉ်က စာချုပ်တွင် ရေးသားခဲ့သော်လည်း အမှန်တကယ် ထုတ်လုပ်သည့်အခါ နှစ်စဉ် ကလေးဒို့စ်ခြောက်သိန်းခန့် ထုတ်လုပ်နိုင်ကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် နှစ်စဉ် ကလေးငယ်တစ်သန်းကျော် မွေးဖွားနေသော မြန်မာနိုင်ငံအတွက် လိုအပ်သော စက်စွမ်းအားအပြည့်ကို မထုတ်လုပ်နိုင်ပါ။ အကယ်၍ စက်စွမ်းအားကို မြှင့်တင်ရန်အတွက် လိုအပ်သော စက်ပစ္စည်းများအားလုံးကို အသစ်ဝယ်ယူ ဖြည့်တင်းမည်ဆိုပါက ထုတ်လုပ်လာသော ကာကွယ်ဆေး၏ ဈေးနှုန်းမှာလည်း မြင့်တက်သွားနိုင်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အတွင်း ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သော (ဘီ)ပိုးကာကွယ်ဆေးများ လုံလောက်စွာထုတ်လုပ်နိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် WHO Prequalification Certificate ရရှိထားသော ကိုရီးယားနိုင်ငံ LG Life Science (LGLS) ကုမ္ပဏီနှင့် ဆက်သွယ်ခဲ့ပါသည်။ LGLS သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်မှစ၍ မြန်မာနိုင်ငံအတွင်းသို့ Euvax B™ အမည်ဖြင့် (ဘီ)ပိုးကာကွယ်ဆေးများ တင်ပို့ရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ လက်ရှိတွင်လည်း LGLS ကုမ္ပဏီသည် ကမ္ဘာ့နိုင်ငံပေါင်း ၆၇ နိုင်ငံသို့ (ဘီ)ပိုးကာကွယ်ဆေးများကို Sanofi Pasteur မှတစ်ဆင့် UNICEF နှင့် Pan American Health Origanization (PAHO) အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြန့်ဖြူးနေပါသည်။

ထို့ကြောင့် စက်မှုဝန်ကြီးဌာနသည် စီးပွားရေးအရ တွက်ခြေကိုက်ပြီး အရည်အသွေးပြည့်မီသည့် (ဘီ) ပိုးကာကွယ်ဆေးကို ထုတ်လုပ်နိုင်ရန်အတွက် ယနေ့ အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးနေကြသော Ready to Fill (RTF) နည်းစနစ်ဖြင့်လည်း ကာကွယ်ဆေးများကို ထုတ်လုပ်ပါမည်။ LGLS မှ (ဘီ)ပိုးကာကွယ်ဆေး RTF Bulk ကိုဝယ်ယူ၍ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) မှ တစ်နှစ်လျှင် ကလေးဒို့စ်တစ်သန်းကို ထုတ်လုပ်နိုင်ပါသည်။ Demand ကို မူတည်၍လည်း စက်စွမ်းအားကိုမြှင့်တင်ပြီး ပိုမိုထုတ်လုပ်နိုင်အောင်လည်း ပြုလုပ်နိုင်ပါသည်။

ကျွန်မတို့အနေဖြင့် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)တွင် WHO မှ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီသည့် (ဘီ)ပိုးကာကွယ်ဆေးများကို လက်ရှိထုတ်လုပ်နေသော နည်းစဉ်အား မပျောက်ပျက်အောင် ထိန်းသိမ်းသည့်အနေဖြင့် စဉ်ဆက်မပြတ်ထုတ်လုပ်နေပါမည်။ တစ်ဖက်တွင်လည်း နိုင်ငံတကာအရည်အသွေးသတ်မှတ်ချက်အဆင့်ရရှိထားသော ကိုရီးယားနိုင်ငံ LGLS ကုမ္ပဏီနှင့် ပူးပေါင်းပြီး နိုင်ငံတော်မှ လိုအပ်လျက်ရှိသည့် ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော (ဘီ)ပိုးကာကွယ်ဆေးများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပါကြောင်း သိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ပါသည်။ ။

## လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး ဟောပြော

**ဘော်လခဲ မေ ၂၆**

ဘော်လခဲခရိုင် ဘော်လခဲမြို့တွင် မိဘပြည်သူများအန္တရာယ်ကင်းရှင်းရေးအတွက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ အသိပညာပေးဟောပြောပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဆေးဝါးပစ္စည်းများနှင့်ပတ်သက်သော သိကောင်းစရာများကို စားသုံးသူကာကွယ်ရေးအဖွဲ့ ဒေါက်တာစုသီရိနှင်းက လည်းကောင်း၊ အလှကုန်ပစ္စည်းများ သိကောင်းစရာများကို ဒေါ်နန်းမေသန်းနုက လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနက ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက အစားအသောက်နှင့် စားသုံးကုန်ပစ္စည်းများ ဆောင်ရန်၊ ရှောင်ရန်များကို အသီးသီးရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ပြည်သူများက သိရှိလိုသောအကြောင်းအရာများကို ပြန်လည်ဆွေးနွေးပြီး ဒေါက်တာစုသီရိနှင်းနှင့် ဦးခမ်လျန်စွမ်းက အသေးစိတ်ပြန်လည်ရှင်းပြခဲ့သည်။ ယင်းနောက် မြို့မဈေးတွင် ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်၊ အလှကုန်ပစ္စည်းများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ရဲရင့်နိုင်)**






## အပြည်ပြည်ဆိုင်ရာကရာတေးအဖွဲ့ မန္တလေးသင်တန်းသားများအား လေ့ကျင့်သင်ကြားပေး

**မန္တလေး မေ ၂၆**

အပြည်ပြည်ဆိုင်ရာ ကရာတေးအဖွဲ့ (Kyokushinkia-Kan) အာရှအလယ်ပိုင်း ဥက္ကဋ္ဌ Shihan Peter Chong မန္တလေးသင်တန်းသားများအား လာရောက်လေ့ကျင့်သင်ကြားပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ် ချမ်းမြသုခလူမှုကူညီရေးအသင်း ကရာတေးခန်းမတွင် ကျင်းပသည်။

အဆိုပါ နွေရာသီ မန္တလေးသင်တန်းခွဲတွင် သင်တန်းသား သင်တန်းသူ ၁၂၈ ဦးတက်ရောက်လျက်ရှိပြီး ယနေ့ အာရှအလယ်ပိုင်းဥက္ကဋ္ဌ မြန်မာနိုင်ငံအဖွဲ့ခေါင်းဆောင် Shihan မင်းလွင် နှင့်ကရာတေးဆရာများ လာရောက်လေ့ကျင့်ပေးခြင်းဖြစ်သည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကိုမေးမြန်းရာ ဥက္ကဋ္ဌ Shihan Peter Chong က “ကရာတေး (Kyokushinkia-Kan) ကစားနည်းကို ၂၀၂၀ အိုလံပစ်ပြိုင်ပွဲမှာ ထည့်သွင်းကစားတော့မှာပါ။ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်အနေဖြင့်လည်း တံခါးဖွင့်ထားဖို့လိုပါတယ်။ Sport ကရာတေးအမှတ်ပေးနည်းအတိုင်း ကျွန်တော်တို့ ဝင်ပြိုင်မှာပါ။ ကစားနည်းတစ်ခုကို ဘောင်ခတ်ထားလို့မရပါဘူး။ မြန်မာနိုင်ငံက ကလေးတွေ ကရာတေး (Kyokushinkia-Kan) ကို စိတ်ဝင်တစားကစားကြလို့ နောင်ဆို နိုင်ငံအတွက်လက်ရွေးစင် ကစားသမားတွေ အများကြီးပေါ်ထွက်လာမှာ ဖြစ်ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

ကရာတေးမှာ Sport ကရာတေး အမှတ်ပေးစနစ်နှင့် (Kyokushinkia-Kan) အလဲထိုးအလဲကန် စနစ် နှစ်မျိုးရှိပြီး လက်ရှိအိုလံပစ်ပြိုင်ပွဲများတွင် အမှတ်ပေးစနစ်ကစားနည်းသာ ပြိုင်ပွဲဝင်လျက်ရှိသည်။ (Kyokushinkia-Kan)ကစားနည်းမှာ ပြိုင်ပွဲဝင် အားကစားနည်းတစ်ခုတည်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာကိုပါသင်ကြားတာဖြစ်ပြီး ဘဝမှာ ဘယ်လိုနေထိုင်ပေါင်းသင်းမလဲဆိုတာတွေကိုပါသင်ကြားခြင်း၊ သူရဲကောင်းစိတ်ဓာတ်ရှိအောင် သင်ကြားပေးခြင်း၊ သမာဓိရှိအောင် သင်ကြားခြင်းတွေ လေ့ကျင့်ပေးတဲ့ ကိုယ်ခံပညာကစားနည်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ကရာတေး (Kyokushinkia-Kan) ကစားသူ ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

**(ဘဦး)**

# ဦးကိုကိုကြီးနှင့် တွေ့ဆုံခြင်း

ကျော်ဒင်အောင်(သာယာဝတီ)




အရှေ့တောင်အာရှလေ့လာရေးအဖွဲ့ (Institute of Southeast Asian Studies -ISEAS) မှ ဖိတ်ကြားချက်အရ ဦးကိုကိုကြီး (၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)က စင်ကာပူနိုင်ငံသို့ မေ ၂၀ ရက်၌ တက်ရောက်ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများ မည်သည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သလဲ၊ မြန်မာပြည်အစိုးရသစ်၏ စိန်ခေါ်မှုများ၊ ရင်ဆိုင်နေရသည့်အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ စီးပွားရေး၊ လူမှုရေး စသည့် ဆွေးနွေးချက်များကို ဦးကိုကိုကြီးအား မေးမြန်းတင်ပြထားပါသည်။

**ပါဝင်ဆွေးနွေးသူများနှင့် အစီအစဉ်သုံးရပ်**

စင်ကာပူနိုင်ငံ အရှေ့တောင်အာရှလေ့လာရေး (Institute of Southeast Asian Studies -ISEAS) ဆိုတဲ့ အဖွဲ့ကနေပြီးတော့ မြန်မာဖိုရမ်ဆိုတဲ့ခေါင်းစဉ်နဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဖိတ်ကြားတာဖြစ်တယ်။ ကဏ္ဍအသီးသီးအတွက် ဖိတ်ကြားတဲ့အထဲမှာ သမိုင်းနဲ့ယဉ်ကျေးမှုဆိုင်ရာ နောက်ခံအကြောင်းအရာတွေနဲ့ပတ်သက်လို့ ဆွေးနွေးပွဲ အစီအစဉ်တစ်ခုအနေနဲ့ ကျင်းပတယ်။ ပါဝင်ဆွေးနွေးသူတွေက Maitrii အောင်သွင် (စင်ကာပူအမျိုးသားတက္ကသိုလ်တွဲဖက်ပါမောက္ခ)၊ Paul CHEUNG (စင်္ကာပူ အမျိုးသားတက္ကသိုလ်ပါမောက္ခ)၊ ဒေါက်တာကျော်ရင်လှိုင် (Centre for National Harmony and Diversity, Myanmar) အဖွဲ့က ညွှန်ကြားရေးမှူးအနေနဲ့ ဖိတ်တာဖြစ်တယ်။ မေသွေးကို Yangon Heritage, Myanmar ဒေါက်တာသန့်မြင့်ဦးတို့ရဲ့ ရန်ကုန်သမိုင်းဝင် အမွေအနှစ်များ ထိန်းသိမ်းရေးအဖွဲ့က ပြည်ပဆက်ဆံရေးအရာရှိပါ။ သူတို့နဲ့ သမိုင်းနဲ့ယဉ်ကျေးမှုဆိုင်ရာ ခေါင်းစဉ်နဲ့ ဆွေးနွေးပွဲ ပထမပိုင်းကျင်းပပါတယ်။ အဲဒါပြီးတော့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု (Political Evolution) ခေါင်းစဉ်နဲ့ ဆွေးနွေးတဲ့အထဲမှာတော့ လင်းထက်အောင် (နိုင်ငံတကာဆက်ဆံရေးဌာန၊ အရှေ့ပိုင်းတက္ကသိုလ် လက်ထောက်ကထိက)၊ မင်းဇင်(နိုင်ငံရေးသိပ္ပံဌာန၊ ကယ်လီဖိုးနီးယား ဘာကလေတက္ကသိုလ်)၊ ပါမောက္ခ ချောချောစိန် (နိုင်ငံတကာဆက်ဆံရေးဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးတင်မောင်မောင်သန်း ဖိတ်ကြားတဲ့ ISEAS အရှေ့တောင်အာရှလေ့လာရေး အင်စတီကျုက ပညာရှင်တို့ ပါဝင်ဆွေးနွေးပါတယ်။

တတိယပိုင်းအစီအစဉ်က စီးပွားရေးနဲ့လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ခေါင်းစဉ်နဲ့၊ ဒေါက်တာဇော်ဦး MDRM မြန်မာဖွံ့ဖြိုးရေးနဲ့ သုတေသနအင်စတီကျု အမှုဆောင်ဒါရိုက်တာ၊ GIZ က ဦးစံသိန်း၊ Mary CALLAHN (ဝါရှင်တန်တက္ကသိုလ်၊ တွဲဖက်ပါမောက္ခ)၊ Michael MCGOVERN (မီချီကန်တက္ကသိုလ်တွဲဖက်ပါမောက္ခ) တို့နဲ့ ဆွေးနွေးကြတယ်။

နောက်တစ်ခါ မြန်မာရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့ Myanmar's International Relations ခေါင်းစဉ်နဲ့ ဒေါက်တာအောင်မျိုး (Japan နိုင်ငံ International University) က ညွှန်ကြားရေးမှူး၊ Shell Myanmar Energy က အစိုးရဆက်ဆံရေးအရာရှိ၊ Andrew LEE GE Myanmar က ဌာနေကိုယ်စားလှယ်တာဝန်ခံ၊ Christoper TAN- Chon Son OCBC Bank က ပုဂ္ဂိုလ်ပါတယ်။ သူတို့တွေ မြန်မာရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်လို့ ဆွေးနွေးပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံမှာစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းဆိုတဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး Dairy Business in Myanmar ဆိုတဲ့ ခေါင်းစဉ်နဲ့ Wong Yit Fan (Emerging Market Entrepreneurs Wachirachai KOONAWATTANA သူက ကျွန်တော်တို့ နိုင်ငံမှာ အခု SCG တံဆိပ်နဲ့ ဘိလပ်မြေတွေ ရောင်းချနေတယ်။ မော်လမြိုင်ဆေးရုံဆောက်ထားတယ်။ SCG အဖွဲ့က Strategic Management Director Jean Loi VDB-LOI ကုမ္ပဏီက Managing Partner Serge PUN က ဖိတ်ထားပေမယ့် မလာနိုင်လို့ သူ့ကော်မတီက တစ်ယောက်လာတယ်။ ကျွန်တော်ဒီမှာရှိတဲ့ရိုးမဘဏ်က Winston Set-AUNG ဖိတ်ထားပေမယ့် သူကမလာနိုင်ဘူး။ သူတို့အခန်းကဏ္ဍအလိုက်ဆွေးနွေးပွဲတွေပြီးတဲ့ အခါမှာ ကျွန်တော့်ကို အထူးဖိတ်ကြားထားသော ဧည့်သည် Distinguished Speaker အဖြစ်နဲ့ ဖိတ်တယ်။ ကျွန်တော်ရဲ့ ဖြတ်သန်းမှုနဲ့ လက်ရှိနိုင်ငံရေး အခြေအနေအပေါ်မှာ အမြင်သုံးသပ်ချက်တွေ၊ အဲဒါတွေကို ဆွေးနွေးဟောပြောပြီးတဲ့အချိန်မှာ အမေးအဖြေကဏ္ဍအတွက် Moderator အဖြစ် ဆောင်ရွက်တဲ့ပုဂ္ဂိုလ်က အရင်က အာဆီယံအတွင်းရေးမှူးချုပ်တာဝန်ယူခဲ့တဲ့ ONG Keng Yong ဖြစ်ပါတယ်။ သူက လက်ရှိအခြေအနေမှာ နန်းရန်းနည်းပညာတက္ကသိုလ်ရဲ့ ဒုတိယအမှုဆောင်ဥက္ကဋ္ဌ ဖြစ်ပါတယ်။ သူကပွဲကို စီစဉ်ပေးတယ်။ ပွဲဖြစ်စဉ်အစအဆုံးပေါ့။ ကဏ္ဍအလိုက် မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းဆိုင်ရာ လူမှုရေးအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အစရှိသဖြင့် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ ခေါင်းစဉ်အလိုက် ဟောပြောဆွေးနွေးမှုတွေ လုပ်ပါတယ်။

**ပြန်လွတ်လာတဲ့အချိန် ဒေါ်အောင်ဆန်းစုကြည်လည်း နေအိမ်အကျယ်ချုပ်ဖြစ်နေတော့**

ကျွန်တော်ကတော့ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိပြီးခဲ့တဲ့ ရွေးကောက်ပွဲရဲ့ အောင်ပွဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အားလုံး ဝမ်းသာအားရဖြစ်ကြတယ်။ ဒီရလဒ်ဆိုတာကလည်း မျိုးဆက်တွေနဲ့ချီပြီးတော့ အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး ရုန်းကန်လှုပ်ရှားခဲ့တာတွေ အားလုံးရဲ့ အသီးအပွင့်ဖြစ်တယ်ဆိုတာကို အဲဒါကို ကျွန်တော်ပြောပြတယ်။

ကျွန်တော့်ကိုဖိတ်တာလည်း ၈၈ မျိုးဆက်အထွေထွေအတွင်းရေးမှူးတစ်ယောက်အနေနဲ့ ဖိတ်ကြားတာဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ထူးခြားတဲ့ ကျောင်းသားလှုပ်ရှားမှုရဲ့ အခန်းကဏ္ဍကို ပြောကြတယ်။ ဒီနေ့ဒီချိန်အထိ အမျိုးသားအောင်ပွဲနေ့အဖြစ်ကျင်းပနေတဲ့ နေ့ရက်ကိုယ်နှိုက်က ပထမကျောင်းသားသပိတ် အင်္ဂလိပ်ကိုဆန့်ကျင်ခဲ့တဲ့နေ့ကို အစွဲပြုပြီး အကြောင်းပြုပြီးတော့ ဒီနေ့ဒီချိန်အထိ အမျိုးသားအောင်ပွဲနေ့အဖြစ် ကျင်းပနေရတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ ကျောင်းသားလှုပ်ရှားမှုတွေရဲ့ သမိုင်းဝင်အရေးပါမှု၊ ၁၉၃၆၊ ၁၉၃၈၊ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်စဉ်တွေ တစ်လျှောက်လုံး ကျွန်တော်တို့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ ကျောင်းသားတွေရဲ့ အခန်းကဏ္ဍ၊ ပြီးတော့ တစ်နိုင်ငံလုံးပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ အောင်ပွဲရခဲ့တဲ့အကြောင်းတွေ ပြောပြတယ်။

၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးတဲ့အချိန်မှာ ကျောင်းသားသမဂ္ဂအဆောက်အအုံ ဖျက်ဆီးခံခဲ့ရတယ်။ အဲဒီအချိန်ကစပြီး မြေအောက်ပုံစံမျိုးဖြစ်သွားခဲ့တယ်။ နိုင်ငံဟာလည်း တဖြည်းဖြည်းနဲ့တပ်ကအာဏာသိမ်းပြီး နောက်ပိုင်း အာဏာရှင်စနစ်နဲ့တိုင်းပြည်ဟာ တဖြည်းဖြည်း ဆင်းရဲသထက်ဆင်းရဲလာပြီး နောက်ဆုံးမှာ ရှစ်လေးလုံး အရေးတော်ပုံကြီးပေါက်ကွဲ၊ ပေါ်ပေါက်လာတယ်။ ၁၉၆၂၊ ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ခုနှစ်တွေမှာ တောက်လျှောက် ကျောင်းသားလှုပ်ရှားမှုတွေလုပ်လာပြီးတော့ နောက်ဆုံး ၁၉၈၇ ခုနှစ်ငွေစက္ကူအရေးအခင်း အစကနေ ရှစ်လေးလုံး အရေးတော်ပုံကြီးအထိ ဖြစ်စဉ်၊ ကျောင်းသားလှုပ်ရှားမှုတွေနဲ့ပတ်သက်တာကို ကျွန်တော်ရှင်းပြတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အချိန်မှာ ပြည်သူတွေရဲ့အခန်းကဏ္ဍ ဘယ်လောက်ကြီးမားတယ်ဆိုတာကို ကျွန်တော်ရှင်းပြတယ်။

ကျွန်တော်တို့တွေ ကျောင်းစာသင်ခန်းတွေထဲကနေပြီးတော့ နိုင်ငံရေးထဲ ပါဝင်ဆောင်ရွက်လာရင်းနဲ့ အဖမ်းအဆီးတွေခံရ၊ နောက်ဆုံးအားလုံးပေါင်းလိုက်ရင် ကျွန်တော်ဆိုရင် ၁၈ နှစ်ကျော်ကျော် အကျဉ်းထောင်တွေမှာ ကျပြီးတော့ အပြင်ကိုရောက်၊ ပြန်လွတ်လာတာနဲ့ နိုင်ငံရေးလိုအပ်ချက်ကို ကျွန်တော်တို့ဆောင်ရွက်ခဲ့တယ်ပေါ့။

၂၀၀၅ ပြန်လွတ်တဲ့အချိန်တုန်းကဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း နေအိမ်အကျယ်ချုပ်နဲ့ ဖြစ်နေတော့ အဲဒီအချိန်မှာ လူထုကိုစည်းရုံးလှုံ့ဆော်တဲ့ ကမ်ပိန်းတွေအမျိုးမျိုး ကျွန်တော်တို့ဆောင်ရွက်ခဲ့တယ်။ အဓိကကတော့ အဲဒီအချိန်တုန်းက ဖွဲ့စည်းပုံကို တစ်ဖက်သတ်ရေးဆွဲနေတဲ့ ညောင်နှစ်ပင်ညီလာခံကို ကျွန်တော်တို့ ပြောင်ပဲဝေဖန်ခဲ့တယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့ ထပ်ပြီးအဖမ်းခံရတယ်။

ပြန်လွတ်လာပြီးတဲ့အချိန်မှာ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ဒေါ်အောင်ဆန်းစုကြည်က ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ဖို့ ဆုံးဖြတ်တာကို ကျွန်တော်တို့ဝိုင်းပြီး ထောက်ခံပံ့ပိုးကူညီခဲ့တယ်။ နောက်ပြီး ဖွဲ့စည်းပုံ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း တစ်နိုင်ငံလုံး လှုပ်ရှားမှုတွေ၊ ဆော်ဩမှုတွေလုပ်တယ်။ လက်မှတ်ကောက်ယူမှုတွေ ကျွန်တော်တို့တစ်တွေ လုပ်ခဲ့ကြတယ်။ အခုနောက်ဆုံးရွေးကောက်ပွဲ အောင်နိုင်ရေးအထိ တစ်နိုင်ငံလုံးအနှံ့လိုက်ပြီး ကျွန်တော်တို့ဆောင်ရွက်ခဲ့တဲ့ အကြောင်းတွေ ပြောပြတယ်။

**ပြည်သူက မျှော်လင့်ချက်ကြီးကြီးမားမားနဲ့ မဲပေးခဲ့ကြသလို၊ လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲကို စိတ်ရှည်သည်းခံပြီး NLD အစိုးရ အောင်မြင်ဖို့အတွက်**

ရွေးကောက်ပွဲပြီးတဲ့အချိန်မှာ အခွင့်အလမ်းတွေရော စိန်ခေါ်မှုတွေရော ကျွန်တော်တို့မှာ အများကြီး ပေါ်ပေါက်လာတယ်။ စိန်ခေါ်မှုတွေပြောရင် မြင်သာထင်သာတဲ့ဟာတွေက လွှတ်တော်ထဲမှာ တပ်မတော် ၂၅ ရာခိုင်နှုန်းတို့၊ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေကို ကိုင်ထားတာတွေ အစရှိသဖြင့် စစ်ဘက်အရပ်ဘက် ဆက်ဆံရေးကို ပုံမှန်အခြေအနေပြန်ရောက်အောင် လုပ်ရမယ့်ဟာတွေရှိတယ်။ နောက်တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းဖို့ ကိစ္စတွေရှိတယ်ဆိုတော့ အခွင့်အလမ်းလို့ပြောရင်လည်း ရွေးကောက်ပွဲမှာ ပြည်သူတွေက အားတက်သရောနဲ့ ထောက်ခံလိုက်တဲ့အတွက်ကြောင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၈၀ ရာခိုင်နှုန်းလောက် အနိုင်ရလိုက်တယ်။ ဒါကြောင့် ဥပဒေတစ်ခုကို လက်ရှိ တည်ဆဲဥပဒေတွေကို ထက်ဝက်ကျော် ဆန္ဒမဲနဲ့ ဖျက်ပစ်လို့ရတယ်။ ပြင်ဆင်လို့ရတယ်။ အသစ်ပြဋ္ဌာန်းလို့ရတယ်။ ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးက လွဲပြီးတော့ နေ့စဉ်လူထုနဲ့ ဆက်ဆံနေတဲ့ မြေယာကိစ္စ၊ အလုပ်သမား လုပ်ခလစာ၊ ရင်းနှီးမြှုပ်နှံမှုဘဏ်တို့၊ လူမှုရေးကဏ္ဍတွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးတို့လို ဥပဒေမျိုးတွေ၊ သာမန်ဥပဒေအားလုံးဟာ ထက်ဝက်ကျော် ဆန္ဒမဲနဲ့ ပြင်လို့ရတယ်။

ဒါဟာ အနိုင်ရပါတီရဲ့ ရောမအခွင့်အလမ်းတစ်ခုပဲဆိုတာ ကျွန်တော်ထောက်ပြတယ်။ ဆိုတော့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေကို အကောင်အထည်ဖော်မယ့် အစိုးရကလည်း အနိုင်ရပါတီပဲဖြစ်တဲ့အတွက်ကြောင့် ဥပဒေပြဋ္ဌာန်းတာရော၊ ဥပဒေအကောင်အထည်ဖော်မှာ ရော အားလုံးဟာ NLD အတွက် စိတ်ကြိုက်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းရှိတယ်။

တစ်ဖက်ကလည်း ပြည်သူတွေက သိပ်မျှော်လင့်ချက်ကြီးကြီးမားမားနဲ့ မဲပေးခဲ့ကြသလို လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲကိုလည်း သူတို့အင်မတန်ကို စိတ်ရှည်သည်းခံပြီးတော့ NLD အစိုးရအောင်မြင်ဖို့အတွက် သူတို့မျှော်လင့်ခဲ့ကြတယ်။ ဥပမာ အခုလျှပ်စစ်မီးပြတ်တောက်မှုဆိုရင် တော်တော်ဆိုးဆိုးရွားရွားဖြစ်တယ်။ နေ့စဉ်ကြုံတွေ့နေရတဲ့ ကားလမ်းပိတ်ဆို့မှု၊ ယာဉ်ကြောပိတ်ဆို့မှုတွေက အစပေါ့။ ကျွန်တော်ဆိုရင် ကျွန်တော့်အတွက် မီးပျက်တာဟာ သည်းညည်းခံနိုင်တယ်။ ဘာကြောင့်ဆိုထောင်ထဲမှာ အကြာကြီးနေခဲ့တယ်။ ထောင်ကကျွန်တော့်ရဲ့ ဒုတိယအိမ်ဖြစ်နေတယ်။ ဒါကိုယ်တွေ့ဖြစ်စဉ်လေးကိုပြောပြတာ၊ ကျွန်တော့်သမီးလေးဆိုရင် ကိုးလအရွယ် မီးပျက်တာနဲ့ အော်ပြီးငိုပြီဆိုတော့ တစ်ညလုံးယပ်တောင်တစ်ချောင်းကို ကိုင်ပြီး ယပ်ခပ်နေရတယ်။ ဆိုတော့ အဲဒီလိုကြားထဲကပဲ NLD အစိုးရအောင်မြင်ဖို့အတွက်ကို ပြည်သူတွေက သည်းညည်းခံခဲ့ကြတယ်။ ဒါတွေအားလုံးကလည်း ဒါအခွင့်အလမ်းပဲ။

**လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေကအစ အစိုးရသစ်အပေါ်မှာ မျှော်လင့်နေတာ အခွင့်အလမ်းပေါ့။**

ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ လက်မှတ်မထိုးတဲ့အဖွဲ့တွေကိုယ်တိုင်က ရွေးကောက်ပွဲနီးကပ်တဲ့အချိန်မှာ သူတို့သဘောထားတွေပြောကြတယ်။ ရွေးကောက်ပွဲအပြီး အစိုးရလက်ထက်မှာတော့ သူတို့ငြိမ်းချမ်းရေးကို လုပ်နိုင်လိမ့်မယ်ဆိုပြီးတော့ လက်မှတ်မထိုးတာ။ ကိုယ်တိုင်က ဒီအစိုးရသစ်ကို မျှော်လင့်ပြီးတော့ မထိုးဘူးဆိုတဲ့ သဘောမျိုးတွေ၊ ဒါအစိတ်အပိုင်းတစ်ခု။

အစိုးရသစ်အတွက် ငြိမ်းချမ်းရေးကို လုပ်မယ်ဆိုရင် တောင်မှ ယုံကြည်မှုပါ။ လက်မှတ်မထိုးသေးတဲ့အဖွဲ့အစည်းတွေကအစ အစိုးရသစ်အပေါ်မှာ မျှော်လင့်နေကြတာတွေရှိတယ်။ ဒါတွေဟာ အခွင့်အလမ်းတွေပါ။ အဲဒါတွေကို သူတို့ ဘယ်လောက်ထိထိရောက်ရောက်အသုံးချနိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်တယ်။ ကျွန်တော်တို့နိုင်ငံမှာ စိန်ခေါ်မှုတွေရှိတယ်ဆိုပေမယ့် တစ်ဖက်က ခုနကပြောတဲ့ အခွင့်အလမ်းကောင်းတွေ အမြောက်အမြားရှိနေတယ်။ ဒါတွေကို မိမိရရအသုံးချနိုင်ဖို့ပဲလိုတယ်လို့ ကျွန်တော်မြင်တဲ့အကြောင်း ပြောပြတယ်။

**မဟာမိတ်ဆက်ဆံရေး**

မဟာမိတ်စုဖွဲ့မှုနဲ့ ပတ်သက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကိုယ်နဲ့အရင်တုန်းက ရန်သူလိုမျိုး တစ်ဖက်စီနေခဲ့တဲ့သူတွေနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးစားနေတဲ့တစ်ချိန်တည်းမှာပဲ ကိုယ်နဲ့နှစ်ပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့တဲ့ မဟာမိတ်ဟောင်းတွေနဲ့ မဟာမိတ်စုဖွဲ့မှုပါ။ ရင်းနှီးတဲ့ဆက်ဆံရေးကို ထိန်းသိမ်းထားဖို့၊ ဒါလည်း အရေးကြီးတယ်ဆိုတာကို ကျွန်တော်ပြောပြတယ်။

**လူမျိုးနဲ့ ဘာသာကို ရောထွေးမဖြေရှင်းနဲ့**

ကျွန်တော်ဆွေးနွေးမှုတွေ၊ ဟောပြောမှုတွေပြီးတဲ့အခါမှာ မေးခွန်းတွေတက်လာတယ်။ ကျွန်တော့်ဖြတ်သန်းမှုနဲ့ မေးတာရှိတယ်။ နောက်တစ်ခုကတော့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့ပတ်သက်ပြီး ဘာသာရေး၊ လူမှုရေးကိစ္စလိုဟာမျိုးတွေ၊ ဝမ်းမြန်မာဆိုပြီးတော့ မြန်မာတစ်ခုတည်းဆိုတဲ့ အမှတ်အသားသရုပ်ဖြစ်အောင် ဘယ်လိုဆောင်ရွက်ဖို့ အစီအစဉ်ရှိသလဲဆိုတာ မေးပါတယ်။

ကျွန်တော်ကတော့ လူမျိုးနဲ့ ဘာသာ အဲဒီနှစ်ခုကို မရောထွေးဖို့အရေးကြီးတယ်ဆိုတာကို ပြောပြတယ်။ အဲတော့ ကျွန်တော်တို့က လူမျိုးရေးကိစ္စဖြစ်တဲ့ တချို့ဟာတွေကို ဒါကို လူမျိုးရေးကိစ္စ၊ နိုင်ငံသားဖြစ်မှုကိစ္စတွေနဲ့ ဖြေရှင်းဖို့လိုတယ်။

အဲဒါကို ဘာသာရေးပုံစံနဲ့ ကိုင်တွယ်လိုက်လို့ရှိရင် ပိုပြီးရှုပ်ထွေးသွားနိုင်တယ်ဆိုတာကို ကျွန်တော်ပြောပြတယ်။

**ရင်းနှီးမြှုပ်နှံသူတွေအတွက် ပီသုံးလုံး**

ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အစိုးရသစ်နဲ့ ဘယ်လိုဆက်ဆံရမလဲဆိုတာနဲ့ပတ်သက်လို့ ကျွန်တော်ကတော့ သရီးပီဆိုတဲ့ အယူအဆကိုပြောပြတယ်။ ထိုင်းကစီးပွားရေးလုပ်ငန်းရှင် မိတ်ဆွေတချို့ရှိတယ်။ သူတို့က ဒီရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါမှာ ပီသုံးလုံးမူဝါဒ၊ ပထမပီကတော့ (Profit) အမြတ်အစွန်းရဖို့၊ စီးပွားရေးလုပ်တယ်ဆိုတာ အမြတ်အစွန်းရချင်လို့လုပ်တာ ဒါသဘာဝကျတယ်။ ဒုတိယပီကတော့ (People)ပြည်သူတွေအတွက် အကျိုးအမြတ်ရှိရမယ်။ သူတစ်ယောက်တည်း အမြတ်အစွန်းရပြီးတော့ ပြည်သူတွေရဲ့ဘဝတွေ နစ်နာဆုံးရှုံးသွားတယ်ဆိုရင် ဒီဟာကလည်း တရားမျှတတဲ့ စီးပွားရေးလုပ်ငန်းမဟုတ်ဘူး။ ပြည်သူတွေဆိုတဲ့အခါမှာ လုပ်ငန်းဆောင်ရွက်တဲ့ ဒေသခံပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝကို အကျိုးကျေးဇူးဖြစ်ထွန်းဖို့လိုတယ်။ နောက်ဆုံးပီကတော့ (Planet)ကမ္ဘာမြေ။ ဒါက သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တယ်။ ကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်အောင် ထိခိုက်မှုအတတ်နိုင်ဆုံးလျှော့ချမှုနဲ့ ပြန်ပြီးကုစားပေးဖို့ အစီအစဉ်တွေရှိသင့်တယ်။ သရီးပီပေါ်လစီနဲ့လုပ်မယ်ဆိုရင်တော့(Win-Win)ပေါ့။ နှစ်ဖက်စလုံးအကျိုးရှိနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေဖြစ်မယ်လို့ ကျွန်တော်ပြောပြခဲ့ပါတယ်။

စင်ကာပူရောက်မြန်မာမိသားစုတွေနဲ့ တွေ့ဆုံပြီးတော့ လက်ရှိမြန်မာနိုင်ငံအခြေအနေတွေကိုလည်း အလားတူပဲ ပြောပြဆွေးနွေးဖြစ်တယ်။ ။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာတို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda အား တွေ့ဆုံစဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၆**
ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာတို့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ လက်နက်မှောင်ခိုမှုများပပျောက်ရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က လိပ်ကျွန်းဖြစ်စဉ်တွင် ပါဝင်သော မြန်မာနိုင်ငံသားနှစ်ဦးနှင့်စပ်လျဉ်း၍ တတိယနိုင်ငံ ပါဝင်နေသဖြင့် အခြေအနေမှန်အား လေ့လာသုံးသပ်ဆောင်ရွက်စေလျက်ရှိကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda နှင့် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မေ ၂၅ ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ Thai Bev Group Industry (Oishi Group) ကုန်ထုတ်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။


Oishi Group ကုန်ထုတ်လုပ်ငန်းသည် Thai Beverage Group ၏ လက်အောက်ခံလုပ်ငန်းခွဲတစ်ခုဖြစ်ပြီး Alcohol မပါသည့် အချိုရည်ထုတ်ကုန်လုပ်ငန်းကိုတိုးချဲ့ရန် အဓိက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်ဒေသမှ ထွက်ရှိသည့် လက်ဖက်ကုန်ကြမ်းဖြင့် Green Tea အဆင့်မြင့်ဖျော်ရည်အမျိုးမျိုးကို ထုတ်လုပ်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး စက်ရုံများမှ လစဉ် ဖျော်ရည်ဘူးမျိုးစုံ ၇၅ သန်းခန့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**(မြဝတီ)**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မေ ၁၉ ရက်က နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် အနုသုခုမဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



မေ ၂၄ ရက် နံနက်ပိုင်းက လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ရွဲလမ်းထောင့်ရှိ မူတိုင်ဘုရားကျောင်းက ရေရှားပါးအရပ်ဒေသများတွင် အဝီစိစက်ရေတွင်းတူးရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးသိန်းဦးတို့ လက်ခံရယူခဲ့စဉ်။ (ကြေးမုံ)

# ကလေးများနှစ်သက်ဖွယ်ရာ ခံစားမှုရသပေါင်းစုံနှင့် သင်ခန်းစာများ ပေးစွမ်းနိုင်သော ရွှေသွေးဂျာနယ်အထူးထုတ်(၂၀၁၆)ထွက်ရှိ

**ရန်ကုန် မေ ၂၆**
စာပေဗိမာန်သည် ကလေးသူငယ်များအတွက် ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို ၄-၁-၁၉၆၈ ရက်မှစ၍ အပတ်စဉ်စနေနေ့တိုင်း ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ မြန်မာနိုင်ငံ ကလေးစာပေလောကတွင် သက်တမ်းအရှည်ကြာဆုံး ဂျာနယ်တစ်စောင်ဖြစ်သည့်အပြင် ကလေး၊ လူကြီးအားလုံး စွဲမက်စွာဖတ်ရှုအားပေးသော ဂျာနယ်တစ်စောင်လည်းဖြစ်သည်။ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော စာပေဗိမာန်သည် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်အပြင် ယခုအခါ ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၁၆) ကိုထုတ်လုပ်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၁၆)တွင် ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ သုတဆောင်းပါး၊ ကာတွန်းဇာတ်လမ်းတို့ပါဝင်ပြီး ကလေးများအတွက် သုတရသစုံလင်စွာ တင်ဆက်ထားသည်။ ကဗျာနှစ်သက်သူကလေးငယ်များအတွက် အကြောင်းအရာမျိုးစုံကို ရေးဖွဲ့ထားသော ကဗျာအပုဒ်ပေါင်း ၃၀ ထည့်သွင်းပေးထားသည်။ ထို့ထက်ပို၍ ထူးခြားကောင်းမွန်သည်မှာ ရွှေသွေးဂျာနယ်တွင် ယခင်ကရေးဆွဲခဲ့သော နာမည်ကျော်ကာတွန်းပန်းချီဆရာကြီးဦးဘကြည်၊ ဆရာကြီးဦးသန်းကြွယ်၊ ဆရာကြီး က. ဆ၊ ဆရာကြီး ဦးစိန်တို့၏ လက်ရာမွန်များကို ပြန်လည်တင်ဆက်ထားခြင်းပင်ဖြစ်သည်။

ဆရာကြီး ဦးဘကြည်၏ **"ပျက်အစဉ် ပြင်ခဏ၊ အကြောင်းရှိမှ တန်ဖိုးသိ၊ စာမတတ်လျှင်၊ နွံနှစ်ပတ္တမြား"**စသည့် ခံစားမှုရသမျိုးစုံနှင့် သင်ခန်းစာများ ဖော်ထုတ်ပေးသော ဇာတ်လမ်းကောင်းများပါဝင်သည့်အပြင် လူ့ကျင့်ဝတ်၊ ကိုယ်ကျင့်သိက္ခာနှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်စေနိုင်သည့် **"လူ့ကျင့်ဝတ်နားလည်သူ၊ လူဆန်သောလူ"** စသော ဆရာကြီး ဦးသန်းကြွယ်၏ လက်ရာများကိုလည်း တစ်ဝကြီး ဖတ်ရှုကြရမည်ဖြစ်သည်။ ထို့အပြင် ဆရာကြီး က. ဆ၏ လက်ရာမွန်ဖြစ်သော **"မိတ်ဆွေကောင်း၊ လက်ဆောင်ထူး"** ကာတွန်းဇာတ်လမ်းများမှာလည်း ပဟေဠိဆန်လွန်းလှသည်။ လူ့စရိုက်သဘာဝကို သရုပ်ဖော်ထားသည့် ဆရာဦးစိန်၏ **"အစွဲ"** ဇာတ်လမ်းနှင့် ဇာတ်ကောင်များကို သွက်လက်အောင် ပုံဖော်တတ်သည့် ဆရာနံ့သာ၏ **"မာနကိုယ်စီပယ်ရမည်"** ဇာတ်လမ်းတို့ကိုလည်း အတုယူဖွယ် တင်ဆက်ထားသည်။ ဆရာကြီး ကာတွန်းဦးအောင်ရှိန်၊ ဆရာမောင်မောင်လေးနှင့် ဆရာမင်းခိုင်(အောင်လံ)တို့၏ လက်ရာများကိုလည်း စုံလင်စွာ ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ နာမည်ကျော်ဆရာကြီးများ၏ လက်ရာဟောင်းများထဲမှ




လက်ရာကောင်းများကို တစုတစည်းတည်း ဖတ်ရှုနိုင်မည့်အပြင် အခြားစိတ်ဝင်စားဖွယ် ဝတ္ထုများ၊ စွဲမက်ဖွယ် ပုံပြင်များကိုလည်း ဖတ်ရှုနိုင်မည့် ရွှေသွေးအထူးထုတ်(၂၀၁၆) ကို တန်ဖိုးကျပ် ၂၀၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ စာပေဗိမာန်အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်သည်။ လက်ကားမှာယူဖြန့်ချိလိုပါက ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉-၅၃၁) (၃၇) လမ်းနှင့် ကုန်သည်လမ်းထောင့် ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲကျင်းပမည်



**ရန်ကုန် မေ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြည်သူ့အတွက် ပထမရက် ၁၀၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲကို မေ ၂၈ ရက်နှင့် ၂၉ ရက်တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးဝင်းအတွင်း၌ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဟု သိရသည်။

ပြပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများနှင့် သွင်းကုန်အစားထိုးစက်ပစ္စည်းကိရိယာများ၊ ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ၊ စက်မှုလက်မှုသမဝါယမအသင်းများ၏ ထုပ်ကုန်များ၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသော ထုတ်ကုန်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုပစ္စည်းများကို ရောင်းချပေးသွားမည့်အပြင် ကုန်ထုတ်လုပ်ဆိုင်ရာ နည်းပညာပေးပြခန်းများကိုလည်း ထားရှိသွားမည်ဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ဌာနတွင် မှတ်ပုံတင်ထားသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဌာနမှ ဖွင့်လှစ်ပေးခဲ့သည့် အသက်မွေးဝမ်းကျောင်းနည်းပညာတက်ရောက်၍ လုပ်ငန်းထူထောင်လုပ်ကိုင်နေသော လုပ်ငန်းရှင်များနှင့် စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း ပြည်ပဈေးကွက်ရရှိရေး၊ လုပ်ငန်းအချင်းချင်းချိတ်ဆက်ပေါင်းစည်း၍ နည်းပညာကျွမ်းကျင်မှုများ တိုးမြင့်လာစေရေးနှင့် လုပ်ငန်းသစ်များနှင့် ထုတ်ကုန်အမယ်သစ်များ ပေါ်ထွက်လာစေရေး၊ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းများကို ပြည်သူများပိုမိုသိရှိလာရေး၊ စံချိန်စံညွှန်း ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ယင်းပြပွဲကို ကျင်းပရခြင်းဖြစ်သည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်**

**အသေးစားလက်မှုလုပ်ငန်းဖြစ်သည့် မြန်မာ့ဝါးဖြင့်ရက်လုပ်ထားသော အနုပညာလက်ရာများကို တွေ့ရစဉ်။**


ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၂၀၁၆)ခုနှစ် မေလ (၃၁)ရက်




ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှု လျှော့ချရေး

ထုပ်ပိုးမှုစံသတ်မှတ်ပေး

ဝိုင်းဝန်းအကောင်အထည်ဖော်စို့မနေး


## ❖ မြန်မာ့လက်ရွေးစင်မှ

၂၀၁၉ ခုနှစ် အာရှဖလားခြေစစ်ပွဲ Play-Off အဆင့်အတွက် ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲလာရောက်ကစားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့မှာ တစ်နှစ်ကျော်အကြာတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး နောက်ဆုံးတွေ့ဆုံခဲ့ခြင်းမှာ ၂၀၁၄ ဆူဇူကီးဖလားပြိုင်ပွဲဖြစ်ကာ ထိုစဉ်က ဂိုးမရှိ သရေကျခဲ့သည်။ အဆိုပါခြေစမ်းပွဲအတွက် ကြိုတင်လက်မှတ်များကို မေ ၂၇ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ဘောလုံးအဖွဲ့ချုပ်၊ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ရောင်းချသွားမည်ဖြစ်ကာ အထူးတန်း ကျပ် ၁၀၀၀၊ ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် မေ ၂၄ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၇ ဦးဖြင့် ပြင်ဆင်လျက်ရှိသည်။ မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ခြေစမ်းပွဲကို ယခုကစားသမား ၂၇ ဦးစလုံးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကာ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှသာ လေးဦးလျှော့ချပြီး ၂၃ ဦးဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ကျင်းပမည့်လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ဗီယက်နမ်၊ စင်ကာပူနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ-မီရိုဆလပ်၊ အသင်းအတွင်းရေးမှူး- ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး၊ ရန်အောင်လင်း၊ ပြည့်ဖြိုးအောင်၊ နောက်တန်း-ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ သီဟထက်အောင်၊ ကျော်ဇင်လွင်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ အောင်ဇော်၊ ဟိန်းသီဟဇော်၊ ဖြိုးကိုကိုသိန်း၊ ကိုကိုဟိန်း၊ အလယ်တန်း-ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ ရန်အောင်ကျော်၊ ကြည်လင်း၊ သီဟဇော်၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်၊ ရှေ့တန်း-အောင်သူ၊ ကျော်ကိုကို၊ သန်းပိုင်၊ ဝင်းနိုင်စိုး နှင့် ဆောင်လမန်တို့ ပါဝင်ကြသည်။

■

## ❐ ကျောဖုံးမှ

ကောင်းမွန်သောစနစ်တစ်ခု တည်ထောင်နိုင်စေရန် ရည်ရွယ်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် FFI တို့ပူးပေါင်းဆောင်ရွက်သော တနင်္သာရီတိုင်းဒေသကြီးရှိ ကျားနှင့် ဇီဝမျိုးကွဲများထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲဒီပရပ်ရှိ မြိတ်ဟိုတယ်ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်အကြောင်းအမျိုးမျိုးကြောင့် ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်းမျိုးတုန်း၊ လျော့နည်းပျောက်ကွယ်မည်ဖြစ်ကြောင်း၊ ကျားမျိုးစိတ်များသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံတွင်သာ ကျန်ရှိတော့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဟူးကောင်းဘေးမဲ့တောနှင့် ထမံသီဘေးမဲ့တော၊ တနင်္သာရီတိုင်းဒေသကြီး လေညာအမျိုးသားဥယျာဉ်နှင့် တနင်္သာရီအမျိုးသားဥယျာဉ်တို့တွင်သာ တွေ့ရှိရမှာဖြစ်ကြောင်း။

ထို့ကြောင့် သစ်တောဦးစီးဌာနဟာ WCS, FFI, WWF စသည့် INGO အဖွဲ့စည်းများနှင့် ပူးပေါင်းပြီး ၎င်းတို့၏ နည်းပညာရန်ပုံငွေအကူအညီများရယူ၍ ဇီဝမျိုးစုံထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ၊ ဘေးမဲ့တောအမျိုးသားဥယျာဉ်တည်ထောင်ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ သစ်တောဦးစီးဌာနဟာ FFI အဖွဲ့နှင့် ၂၀၁၄ ခုနှစ်တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပြီး ယခုအခါ တနင်္သာရီတိုင်းဒေသကြီးတွင် ကျားထိန်းသိမ်းရေးလုပ်ငန်းများကို သုံးနှစ်စီမံကိန်းရေးဆွဲပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြိတ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ပြောကြားသည်။

ဆက်လက်၍ ၎င်းက ယခုဆောင်ရွက်လျက်ရှိသော အလုပ်ရုံဆွေးနွေးပွဲသည် ကမ္ဘာတွင် အနည်းငယ်သာကျန်ရှိသည့်အတွက် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာလုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် ကောင်းမွန်ထိရောက်သည့် အကြံပြုချက်၊ ရလဒ်ကောင်းတွေရှိလာမည်ဖြစ်၍ အားလုံးက လေးလေးနက်နက် သေသေချာချာဆွေးနွေးပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် Wildlife Conservation Society (WCS) စီမံကိန်းညှိနှိုင်းရေးမှူး Mr. Mark Edward Grndlyu က ကမ္ဘာမှာနိုင်ငံပေါင်း ၁၃ နိုင်ငံတွင် ကျားအကောင်ရေ ၃၂၀၀ သာကျန်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် ကျားအကောင်ရေပြည့်မီစေရေးအတွက် ကျားအကောင်ရေ အတိအကျနှင့် ကျားအစားခံသတ္တဝါများ၏ သိပ်သည်းမှုအကောင်ရေကိုလည်း စနစ်တကျမှတ်တမ်းတင်နိုင်ခြင်းမရှိသေးကြောင်း၊ သို့သော် မကြာမီနှစ်များအတွင်း FFI(Myanmar Program)နှင့် သစ်တောဦးစီးဌာန ပူးပေါင်းကွင်းဆင်းလေ့လာမှုများအရ ကျားအကောင်ရေ သိသိသာသာကျန်ရှိနေသေးသည်ကို သိရှိရပြီး တနင်္သာရီ၊ လေညာ၊ ဘုတ်ပြင်းဇရိယာအတွင်း အလျင်အမြန်ထိန်းသိမ်းရေးအစီအစဉ်များ၊ ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်ရန်လိုအပ်သည့်အတွက် ကျားအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုး(နေပြည်တော်)က မြန်မာနိုင်ငံအတွင်း ကျားနှင့် ဇီဝမျိုးကွဲထိန်းသိမ်းရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ လေညာဒေသရှိ ဇီဝမျိုးကွဲတန်ဖိုးများအကြောင်း၊ ကျားနှင့် ဇီဝမျိုးကွဲများအပေါ် ကျရောက်လျက်ရှိသောအကြောင်းရင်းများ၊ တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှုအခြေအနေများ၊ ကင်မရာထောင်ချောက်ရလဒ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံများပါဝင်သော ကင်းလှည့်ခြင်းလုပ်ငန်း၊ Power Network အကြောင်းများကို FFI, WCS တို့မှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန(ရုံးချုပ်)၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းတို့မှ ဌာနဆိုင်ရာများ၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်မှဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အရှေ့စက်မှုဇုန် ဒီပဲယင်းဝန်ထောက် ဦးမြဲလမ်း တိုးချဲ့(၂၁)နေ (ZEP ELECTRONIC) ဦးဇော်လင်း၊ ကိုယ်စားလှယ်ကြီးများနှင့် ဝန်ထမ်းမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် ကျပ်သိန်း ၆၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အကျိုးဆောင် စာရင်းစစ် ဦးသိန်းဟန်နှင့် အဖွဲ့ဝင် ဦးလွင်ငွေးတို့ လက်ခံယူစဉ်။

(သတင်းစဉ်)

# မိုးရေချိန်စံချိန်သစ်

**နေပြည်တော် မေ ၂၆**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ မေလ၏ ၂၄ နာရီအတွင်းရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ကိုကိုးကျွန်း | ၂၂၅ | ၈. ၈၆ | ၁၉၅ | ၇. ၆၈ | ၂၉-၅-၁၉၇၆ | ၅၇ |

# ဘီလီယံ ၅၀၀ ကို တစ်ပြိုင်တည်းချေးယူခြင်းမျိုးမဟုတ်ဘဲ အရန်အဖြစ်ထားရှိခြင်းဖြစ် မလုံလောက်မှသာ အလီလီချေးယူပုံစံဖြင့် ချေးယူမည်ဖြစ်၍ ငွေစက္ကူဖောင်းပွမှုကို စိုးရိမ်စရာမလို

**မင်းမင်းဇော် (ကလေး)**

"မြန်မာ့စီးပွားရေးဘဏ်ကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ထုတ်ချေးမယ့်အတိုင်းအတာ ငွေပမာဏလိုအပ်ချက်လုံလောက်မှုမရှိတဲ့အခါမှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ချေးယူဖို့ဆောင်ရွက်ထားတာဖြစ်ပါတယ်။ တကယ်လို့ချေးယူမယ်ဆိုရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ အရ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ဗဟိုဘဏ်က အစိုးရအဖွဲ့ကို ချေးနိုင်ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းက ပြောသည်။

မေ ၂၃ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၄) ရက်မြောက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၏ စိုက်ပျိုးစရိတ်အတွက် ဗဟိုဘဏ်ထုတ်ချေးမည့် ငွေကျပ်ဘီလီယံ ၅၀၀ ကို ငွေစက္ကူရိုက်နှိပ် ထုတ်ချေးသွားမည်ဟူသည့် ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ ရေးသားဖော်ပြချက်များအပေါ် မေ ၂၅ ရက်က ထိုကဲ့သို့ တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

"ဘီလီယံ ၅၀၀ ကို ကျွန်တော်တို့ကို ထုတ်ချေးမယ်။ အဲဒီပမာဏအထိ ငွေစက္ကူတွေရိုက်နှိပ်ထုတ်ဝေ ချေးရမယ်ဆိုတာ အပြည့်အဝမှန်ကန်မှုမရှိပါဘူး။ တကယ်လိုအပ်လို့ ချေးခဲ့ရင်တောင် ဘီလီယံ ၅၀၀ကို တစ်ချိန်တည်း တစ်ပြိုင်တည်းချေးယူမှာမဟုတ်ဘဲ လိုအပ်သလောက်ကိုသာ အလီလီချေးယူတဲ့ ပုံစံမျိုးနဲ့ရယူမှာဖြစ်ပါတယ်။ ပထမတစ်ခုကို ချေးယူပြီးရင် နောက်ပြန်ဝင်လာတာနဲ့ ပြန်ထေမိတဲ့အခါ နောက်တစ်ခု ထပ်လိုချင်မှ လိုတော့မှာဖြစ်တယ်။ အရင်ယူထားတာကိုလည်း တစ်နှစ်အတွင်းအချိန်မီ ပြန်ဆပ်နိုင်အောင်ကြိုးစားမယ်။ ဒီလိုစနစ်နဲ့သွားရင် ငွေစက္ကူတွေ ရိုက်နှိပ်ချေးယူရမယ်။ ငွေစက္ကူတွေ ဖောင်းပွမှုဖြစ်မယ်ဆိုတဲ့ ဖိအားတွေ စိုးရိမ်စရာမလိုတော့ပါဘူး"ဟု ၎င်းကဆိုသည်။

"လယ်ယာမြေဧကများစွာအတွက် ဘဏ္ဍာငွေလိုအပ်ချက်တွေနဲ့ပတ်သက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတွက်ချက်ပြီး အဆိုပြုတင်ပြပါတယ်။ နှစ်စဉ်အစိုးရအနေနဲ့ လယ်သမားတွေကို ထုတ်ချေးဖို့ဆိုတာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တွက်ချက်တင်ပြတဲ့ဘဏ္ဍာငွေလိုအပ်ချက်အပေါ် မူတည်ပါတယ်။ ဒီနှစ်အတွက် တစ်ဧကကို တစ်သိန်းခွဲနှုန်းနဲ့ ကျပ်ဘီလီယံ ၁၇၇၆ ဘီလီယံလိုအပ်တယ်လို့ အဆိုပြုထားပါတယ်။ ဒီအဆိုပြုချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်မှာရှင်းလင်းတင်ပြထားပါတယ်"။

"ဒီလိုအပ်ချက်ကို အစိုးရက တာဝန်ယူဖြည့်ဆည်းဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်က ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ အပ်ငွေများများလက်ခံထားတာမရှိတဲ့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရန်ပုံငွေနဲ့ မလုံလောက်ပါဘူး။ ဒါကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အတွက် အစိုးရကိုယ်စား မြန်မာ့စီးပွားရေးဘဏ်က ငွေကိုထုတ်ချေးတယ်။ မြန်မာ့စီးပွားရေးဘဏ်ကလည်း လယ်သမားတွေရဲ့ အကျိုးစီးပွားအတွက် အစိုးရကသတ်မှတ်ထားတဲ့ အတိုးနှုန်းနဲ့ ထုတ်ချေးပါတယ်။ ဒါကြောင့် မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို တစ်နှစ်ကို အတိုးနှုန်း ၅ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားတွေကို အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့ ထုတ်ချေးမှာဖြစ်တယ်။ ချေးငွေတွေဟာ တစ်နှစ်တစ်နှစ် တိုးမြှင့်လာတဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ သူတို့ရဲ့အပ်ငွေ လက်ကျန်အခြေအနေ၊ ငွေဝင်၊ ငွေထွက်အခြေအနေတွေကို ကြည့်ရတယ်။ တကယ်လို့ မြန်မာ့စီးပွားရေးဘဏ်သာ ချေးဖို့မလုံလောက်ခဲ့ရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေယူဖို့ အရံအဖြစ်စီစဉ်ထားတာဖြစ်ပါတယ်။ ဘီလီယံ ၅၀၀ လုံးလုံးလည်း ယူချင်မှယူဖြစ်မှာ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ အခြေအနေကိုမူတည်ပြီး လုံးဝမလိုအပ်ရင် လုံးဝမယူပါဘူး"ဟု ၎င်းက ထပ်မံရှင်းပြသည်။

"မြန်မာ့စီးပွားရေးဘဏ်က မလုံလောက်မှသာ ဗဟိုဘဏ်ကချေးယူမှာဖြစ်တယ်။ နောက်တစ်နည်းက ဗဟိုဘဏ်ကမယူရင် အစိုးရအနေနဲ့ ငွေတိုက်စာချုပ်တွေ၊ ငွေတိုက်လက်မှတ်တွေထုတ်ရောင်းပြီး သင့်တော်တဲ့အတိုးနှုန်းနဲ့ ယူရင်လည်းရပါတယ်။ ဘွန်းတွေရောင်းချပြီး ဖြည့်ဆည်းတာတွေလည်း ရှိပါတယ်။ အဲဒီမှာ မြင့်မားတဲ့အတိုးနှုန်းပေးရမယ်။ တောင်သူလယ်သမားကို ချေးတဲ့နေရာမှာ အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့သာ ချေးပေးချင်တဲ့အတွက် မြင့်မားတဲ့အတိုးနှုန်းတွေဟာ အစိုးရအတွက် အရှုံးတွေဖြစ်ပေါ်ပြီး အစိုးရမှာ ဝန်ထုပ်ဝန်ပိုးတွေဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဗဟိုဘဏ်ကချေးယူဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်။

"ဗဟိုဘဏ်ကချေးယူမယ်ဆိုတိုင်း ငွေစက္ကူတွေမဖြစ်မနေရိုက်ရမယ်လို့ မဆိုလိုပါဘူး။ ဗဟိုဘဏ်အနေနဲ့ရှိနေတဲ့ အရင်းအမြစ်တွေနဲ့ လုံလောက်တယ်ဆိုရင် ပထမ ထုတ်ချေးပေးမယ်။ အဲဒီမှာ လက်ကျန်အနေနဲ့ မလုံလောက်တော့ဘူးဆိုမှသာ ငွေစက္ကူရိုက်နှိပ်မှာ ဖြစ်ပါတယ်။ ငွေစက္ကူရိုက်နှိပ်ဖို့ဆိုတာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ ဗဟိုဘဏ်ကသာ ရိုက်နှိပ်ခွင့်ရှိပြီး ငွေကြေးတည်ငြိမ်မှုရှိအောင် ထိန်းသိမ်းရမယ့်တာဝန်လည်းရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ တတ်နိုင်သမျှ ဗဟိုဘဏ်က မချေးယူပါဘူး။ ဗဟိုဘဏ်ကချေးယူတာကို တတ်နိုင်သမျှ လျှော့ချသွားမှာဖြစ်ပါတယ်။ အဲဒီလိုလျှော့ချနိုင်အောင် မြန်မာ့စီးပွားရေးဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ချေးယူနိုင်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ အဆိုပါ အမြဲတမ်းအတွင်းဝန်က ရှင်းလင်းသည်။

"မနှစ်ကလည်း ဗဟိုဘဏ်ကနေ ဘီလီယံ ၄၀၀ ချေးယူမယ်လို့ ကြိုတင်ညှိနှိုင်းခဲ့ပေမယ့် မယူဖြစ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာ့စီးပွားရေးဘဏ်ရဲ့ အခြေအနေနဲ့ လုံလောက်မှုရှိခဲ့လို့ပါပဲ။ တစ်နှစ်ကလည်း ဗဟိုဘဏ်ကနေ မချေးယူခဲ့ရပါဘူး။ ဒီနှစ်အတွက်လည်း လုံလောက်မှုရှိမယ်လို့ မျှော်မှန်းထားပါတယ်။ တကယ်လို့ မလုံလောက်ခဲ့ရင်ဆိုပြီး ဗဟိုဘဏ်ကချေးယူနိုင်အောင် ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ချေးငွေကိုတစ်လုံးတစ်ခဲတည်းယူမှာမဟုတ်ဘဲ အလီလီစနစ်နဲ့ ချေးယူဖို့တွေ၊ ထုတ်ယူရင် ဘယ်လောက်၊ ပြန်ဆပ်ရင်ဘယ်လောက်ဆိုတာတွေ၊ တစ်နှစ်အတွင်းမှာ ပြန်ဆပ်ဖို့တွေ၊ အတိုးနှုန်းကို သုံးလ တစ်ကြိမ်ပေးဖို့တွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်သမားတွေ စိုက်ပျိုးစရိတ်ငွေလုံလောက်အောင် ဖြည့်ဆည်းဖို့ နည်းလမ်းမျိုးစုံနဲ့ စဉ်းစားရမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိနိုင်မှု အရင်းအမြစ်တွေအပေါ် မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ ချေးငွေလိုအပ်ချက်၊ တစ်ဖက်ကလည်း မြန်မာ့စီးပွားရေးဘဏ်ရဲ့ အပ်ငွေလက်ကျန် အခြေအနေနဲ့ ငွေဝင်၊ ငွေထွက်အခြေအနေအပေါ် မူတည်ပြီး လိုအပ်ရင် လိုအပ်သလောက်သာ ဗဟိုဘဏ်ကနေ ရယူမှာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။


အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်း။

ခေတ်အဆက်ဆက်အစိုးရအဖွဲ့များ၏ စိုက်ပျိုးစရိတ်ချေးငွေ ပုံမှန်ထုတ်ချေးနိုင်ခဲ့မှုများနှင့် စပ်လျဉ်း၍လည်း ၎င်းက "ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်အနေနဲ့ စိုက်ပျိုးရေးလုပ်ကိုင်တဲ့ တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးခဲ့ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီအစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရခေတ်၊ ဒီမိုကရေစီခေတ် ပြီးခဲ့တဲ့ အစိုးရသက်တမ်းကာလတွေမှာ ပုံမှန်ထုတ်ချေးခဲ့ကြတာဖြစ်ပြီး အခုလက်ရှိ အစိုးရလက်ထက်မှာလည်း ပုံမှန်ထုတ်ချေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက်အပေါ် မူတည်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ အဓိကတာဝန်ယူထုတ်ချေးတာဖြစ်ပါတယ်။ ထုတ်ချေးတဲ့နေရာမှာ အဓိက ချေးငွေ ၃ မျိုးခွဲခြားပြီး ထုတ်ချေးတယ်လို့သိရပါတယ်။ အဓိကချေးငွေကတော့ စပါးစိုက်မယ့်ရာသီကို ကိုက်ညီပြီးချေးတဲ့ မိုးချေးငွေဖြစ်ပြီး ကျန်တာက မိုးကြိုချေးငွေ၊ ဆောင်းချေးငွေတွေ ဖြစ်ပါတယ်။ ချေးငွေနှုန်းသတ်မှတ်ချက်ကတော့ နှစ်အလိုက်ပြောင်းလဲမှုတွေရှိပါတယ်။ မနှစ်က ချေးငွေဆိုရင် တစ်ဧကကို တစ်သိန်းနှုန်းချေးခဲ့ပြီး အခု ၂၀၁၆-၂၀၁၇ မှာ တစ်ဧကကို တစ်သိန်းခွဲနှုန်းထုတ်ချေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ဆိုသည်။

## မြို့နယ်အသီးသီး၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ ကျင်းပ




**ရေကြည်မြို့နယ်**

ရေကြည်မြို့နယ် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ရေကြည်မြို့ အထက (၁)တွင် ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ပြီး ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ သက်ဆိုင်ရာပညာရေးဝန်ထမ်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျောင်းသားမိဘများအနေဖြင့် မိမိတို့သားသမီးများ၏ ပညာရေးအတွက် နေ့ကောင်းရက်သာရွေးချယ်၍ နှစ်စဉ်အပ်နှံခဲ့သည့် အလေ့အထများရှိခဲ့ပြီး ယခုနှစ်တွင် ကျောင်းအပ်နှံရေး၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာပညာရေးဌာနမှ ပညာရေးထောက်ပံ့မှုများလည်း ရှိနေသဖြင့် ယခုကဲ့သို့ စည်ကားစွာလာရောက်အပ်နှံကြခြင်းဖြစ်ကြောင်း ဒေသခံကျောင်းသားမိဘတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

**ကလေးမြို့နယ်**

ကလေးမြို့ရှိ အခြေခံပညာကျောင်းများတွင်လည်း မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ကျောင်းအသီးသီး၌ မိဘများနှင့် ဆရာ ဆရာမများ ပူးပေါင်းလျက် ကျောင်းအပ်နှံရေး စတင်လက်ခံဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

ယခုပညာသင်နှစ် ကျောင်းအပ်နှံရေးအစီအစဉ်တွင် သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံတစ်စုံစီ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်စီနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီ၊ အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီကို နိုင်ငံတော်အစိုးရသစ်က အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးများ ကင်းလွတ်ခွင့်ရရှိသည့်အတွက် ကျောင်းသားမိဘဆရာများက စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ကျောင်းအပ်နှံခြင်း၊ လက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(ယာပုံ)** **(ချင်းတွင်းသား)**

**ကျုံပျော်မြို့နယ်**

ကျုံပျော်မြို့နယ် ကျောင်းအပ်နှံရေးအခမ်းအနားကို အထက ကျုံပျော်အောင်ဆန်းခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်ပညာရေးမှူးက ယခုကဲ့သို့ ကျောင်းအပ်နှံရေး ကျင်းပပြုလုပ်ရခြင်းသည် ကျောင်းနေအရွယ် အသက်(၅)နှစ်မှ (၁၅) နှစ်အတွင်း ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေး ဆောင်ရွက်နိုင်အောင် နှိုးဆော်သည့်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်အသီးသီးမှ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ထီးများကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

**ပဲခူး**

ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ)ဒေါ်သန်းမြင့်က ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းသော ဗလာစာအုပ်တန်ဖိုးငွေကျပ်သိန်း (၄၄၄၆ ဒသမ ၂၀၄) အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်အသီးသီးမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ၊ ပရိဘောဂအဆောက်အအုံနှင့် KG သင်ထောက်ကူပစ္စည်းများအတွက် စုစုပေါင်းလှူဒါန်းငွေကျပ်သန်း ၁၆၅၃၇ ဒသမ ၆၀ အား ပေးအပ်လှူဒါန်းရာ ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံကြသည်။ **ရွှေဘုန်းအောင် (ပဲခူး)**



# ရှင်ပြုနားသပွဲများတွင် ဆင်စီး မြင်းရံကာ ရွှေလှည်း၊ ငွေလှည်းများဖြင့် လှည့်လည်

မြန်မာနိုင်ငံသည် မြေလည်းကောင်း၊ ရေလည်းကောင်း၊ အစာရေစာပေါကြွယ်ဝလို့ ဇောတိကနော်၊ စပါးဆန်ရေထွက်လို့ အများမက်ကြတဲ့ နိုင်ငံတော်၊ ကျောက်မီးသွေး၊ သံ၊ သစ်၊ ပဲတွေလည်း ထွက်လှသနော်၊ စပါးကျီခြေကန်ကာ မွေးဖွားခဲ့သည့် နိုင်ငံတော်ဖြစ်သည်။ ထိုနိုင်ငံတွင် နေထိုင်ကြသော ပြည်သူပြည်သားများသည် မိမိတို့၏ ရင်သွေးသားလှရတနာနှင့် သမီးကညာတို့အား အချိန်တန်အရွယ်ရောက်လာလျှင် သာသနာ့ဘောင်သို့ ရှင်သာမဏေအဖြစ် သွတ်သွင်း၍ သမီးကညာအား နားထွင်းမင်္ဂလာဆင်ယင်ကျင်းပကြသည်။

ဤအစဉ်အလာကား ယခုမှစခဲ့သည်မဟုတ်၊ သီရိဓမ္မာသောကမင်းလက်ထက်ကစခဲ့သော မင်္ဂလာတရားနှင့်အညီ ကျင့်သုံးခဲ့သောအစဉ်အလာ ဖြစ်ပေသည်။ သီရိဓမ္မာသောကမင်းလက်ထက်က ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဆရာမိန့်ကြားသည်က ကိုယ်၏သားဖြစ်စေ၊ ကိတ္တိမသားဖြစ်စေ သာသနာတွင်းကို သွတ်သွင်းမှသာ သာသနာ့အမွေခံစေန်မှန်ပေသည်ဟု ဟောကြားခဲ့သည်။

ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီးသည် သားတော်မောင် မဟိန္ဒနဲ့ သမီးလှ သဃ်မိတ္တာတို့အား ဒုလ္လဘကြံ့ရသဖြင့် ပဗ္ဗဇ္ဇိတရဟန်းခံကာ တင်ဆွမ်းသပိတ်နှင့် သင်္ကန်းပရိက္ခရာရှစ်ပါးကို ကျမ်းတော်နှင့်အညီ သာသနာတွင်းသို့ သွတ်သွင်းချီးမြှင့်ခဲ့သည်။ တရားတော်နှင့်အညီ ယုံကြည်ကာ ပုတ္တရသရွှင်လန်းပြီး သင်္ကန်းချည်ပေးခဲ့သည်။ ပဗ္ဗဇ္ဇိတဒုလ္လဘနှင့်ကြံ့ရသဖြင့် ထိုကုသိုလ်ကျိုးမှာ အဖိုးတန်လှပေသည်။ ထိုကုသိုလ်မျိုးကား အပါယ်တံခါးပိတ်ကာ နိဗ္ဗာန်တံခါးပွင့်သော အလှူမျိုးဖြစ်သည်။ ထိုကုသိုလ်မျိုးကား စတုဗြဟ္မစိုရ်လေးပါးနှင့် ညီသော ကုသိုလ်မျိုးဖြစ်သည်။



သီရိဓမ္မာသောကမင်းလက်ထက်က စခဲ့သော သာသနာ့အမွေခံရှင်ပြုနားသသည် ယခုထက်တိုင် မြန်မာနိုင်ငံတွင် မင်္ဂလာတရားတော်နှင့်အညီ ဆက်လက်ကျင့်သုံးနေသည်။ မိဘများသည် မိမိတို့ သားသမီးရတနာအား သာသနာ့အမွေခံယူရန် ရှင်ပြုနားသပေးခဲ့ကြသည်။ ထိုကဲ့သို့ ရှင်ပြုနားသရာတွင် ငွေကြေးပြည့်စုံသူများက မိမိတို့ သားသမီးအား ဆင်စီးမြင်းရံ၍ ရွှေလှည်း၊ ငွေလှည်း၊ ရာဇာဝင်း၊ ဒေဝါဝင်းများဖြင့် ကြီးကျယ်ခမ်းနားသော မင်္ဂလာမဏ္ဍပ်တွင် ရှင်ပြုနားသပွဲများ ကျင်းပကြသည်။

မိတ္ထီလာမြို့ပေါ်နှင့် ကျေးရွာများတွင် ယခုအခါ ရှင်ပြုအလှူပွဲများတွင် ဆင်၊ မြင်း၊ ရွှေလှည်း၊ ငွေလှည်း၊ ရာဇာဝင်း၊ ဒေဝါဝင်းများဖြင့် မြို့ပေါ်သို့ လှည့်လည်နေကြသည်။ ရှင်ပြုနားသမင်္ဂလာပွဲတွင် ဆင်တစ်ကောင်ကို ကျပ် ၅၅၀၀၀၀ ပေး၍ ယင်းမာပင်၊ ပြည်ညောင်၊ ရေဘုတ်ဆုံရွာများမှ ငှားရမ်းကြရသည်။ အလှူပွဲမတိုင်မီ တစ်လကျော်က ကြိုတင်၍ ဆင်ငှားကြရသည်။ ဆင်တစ်ကောင်အတွက် အလှူရှင်က အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဆင်စာအဖြစ် စပါးနှစ်တင်း၊ ငှက်ပျောပင် ၅၀၊ မန်ကျည်းသီးအစေ့ထုတ်ပြီး နှစ်ပိဿာပေးရသည်။

ရှင်ပြုနားသ အလှူမင်္ဂလာပွဲအတွက် မြင်းတစ်ကောင် ကျပ် ၁၅၀၀၀ ဖြင့် ငှားရသည်။ ရွှေလှည်း၊ ငွေလှည်းတစ်စီး ကျပ် ၆၅၀၀၀ ပေးရပြီး နွားတစ်ရှဉ်းအတွက် ကျပ် ၂၅၀၀၀ ပေးရသည်။ ရာဇာဝင်း၊ ဒေဝါဝင်းအတွက် ဝတ်စုံများ ငှားရပြီး အမျိုးသမီးများအတွက် အလှူရှင်က ဝတ်စုံများ ချုပ်ပေးရကာ မိတ်ကပ်အလှပြင်ဆင်စရိတ်အတွက် အလှူရှင်က ကျခံရသည်။ ဒေဝါဝင်း၊ ရာဇာဝင်း တစ်ခုလျှင် လူပေါင်း ၁၀၀ ကျော်ပါဝင်ရသည်။ အလှူပွဲအတွက် မဏ္ဍပ်တစ်ခုလျှင် ၉ သိန်း၊ ၁၀ သိန်း ပေးငှားရသည်။ ငွေကြေးတတ်နိုင်သူများက ဆင်စီး၍ မြင်းရံကာ ရွှေလှည်း၊ ငွေလှည်း၊ ရာဇာဝင်း၊ ဒေဝါဝင်းများခင်းပြီး မြို့ပေါ်လှည့်လည်ကြသည် ။ အလှူရှင်က ဖိတ်စာကမှအစ ဆရာတော်၊ သံဃာတော်များ လှူဖွယ်ပစ္စည်းများနှင့် အလှူလာမိတ်ဆွေသင်္ဂဟများအား ကျွေးမွေးညှော့ခံစရိတ် အပါအဝင် အလှူကြီးတစ်လှူလျှင် ကျပ်သိန်း ၃၀၀ မှ ၃၅၀ အထိ အကုန်အကျခံလှူကြသည် ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များပီပီ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေကြသည်ရာ အမြို့မြို့အနယ်နယ်တွင် ရှင်ပြုနားသအလှူမင်္ဂလာပွဲများတွင် ဆင်စီးမြင်းရံကာ ရွှေလှည်း၊ ငွေလှည်း၊ ရာဇာဝင်း၊ ဒေဝါဝင်းများဖြင့် လှည့်လည်လှူဒါန်းနေကြသည်ကို တွေ့မြင်ရသည်။

**တင်လှိုင်(မိတ္ထီလာ)**

■

# အမြန်ယာဉ်များ အစားထိုးအသုံးပြုလာသောကြောင့် အနှေးယာဉ်များဖြစ်သည့် မြင်းလှည်းများ ပျောက်ကွယ်လုနီးပါးဖြစ်နေ

**မိတ္ထီလာ မေ ၂၆**

မိတ္ထီလာမြို့သည် ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာရှိပြီး လူဦးရေ သုံးသိန်းကျော် နေထိုင်လျက်ရှိသည့် မြို့ဖြစ်သည်နှင့်အညီ ကားလမ်းဆုံရာမြို့ဖြစ်ပြီး ယခင်က ဒေသထွက်ကုန်များနှင့် ဈေးသွားဈေးပြန်များမှာ အနှေးယာဉ်ဖြစ်သည့် မြင်းလှည်းကို အဓိကအသုံးပြုခဲ့ကြသော်လည်း ယခုအခါ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာလျက်ရှိရာ မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များကို အစားထိုးအသုံးပြုလာသောကြောင့် အနှေးယာဉ်ဖြစ်သည့် မြင်းလှည်းများမှာ ပျောက်ကွယ်လုနီးပါးဖြစ်နေလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့ပေါ်တွင် ယခင်က မြင်းလှည်းစီးရေ ၇၂၂ စီးရှိပြီး ကျေးလက်ဒေသ ထွက်ကုန်များ သယ်ယူပို့ဆောင်ရောင်းဝယ်ရာနှင့် ဈေးသွားဈေးပြန်များမှာ မြင်းလှည်းများကို အဓိကအားပြု အသုံးပြုလျက်ရှိရာမှ ၂၀၀၇ ခုနှစ်မှစတင်၍ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ကျယ်ပြန့်စွာ အစားထိုးအသုံးပြုလာသောကြောင့် အနှေးယာဉ်ဖြစ်သည့် မြင်းလှည်းများကို အသုံးပြုသူများ နည်းပါးလာ၍ မြင်းလှည်းပိုင်ရှင်များမှာ စီးပွားရေးအဆင်မပြေမှုဖြစ်ပေါ်လာခဲ့မှုကြောင့် မြင်းလှည်းပြေးဆွဲခြင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့ဘဲ ရပ်နားထားလျက်ရှိကြသည်။

ယခင်က ဈေး၊ ဆေးရုံနှင့် တက္ကသိုလ်ကျောင်းများတွင် မြင်းလှည်းဂိတ်များထားရှိပြီး ပြေးဆွဲနေရာမှ ယခုအခါ လေးဘီးမော်တော်ယာဉ်များပြေးဆွဲလာ၍ မြင်းလှည်းစီးသူ နည်းပါးလာခဲ့ရာ မြင်းလှည်းပိုင်ရှင်များ စီးပွားရေးအဆင်မပြေမှုများကြောင့် တစ်နှစ် မြင်းလှည်းစီးရေ ၃၀ ကျော် လျော့နည်းလာရာ ယခုအခါ စာရင်းအရ ၁၁၅ စီးရှိသော်လည်း လက်တွေ့ပြေးဆွဲနေသည့် မြင်းလှည်းများမှာ ၆၅ စီးခန့်သာ ရှိတော့ကြောင်း၊ ၁၉၈၀ ခုနှစ်ကတောနှင့်မြို့ပါ အနှေးယာဉ်ဖြစ်သည့် မြင်းလှည်းများကို အဓိကအားပြုခဲ့သော်လည်း ယခုအခါ စည်ပင်သာယာမှ ဖယ်ရှားခြင်းမပြုဘဲ မြင်းလှည်းစီး၍ ခရီးသွားလာမှုနည်းပါးသောကြောင့် မြင်းလှည်းများ ပြေးဆွဲခြင်းမရှိတော့ဘဲ ရပ်နားထားရသောကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်နေလျက်ရှိကြောင်း မြင်းလှည်းမောင်းသူတစ်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

■






# ရေရှားပါးသောနေရာဒေသများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းနိုင်ရန် ရေဂါလန် ၃၀၀၀ ဆံ့ ရေဘောက်ဆာကားသစ်လှူဒါန်း

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံအနှံ့အပြားရှိ ရေရှားပါးသော နေရာဒေသများတွင် ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းနိုင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရေဂါလန် ၃၀၀၀ ဆံ့ ရေဘောက်ဆာကားသစ်ကြီးများကို အဆိုပါ ဒေသများရှိ ရပ်မိရပ်ဖများနှင့် ပရဟိတအဖွဲ့အစည်းများထံ ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၂၂ ရက်တွင် ကမ္ဘောဇဘဏ်လီမိတက် မြစ်သားဘဏ်ခွဲ တာဝန်ခံ ဒေါ်သင်းသီတာဝင်းက မြစ်သားမြို့နယ်မှ မြို့မိမြို့ဖဖြစ်သူ ဦးစိုးညွန့်ထံ ရေဘောက်ဆာကားသစ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ထို့အတူ မေ ၂၃ ရက်က ရန်ကုန်မြို့မှ ထွက်ခွာသွားသော ရေဘောက်ဆာကားသစ် သုံးစီးအနက် တစ်စီးသည် ကလေးမြို့သို့ ရောက်ရှိလာရာ မေ ၂၄ ရက်တွင် ကမ္ဘောဇဘဏ်လီမိတက် ကလေးဘဏ်ခွဲတာဝန်ခံ ဒေါ်နော်ဇင်ဆွေက ကလေးလွင်ပြင်ပရဟိတအဖွဲ့နာယက ဦးငြိမ်းအောင်နှင့်အဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သက်ဆိုင်ရာဒေသများ၏ ကမ္ဘောဇဘဏ်လီမိတက်၊ ဘဏ်ခွဲများနှင့် မြို့မိမြို့ဖများ၊ ပရဟိတအသင်းအဖွဲ့များပူးပေါင်း၍ ရေဘောက်ဆာကားများဖြင့် သောက်သုံးရေများ စဉ်ဆက်မပြတ် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ယနေ့အထိ လူဦးရေ ၆၀၀၀၀ ကျော်အတွက် ရေဂါလန်ပေါင်း ရှစ်သိန်းကျော်ကို ဖြန့်ဝေလှူဒါန်းပေးခဲ့သည့်အပြင် မြန်မာနိုင်ငံအနှံ့အပြားရှိ ရေရှားပါးသောဒေသများတွင် အဝီစိစက်ရေတွင်း စုစုပေါင်း ၁၁၄ တွင်း တူးဖော်ပေးခဲ့ပြီး အဝီစိစက်ရေတွင်း ၇၅ တွင်းကို အောင်မြင်စွာတူးဖော်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**(ဝ၁ဝ)**

ကြေးမုံ

မေ ၂၇၊ ၂၀၁၆



# ဂျီ-၇ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး ဂျပန်နိုင်ငံ အိုက်ဇီရှီးမားဒေသ၌ ဖွင့်လှစ်

**တိုကျို မေ ၂၆**

စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇ အုပ်စု) ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ အိုက်ဇီရှီးမားဒေသ၌ မေ ၂၆ ရက်က ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နှစ်ရက်ကြာကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျီ-၇ အဖွဲ့ဝင် အခြားနိုင်ငံများမှ ခေါင်းဆောင်များကို ဖိတ်ခေါ်ခဲ့သည်။

ရှီးမားကျွန်းဆွယ်ရှိ အိုက်ဇီရှီးမားဒေသ၌ ကျင်းပသော ထိပ်သီးအစည်းအဝေး၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ကွန်ပျူတာကွန်ရက်လုံခြုံရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးတို့အပါအဝင် နိုင်ငံတကာလုံခြုံရေးနှင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။ အိုက်ဇီရှီးမားဒေသသည် ရှင်တိုဘုရားကျောင်းများတည်ရာ ယဉ်ကျေးမှုဒေသဖြစ်သည်။

**ရိုက်တာ။**

# ယူကရိန်းနိုင်ငံသူ အမျိုးသမီးစစ်လေယာဉ်မှူးနှင့် ရုရှားနိုင်ငံသားအကျဉ်းသားနှစ်ဦးကို အပြန်အလှန်ဖလှယ်

**ကီယက်ဗ် မေ ၂၆**

ယူကရိန်းနိုင်ငံမှ အာဏာပိုင်များသည် အကျဉ်းကျခံနေရသော ရုရှားနိုင်ငံသားနှစ်ဦးကို မေ ၂၅ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့ပြီး အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံ၌ အကျဉ်းကျခံနေရသည့် ယူကရိန်းအမျိုးသမီးစစ်လေယာဉ်မှူး နာဒီယာချက်ဗ်ချင်ကိုကို ပြန်လည်လွှတ်ပေးလိုက်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယူကရိန်းသမ္မတ ပီထရို ပိုရိုရှင်ကိုက ရုရှားနိုင်ငံသားများအား အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အမိန့်ကို ထုတ်ပြန်ပေးခဲ့သည်။ ယင်းအမိန့်အရ ရုရှားနိုင်ငံသား အလက်ဇန္ဒား အလက်ဘန်ဒရော့နှင့် ယူဂျင်း ရီယိုဖေးတို့ကို အကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးခဲ့သည်။

ယူကရိန်းသမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ပေါ်ထွက်လာချိန်မှာပင် သမ္မတ ဗလာဒီမာ ပူတင်ကလည်း ယူကရိန်းအမျိုးသမီးစစ်လေယာဉ်မှူးအား အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ပေးခဲ့သည်။

ရုရှားနိုင်ငံ၌ နှစ်နှစ်နီးပါးမျှ အကျဉ်းကျခံခဲ့ရသော ယူကရိန်းအမျိုးသမီးစစ်လေယာဉ်မှူး ချက်ဗ်ချင်ကိုသည် မေ ၂၅ ရက် အစောပိုင်းတွင် ကီယက်ဗ်မြို့သို့လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ယူကရိန်းနိုင်ငံတွင် အကျဉ်းကျခဲ့ရသည့် ရုရှားနိုင်ငံသားနှစ်ဦးမှာလည်း မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြောင်း သတင်းတွင် ဖော်ပြသည်။



ယူကရိန်းကြည်းတပ်မှ လေယာဉ်မှူးဖြစ်သူ ချက်ဗ်ချင်ကိုသည် ရုရှားသတင်းထောက်နှစ်ဦးသေဆုံးရမှုဖြင့် ထောင်ဒဏ် ၂၂ နှစ်ကျခံရန် ၂၀၁၆ ခုနှစ် မတ်လတွင် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံခဲ့ရသည်။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ယူကရိန်းအရှေ့ပိုင်း ပဋိပက္ခကာလအတွင်း ချက်ဗ်ချင်ကို၏ညွှန်ကြားမှုအရ အမြောက်ဖြင့်ပစ်ခတ်ခဲ့မှုတွင် ရုရှားသတင်းထောက်နှစ်ဦး သေဆုံးခဲ့ရသည်ဆို၏။

ပြန်လည်လွှတ်မြောက်လာခဲ့သော ရုရှားနှစ်ဦးမှာမူ စစ်သားများဖြစ်သည်ဟု ၎င်းတို့က ထုတ်ဖော်ပြောကြားခဲ့ကြပြီး ယူကရိန်းပဋိပက္ခကာလအတွင်း လူဂန့်ဒေသ၌ ဖမ်းဆီးခံခဲ့ကြရသူများဖြစ်သည်။

**ဆင်ဟွာ။**

# အမေရိကန်၏ လက်နက်ကုန်သွယ်မှုပိတ်ပင်ချက် ရုပ်သိမ်းပေးရန် တရုတ်တောင်းဆို

**ပေကျင်း မေ ၂၆**

အမေရိကန်၏ လက်နက်ကုန်သွယ်မှုပိတ်ပင်ရေးတားမြစ်အမိန့်သည် စစ်အေးကာလ၏ အမွေအနှစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာအပေါ် ချမှတ်ထားသည့် ယင်းကဲ့သို့သော တားမြစ်အမိန့်အားလုံးကို အမေရိကန်က ပြန်လည်ရုပ်သိမ်းပေးသင့်ကြောင်း တရုတ်ကာကွယ်ရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ယန်ယုကျင်က လစဉ်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံအပေါ် ချမှတ်ထားခဲ့သော လက်နက်ရောင်းဝယ်မှုပိတ်ပင်ရေးတားမြစ်မိန့်ကို အမေရိကန်ပြည်ထောင်စုက ပြန်လည်ရုပ်သိမ်းပေးခဲ့ပြီးနောက် တရုတ်နိုင်ငံက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်က ပေကျင်းမြို့ရှိ တိန်အန်မင်ရင်ပြင်၌ ဒီမိုကရေစီလိုလားသော ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့က နှိမ်နင်းသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်က တရုတ်နိုင်ငံအပေါ် လက်နက်ကုန်သွယ်မှုပိတ်ပင်သည့်တားမြစ်အမိန့်ကို ထုတ်ပြန်ခဲ့သည်။ အလားတူ တားမြစ်အမိန့်ကို ဥရောပသမဂ္ဂကလည်း ချမှတ်ခဲ့သည်။

လက်နက်ရောင်းချမှုပိတ်ဆို့သည့် လုပ်ရပ်သည် စစ်အေးခေတ်အယူအဆတစ်ရပ်ဖြစ်သဖြင့် ယင်းအယူအဆကို စွန့်လွှတ်သင့်ပြီဟု အမေရိကန်ပြည်ထောင်စုမှ ထင်ပေါ်ကျော်ကြား ပညာရှင်ပုဂ္ဂိုလ်များက အခါအားလျော်စွာ ပြောကြားခဲ့ကြကြောင်း၊ အမေရိကန်အစိုးရအဖွဲ့၏ လက်နက်ရောင်းဝယ်မှု ပိတ်ဆို့ထားသော အမိန့်အရပ်ရပ်ကို ပြန်လည်ဖျက်သိမ်းပေးသင့်ကြောင်း ယန်ယုကျင်က ပြောကြားသည်။

**ရိုက်တာ။**





# ဧဝရက်တောင်ထိပ်သို့ ၁၉ နှစ်အရွယ် ဂျပန်အမျိုးသမီးတစ်ဦး တက်ရောက်နိုင်ခဲ့

**တိုကျို မေ ၂၆**

ဧဝရက်တောင်ထိပ်သို့ (၁၉)နှစ်အရွယ် ဂျပန်အမျိုးသမီးတစ်ဦး တက်ရောက်နိုင်ခဲ့ကြောင်း မေ ၂၆ တွင် တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။

'မာရင်မီနာမီရာ'အမည်ရှိ အဆိုပါအမျိုးသမီးသည် ဧဝရက်တောင်ထိပ်သို့ ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း တောင်တက်အဖွဲ့တာဝန်ရှိသူ ဂျန်နန်ဒရာရှက်သာက ကျိုဒိုသတင်းဌာနသို့ ပြောကြားသည်။ ၎င်းသည်အဖွဲ့ဝင် ၁၈ ဦးပါဝင်သော တောင်တက်အဖွဲ့ဖြင့် အမြင့်ပေ ၈၈၄၈ မီတာသို့ တက်ရောက်နိုင်ခဲ့ကြောင်း ၎င်း၏ ဒေသခံတောင်တက်လမ်းပြက ပြောကြားသည်။ ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ယမန်နေ့က အမြင့်ဆုံးဖြစ်သော ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သည်ဟု ရေးသားထားသည်။

'ကျွန်မတစ်ကိုယ်လုံး အားအင်တွေ ကုန်သလိုခံစားရပေမယ့် ကျွန်မတကယ်ပျော်ပါတယ်' ဟု မီရာက ဆိုသည်။ ၂၀၁၄ ခုနှစ်က ၎င်းအနေဖြင့် နီပေါနိုင်ငံ အနောက်အလယ်ပိုင်းရှိ မီနာလူတောင်ထိပ်သို့လည်း တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျိုဒိုနယူးစ်။**

# ဂျာမနီနိုင်ငံရောက်ဒုက္ခသည်များ ဂျာမန်ဘာသာသင်ယူရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းမည်

**ဘာလင် မေ ၂၆**

ဂျာမနီနိုင်ငံတွင် ရောက်ရှိနေကြသော စစ်ဘေးရှောင်ဒုက္ခသည်များအနေဖြင့် နိုင်ငံအတွင်း အလုပ်အကိုင်ရှာဖွေရာတွင် လွယ်ကူစေရန်နှင့် ဂျာမနီလူမှုအဖွဲ့အစည်းများနှင့် ဝင်ဆံ့နိုင်စေရန် ရည်ရွယ်သည့်အနေဖြင့် ဂျာမနီအစိုးရက ၎င်းတို့အား ဂျာမန်ဘာသာစကား သင်ယူနိုင်ရေး ဥပဒေတစ်ရပ်ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျာမန်အစိုးရအဖွဲ့က အဆိုပါဥပဒေတစ်ရပ်ကို မေ ၂၅ ရက်တွင် အတည်ပြုခဲ့သည်။ အဆိုပါဥပဒေကြမ်းကို ပါလီမန်သို့ တင်သွင်းမည်ဖြစ်ပြီး ဇူလိုင်လအစောပိုင်းတွင် ပါလီမန်က အတည်ပြုပြဋ္ဌာန်းနိုင်မည်ဟု မျှော်လင့်ရသည်။

အဆိုပါဥပဒေသည် စစ်ဘေးရှောင်ဒုက္ခသည်များအတွက် အလုပ်အကိုင်ရှာဖွေရာတွင် များစွာအထောက်အကူပြုသည့်အပြင် လုပ်ငန်းဆိုင်ရာလေ့ကျင့်သင်ကြားပေးရေးအတွက်ပါ ပိုမိုအဆင်ပြေစေနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီး သောမက်စ် ဒီ မေ့ဇ်ရာရီက ဆိုသည်။

ထိုသို့ ဂျာမန်ဘာသာသင်ယူရာတွင် ဒုက္ခသည်များအနေဖြင့် ဂျာမနီနိုင်ငံ၏ ယဉ်ကျေးမှု၊ လုပ်ရိုးလုပ်စဉ်များနှင့်ပတ်သက်သည့် သင်ခန်းစာများကိုလည်း လေ့လာသင်ယူရမည်ဖြစ်သည်။ ဒုက္ခသည်များ ဂျာမန်ဘာသာသင်ယူခြင်းကြောင့် ဂျာမန်ပြည်သူများနှင့် ဒုက္ခသည်များအကြား အခက်အခဲမရှိ ပေါင်းသင်းဆက်ဆံနိုင်မည်ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးက ဆိုသည်။

လွန်ခဲ့သောနှစ်က ဂျာမနီနိုင်ငံသို့ စစ်ဘေးရှောင်ဒုက္ခသည် တစ်သန်းကျော်ဝင်ရောက်ခဲ့သည်။ ထိုသို့ စစ်ဘေးရှောင်ဒုက္ခသည်အများအပြား ဝင်ရောက်လာမှုကြောင့် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားနိုင်ခြေရှိသည်ဟု အချို့ဂျာမန်ပြည်သူများက စိုးရိမ်လျက်ရှိကြသည်။ ယခုပြဋ္ဌာန်းမည့်ဥပဒေ၏အကျိုးသက်ရောက်မှုကြောင့် အဆိုပါစိုးရိမ်မှုများကို လျှော့ချနိုင်မည်ဟု မျှော်လင့်ရသည်။



**အင်န်အိတ်ချ်ကေ။**

# အမြင့်ဆုံးဆုဖလားနဲ့ ရီးယဲလ်မက်ဒရစ် အက်သလက်တီကို ဆုံတွေ့မှု

**ရီးယဲလ်မက်ဒရစ် - အက်သလက်တီကို**
**နံနက် ၁း၁၅ (၂၉-၅-၁၆) ဆန်စီရို**





လာမယ့်မေလ ၂၉ ရက်မှာတော့ ၂၀၁၅-၁၆ ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကြီးကို ဆန်စီရိုကွင်းအတွင်းမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ စပိန်ကလပ်နှစ်သင်းဖြစ်တဲ့အပြင် မက်ဒရစ်မြို့ခံပြိုင်ဘက်တွေလည်းဖြစ်ကြတဲ့ အက်သလက်တီကိုနဲ့ ရီးယဲလ်မက်ဒရစ်တို့ ဆုံတွေ့ယှဉ်ပြိုင်ကစားသွားကြမှာဖြစ်တာကြောင့်လည်း အဆိုပါဗိုလ်လုပွဲဟာ စိတ်ဝင်စားဖို့ပိုမိုကောင်းမွန်နေပါတယ်။

အထူးသဖြင့် အဆိုပါနှစ်သင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်မှာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကတင် ပူပူနွေးနွေးဆုံတွေ့ထားခဲ့ကြတဲ့ ပြိုင်ဘက်အသင်းတွေလည်းဖြစ်ကြပါတယ်။ အဆိုပါဗိုလ်လုပွဲမှာတော့ အက်သလက်တီကိုဟာ ရီးယဲလ်မက်ဒရစ်ကို ပွဲပြီးကာနီးအထိ တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရယူနိုင်ခဲ့ပေမယ့်လည်း ပွဲပြီးကာနီး နာကျင်အချိန်ပို နောက်ဆုံးမိနစ်မှာမှ ရီးယဲလ်ခံစစ်မှူး ရာမို့စ်က ရီးယဲလ်အတွက် ချေပဂိုး သွင်းယူသွားခဲ့တာကြောင့် တစ်ဂိုးစီသရေကျခဲ့ရကာ အချိန်ပိုဆက်ကစားရတဲ့အဖြစ်နဲ့ ကြုံခဲ့ရပါတယ်။ အဆိုပါ အချိန်ပိုမှာတော့ အက်သလက်တီကိုတို့ ရီးယဲလ်ကိုထိန်းချုပ်နိုင်မှု မရှိတော့ဘဲ ဘေးလ်၊ မာဆယ်လို၊ ရိုနယ်ဒို (ပင်နယ် တီ)တို့က ရီးယဲလ်အတွက် သုံးဂိုးဆက်တိုက် ထပ်မံသွင်းယူသွားနိုင်ခဲ့တာကြောင့်သာ အက်သလက်တီကိုတို့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပြီး ကလပ်သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဆုဖလားကို ပထမဆုံးအကြိမ် ရယူနိုင်ခွင့်နဲ့ လွဲချော်ခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုတစ်ရာသီသာခြားပြီး ပြန်လည်ဆုံတွေ့လာချိန်မှာ အက်သလက်တီကိုအနေနဲ့ ရီးယဲလ်ကို ၂၀၁၄ တုန်းက ရှုံးကြွေးပြန်လည်ပေးဆပ်ကာ ကလပ်သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဆုဖလားကို ပထမဆုံးအကြိမ်ရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ ပိုမိုကောင်းမွန်လာပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာတော့ ဒီနှစ်သင်းဟာ လာလီဂါပြိုင်ပွဲအတွင်းမှာ နှစ်ကြိမ်ဆုံတွေ့ခဲ့ရာမှာ အက်သလက်တီကိုဟာ ရီးယဲလ်မက်ဒရစ်ကိုနှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ အိမ်ကွင်းမှာကစားခဲ့တဲ့ပွဲစဉ်မှာ အက်သလက်တီကိုဟာ ရီးယဲလ်မက်ဒရစ်ကို တစ်ဂိုးစီသရေကစားနိုင်ခဲ့သလို ရီးယဲလ်အိမ်ကွင်း ဘာနေဗျူးမှာကစားခဲ့တဲ့ပွဲမှာတော့ အက်သလက်တီကိုက ရီးယဲလ်မက်ဒရစ်ကို တစ်ဂိုး -ဂိုးမရှိနဲ့တောင် အနိုင်ကစားနိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်း အက်သလက်တီကိုအနေနဲ့ အခုဒီရာသီအတွင်း တတိယအကြိမ်မြောက်ဆုံတွေ့မှုဖြစ်တဲ့ ဒီပွဲစဉ်မှာလည်း ရီးယဲလ်မက်ဒရစ်ကို လာလီဂါပြိုင်ပွဲကအတိုင်း ထိန်းချုပ်ကစားသွားနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာ ကောင်းလာပါတယ်။ အက်သလက်တီကိုဟာ ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်းမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုတွေကို ပြသထားနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး အကြိုဗိုလ်လုပွဲ အဆင့်မှာဆိုရင် ထိပ်တန်းအသင်းကြီး တစ်သင်းဖြစ်တဲ့ ဘိုင်ယန်ကိုတောင် အကောင်းဆုံးခြေစွမ်းနဲ့ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အက်သလက်တီကိုအနေနဲ့ ဒုတိယအကျော့မှာဆိုရင် ဘိုင်ယန်ရဲ့ ဖိအားပေးထိုးဖောက်မှုတွေကို တစ်ဖက်သတ်နီးပါးခံခဲ့ရပေမယ့်လည်း ခံစစ်ပိုင်းကို အကောင်စုဖွဲ့ကစားနိုင်ခဲ့သလို တန်ပြန်တိုက်စစ်ကိုလည်း အကောင်းဆုံးအသုံးချနိုင်ခဲ့တာကြောင့် အဝေးဂိုးတစ်ဂိုးရရှိခဲ့ကာ အခုလိုဗိုလ်လုပွဲအထိ တက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။

အထူးသဖြင့် အက်သလက်တီကို နည်းပြ ဆီမွြန်နီဟာ ခံစစ်ကိုအကောင်းဆုံးတည်ဆောက်နိုင်သူဖြစ်သလို အက်သလက်တီကိုရဲ့ ခံစစ်မှူးတွေဖြစ်တဲ့ ဂိုဒင်၊ ဆာဗစ်၊ ဂျူအန်ဖရန်၊ ဖိလစ်ပီလုဝ်တို့ဟာလည်း ခြေစွမ်းပိုင်းကောင်းမွန်သူတွေဖြစ်တာကြောင့် တိုက်စစ်ပိုင်းအားကောင်းတဲ့ ဘိုင်ယန်၊ ဘာစီလိုနာတို့လိုအသင်းတွေကိုတောင် ပေးဂိုးမများအောင်ထိန်းချုပ်နိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒ့ါအပြင် အက်သလက်တီကိုမှာ ဂရက်ဇ်မန်းဇ်နဲ့ တောရက်စ်တို့ ခြေစွမ်းပြသနေပြန်တာကြောင့်လည်း အက်သလက်တီကို တိုက်စစ်ပိုင်းက လျင်မြန်ထက်မြက်မှုရှိပြီး တန်ပြန်တိုက်စစ်ကိုလည်း အကောင်းဆုံးပုံဖော်ကစားနိုင်စွမ်းရှိတာတွေ့ရပါတယ်။

ရီးယဲလ်မက်ဒရစ်ကတော့ ဒီရာသီလာလီဂါပြိုင်ပွဲအတွင်းမှာ အက်သလက်တီကိုထက် အဆင့်နှစ်နေရာနဲ့ ရာသီပိတ်သိမ်းနိုင်ခဲ့တာမှန်ပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ အက်သလက်တီကိုအသင်းကို အနိုင်ရယူကာ ချန်ပီယံလိဂ်ဆုဖလားကို ၁၀ ကြိမ်မြောက်ရယူနိုင်ခဲ့တဲ့ ၂၀၁၄ ခုနှစ်တုန်းကလိုတော့ ထက်မြက်ခြင်းမရှိတော့တာတွေ့ရပါတယ်။

အထူးသဖြင့် ရီးယဲလ်တိုက်စစ်မှူးဖြစ်တဲ့ ရိုနယ်လ်ဒိုဟာ လက်ရှိအချိန်မှာ ဂိုးတွေသွင်းယူနိုင်နေဆဲဖြစ်သလို အခွင့်အရေးတွေကိုလည်း အသုံးချနိုင်ဆဲဆိုပေမယ့်လည်း တစ်ဦးချင်းထိုးဖောက်မှုနဲ့ ပြိုင်ဘက်ခံစစ်ကစားသမားတွေကို ထိုးဖောက်ကျော်ဖြတ်နိုင်မှု အရည်အသွေးတွေမှာတော့ ကျဆင်းလာနေတာကို တွေ့နေရပါတယ်။ ဒါကြောင့်လည်း ရီးယဲလ်ဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရိုနယ်လ်ဒိုထက် ဘေးလ်ကို ပိုမိုအားပြုလာခဲ့တာ တွေ့ရသလို ဘေးလ်ရဲ့ခြေစွမ်းပိုင်းကတော့ တိုးတက်ကောင်းမွန်လာခဲ့တာကို တွေ့ရပါတယ်။

ဒ့ါအပြင် ရီးယဲလ်တိုက်စစ်ပိုင်းမှာ ဘင်ဇီမာဟာလည်း ဒီရာသီအတွင်း ကောင်းမွန်တဲ့ခြေစွမ်းတွေကို ပြသထားနိုင်ခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရိုနယ်လ်ဒိုရဲ့ တစ်ဦးချင်းထိုးဖောက် ကစားနိုင်မှုအားကျဆင်းသွားခဲ့ပြီဆိုပေမယ့် ဘေးလ်၊ ဘင်ဇီမာ၊ ရိုနယ်လ်ဒိုတို့နဲ့သာ လူစုံခဲ့မယ်ဆိုရင်တော့ ဘေးလ်၊ ဘင်ဇီမာတို့ရဲ့ ထိုးဖောက်မှုကောင်းမွန်ခြင်းနဲ့ ရိုနယ်လ်ဒိုရဲ့အဆုံးသတ်အရည်အသွေး ကောင်းမွန်နေဆဲဖြစ်ခြင်းတွေပေါင်းကာ ရီးယဲလ်တိုက်စစ်ပိုင်းဟာလည်း ထက်မြက်မှုရှိလာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။

ဒါပေမယ့် ဆိုခဲ့ပြီးတဲ့အတိုင်း အက်သလက်တီကို ခံစစ်ဟာ ဒီရာသီမှာ ကစားပုံပိုမိုကောင်းမွန်မှုရှိလာသလို ရီးယဲလ်မက်ဒရစ်ထက် ဒီရာသီမှာတိုက်စစ်ပိုင်း ပိုမိုထက်မြက်တဲ့ ဘိုင်ယန်နဲ့ ဘာစီလိုနာတို့ကိုတောင် အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့တာကြောင့် ရီးယဲလ်အနေနဲ့ဒီပွဲစဉ်မှာလည်း စပိန်လာလီဂါ နှစ်ပွဲကလို အက်သလက်တီကို ခံစစ်ကို ကျော်ဖြတ်ပြီး ဂိုးသွင်းယူနိုင်ဖို့အတွက် ရုန်းကန်လာရဦးမယ့် အခြေအနေမှာ ရှိနေပါတယ်။

ရီးယဲလ်အနေနဲ့ဒီရာသီမှာ လာလီဂါ ဆုဖလားကိုရယူနိုင်ခြင်းမရှိခဲ့တာကြောင့် ဒီရာသီမှာဆုဖလားလက်မဲ့မဖြစ်ရေးနဲ့ ချန်ပီယံလိဂ်ဆုဖလားကို ၁၁ ကြိမ်ရယူနိုင်ဖို့အရေးအတွက် အားစိုက်ကစားလာဖြစ်ပေမယ့်လည်း အက်သလက်တီကိုအသင်းကို လွယ်လွယ်အနိုင်ရယူနိုင်ဖို့ဆိုတာကတော့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အက်သလက်တီကိုရဲ့ ထက်မြက်တဲ့တန်ပြန်တိုက်စစ်ကို အဖွင့်စောစောပေးခဲ့ရမယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အနေနဲ့ ကစားရခက်ခဲသွားနိုင်သလို ဂိုးရယူနိုင်ဖို့တောင် ပိုမိုရုန်းကန်ရနိုင်ပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာတော့ ရီးယဲလ်တို့ အက်သလက်တီကိုကို အသာရဖို့ခက်ခဲပြီး မိနစ် ၉၀ အတွင်း အနိုင်ရယူနိုင်ခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်နိုင်ဖို့ ခက်ခဲလွန်းပါတယ်။ **[ရှိုင်းမင်းမင်း]**

■

## နယူးကာဆယ်နဲ့ ဆက်လက်လက်တွဲသွားမယ့် ဘင်နီတက်ဇ်



**နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းသွားရသော်လည်း နည်းပြဘင်နီတက်ဇ်အနေဖြင့် ကာဆယ်နှင့်သာ ဆက်လက်လက်တွဲသွားမည်ဖြစ်ကြောင်း အင်ဒီပန်းဒန့်သတင်းဌာနက ဖော်ပြသည်။ ဘင်နီတက်ဇ်နှင့် နယူးကာဆယ်အသင်းတို့သည် သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုပြီးနောက် အဆိုပါ စပိန်နည်းပြမှာ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့တော့မည်ဟူသော ကောလာဟလများကိုလည်း အဆုံးသတ်သွားစေခဲ့သည်။**

ဘင်နီတက်ဇ်မှာ ဇန်နဝါရီလအတွင်းက ရီးယဲလ်နည်းပြအဖြစ်မှ ထုတ်ပယ်ခံရပြီး နှစ်လအကြာတွင် နည်းပြမက်ကာလာရင်နေရာတွင် အစားထိုးတာဝန်ယူခဲ့သော်လည်း နယူးကာဆယ်အား ပရီမီယာလိဂ်တွင် တင်ကျန်အောင်စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ဘင်နီတက်ဇ်နှင့် နယူးကာဆယ်အသင်းတို့ မူလချုပ်ဆိုထားသည့် စာချုပ်တွင် နယူးကာဆယ်အသင်း တန်းဆင်းသွားရလျှင် ဘင်နီတက်ဇ်အနေဖြင့် အသင်းမှ ထွက်ခွာနိုင်သည်ဟူသော အချက်ကို ထည့်သွင်းချုပ်ဆိုခဲ့သောကြောင့် နယူးကာဆယ်မှ သေချာပေါက်ထွက်ခွာတော့မည်ဟု အစောပိုင်း သတင်းရင်းမြစ်များကဖော်ပြခဲ့ကြခြင်းဖြစ်သည်။

ဘင်နီတက်ဇ်မှာ နယူးကာဆယ်အား ၁၀ ပွဲကိုင်တွယ်ခဲ့ရာ သုံးပွဲရှုံးနိမ့်ခဲ့ပြီးနောက် အက်စ်တွန်ဗီလာ၊ နော့ဝှစ်ချ်အသင်းတို့နှင့်အတူ တန်းဆင်းသွားခဲ့ရသည်။ အမာခံပရိသတ်များက စပါးအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော ပရီမီယာလိဂ် ရာသီသိမ်းပွဲစဉ်တွင် ဘင်နီတက်ဇ်အား ကလပ်အသင်းနှင့် ဆက်လက်ပူးပေါင်းရန် စာတမ်းများ ကိုင်ဆောင်ကာ တောင်းဆိုခဲ့ကြသည်။

“ပရိသတ်တွေက လိုလိုလားလားရှိနေကြတဲ့အတွက် ကျွန်တော် အသင်းနဲ့ ဆက်ပူးပေါင်းဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်”ဟု ဘင်နီတက်ဇ်က ဘီဘီစီနှင့် အင်တာဗျူးပြုလုပ်စဉ် ထည့်သွင်းပြောကြားခဲ့သည်။ နယူးကာဆယ်ဂန္ထဝင်ကစားသမား အလန်ရှီးယားကမူ ဘင်နီတက်ဇ်၏ ဆုံးဖြတ်ချက်အတွက် ကျေနပ်မိသော်လည်း အံ့အားသင့်မိကြောင်းလည်း ဆိုသည်။ ဘင်နီတက်ဇ်သည် နည်းပြအတွေ့အကြုံ ၂၁နှစ်ရှိသူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအား အနိုင်ရလဒ် ၆၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် သူ၏နည်းပြသက်တမ်းတစ်လျှောက် အမြင့်ဆုံးရလဒ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ကိုးလအကြာတွင် ထုတ်ပယ်ခံခဲ့ရသည်။ **(မေလှဲ့သင်း)**

### ဘင်နီတက်ဇ်၏ နည်းပြမှတ်တမ်း

| ကလပ်အသင်းအမည် | အနိုင်(ရာခိုင်နှုန်း) |
|---|---|
| ဗယ်လာဒိုလစ် | ၈ ဒသမ ၇ |
| အက်စ်စတီမာဒူရာ | ၂၃ ဒသမ ၇ |
| ဗလင်စီယာ | ၅၃ ဒသမ ၅ |
| လီဗာပူး | ၅၅ ဒသမ ၃ |
| အင်တာမီလန် | ၄၀ |
| ချယ်လ်ဆီး | ၅၇ ဒသမ ၇ |
| နာပိုလီ | ၅၄ |
| ရီးယဲလ်မက်ဒရစ် | ၆၁ ဒသမ ၂ |
| နယူးကာဆယ် | ၃၀ |

## ကွင်းလယ်တိုက်စစ်မှူး ဂေါ့ဇီ ဂျာမနီအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာ

ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီကြယ်ပွင့် ဂေါ့ဇီသည် လက်ရှိတွင် ဒဏ်ရာပြဿနာမှ သက်သာလာပြီဖြစ်သောကြောင့် ဂျာမနီအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဂေါ့ဇီသည် ဒဏ်ရာပြဿနာကြုံနေခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်း၏ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် လွဲချော်ခဲ့သူဖြစ်သည်။ သို့ရာတွင် ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီ ဂျာမနီအသင်းနှင့်အတူ ပြန်လည်ပါဝင်လာနိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

ဂေါ့ဇီသည် ဒေါ့မွန်အသင်းနည်းပြဟောင်း ဂျာဂန်ကလော့ လက်ရှိကိုင်တွယ်လျက်ရှိသည့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန်လည်း ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။ သို့ရာတွင် ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုကမူ ဂေါ့ဇီမှာ ဘိုင်ယန်မြူးနစ်အသင်း၌သာ ဆက်ရှိနေလိမ့်မည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။



**(ငွေကြယ်)**

## ရက် ၁၀၀ အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မေ ၂၆**
ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်ပြီး ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ပြီးဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ တိုးတက်လာမည်ဟု ထင်မြင်ယူဆမိကြောင်း၊ ရက် ၁၀၀ စီမံချက်သည် အစိုးရသစ်၏ သက်တမ်းအစတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရေးဆွဲရခြင်းဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဌာနဆိုင်ရာများ အနေဖြင့် မလုပ်၊ မရှုပ်၊ မပြုတ်သဘောမထားဘဲ တိုင်းပြည်နှင့် နိုင်ငံချစ်စိတ်၊ နိုင်ငံသားအပေါ် သစ္စာရှိသည့် စိတ်မွေးမြူပြီး ဝိုင်းဝန်းပူးပေါင်းကြိုး ပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အတွေ့အကြုံရှိသည့် ဝန်ထမ်းများ၊ အတတ်ပညာရှင်များအကူအညီဖြင့် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားကြလျှင် ငါးနှစ်တာကာလအတွင်း ကချင်ပြည်နယ် အနေဖြင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနများအလိုက် ရက် ၁၀၀ စီမံချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လိုအပ်ချက်များ ဖြည့်စွက် ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရက် ၁၀၀ စီမံချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများအနေဖြင့် အချိန်တိုအတွင်းလုပ်ငန်းဆောင် ရွက်မှုတင်ပြချက်အပေါ် အားရကျေနပ်မိကြောင်းနှင့် လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်ပြန်/ဆက်**

## ရက် ၁၀၀ အတွင်း လက်ပံလှကျေးရွာ၌ မြေငှားဂရန် ထုတ်ပေးနိုင်ရေးဆောင်ရွက်

**ခင်ဦး မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရေးအတွက် ရက် ၁၀၀ အတွင်း မြို့နယ်ဌာနများက လုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ခင်ဦးမြို့နယ် လက်ပံလှကျေးရွာတွင် မြေငှားဂရန်ကို မူလကျေးရွာမြေဧရိယာ ၃၂ ဒသမ ၁၁၄ ဧက အတွင်းရှိပြည်သူ ၂၂၅ ဦးထံသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၄ ရက်က ထုတ်ပေးခဲ့သည်။ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လျှောက်ထားသော လယ်မြေ ၇ ဒသမ ၆၁ ဧကနှင့် ယာမြေ ၇ ဒသမ ၄၆ ဧကတွင် လ/ယ ၃၀ ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော ယာမြေဧရိယာအတွင်းနေထိုင်သော ပြည်သူ ၄၁ ဦးထံသို့ ကျေးရွာမြေငှားဂရန် ဆက်လက်ထုတ်ပေးနိုင်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ရက် ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အလားတူ ၂၀၁၆ ခုနှစ်တွင် မြကန်ကျေးရွာကိုလည်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ရက် ၁၀၀ အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ GPS စနစ်ဖြင့် မြေပြင်ကွက်စိပ်၊ ကွက်ကျဲ တိုင်းတာပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ပင်လယ်ဘူးမြို့နယ်တွင် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ ကွင်းဆင်းစစ်ဆေး

**ပင်လယ်ဘူး မေ ၂၆**
မေ ၂၄ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လယ်ဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်လုပ်ငန်းအဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာစီရွေးချယ်၍ ရက် ၁၀၀ အတွင်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် တောင်ဒွန်းကျေးရွာအုပ်စု အင်ကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် အင်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ ရွာသူရွာသားများက အိမ်ရာမြေကွက်တိုင်းတာရေးအတွက် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။ **ကိုတင်မောင်ဦး (အလုံ)**

## ကျွန်းလှမြို့နယ်တွင် ရက် ၁၀၀ စီမံကိန်းဖြင့် မြေသားရေကန်များတူးခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ သောက်သုံး ရေဖူလုံစွာရရှိစေရန် ရက် ၁၀၀ စီမံကိန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြေသားရေကန်များ တူးဖော်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ မြေသားရေကန်များ တူးဖော်ရာတွင် မေ ၂၄ ရက်က ရွာသီ ကျေးရွာတွင် စတင်တူးဖော်လျက်ရှိပြီး သဖန်းဆိပ်၊ ကုက္ကိုကုန်း၊ ငါးဘတ်အိုင်၊ ရွှေတောင်ကျေးရွာတို့တွင်လည်း တူးဖော်သွားမည်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာငါးရွာတွင်တူးဖော်မည့်မြေသားရေကန်များကို (၁၀၀× ၁၀၀× ၆) ပေတူးဖော်၍ရေကန်တစ်ကန်အား နိုင်ငံတော်ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**





## ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများစစ်ဆေး

**နမ့်စန် မေ ၂၆**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ဝမ်ပန်ရွာသွားလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၅ ဒသမ ၃ ဖာလုံ ဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်အောင်ငြိမ်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းတို့က မေ ၂၅ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

အဆိုပါ ဝမ်ပန်ရွာသွားလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွဲဝေချထားငွေအရ ငွေကျပ်သိန်း ၁၈၀ အကုန်ကျခံကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများစစ်ဆေး

**ဟိုင်းကြီးကျွန်း မေ ၂၆**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးနှင့် လျှပ်စစ်လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရက် ၁၀၀ စီမံချက်အရ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာအနီးရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးရန် တည်ဆောက်လျက်ရှိသော ၃၃/၁၁ ကေဗွီ ၅ ကေဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှု အခြေအနေအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးမြင့်သူနှင့် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးစဝင်းနိုင်တို့သည် ၂၀၁၆ ခုနှစ် မေ ၂၁ ရက်တွင် လုပ်ငန်းအချိန်မီ ပြီးစီးရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။၃၃/၁၁ကေဗွီ ၅ ကေဗွီအေ ဓာတ်အားခွဲရုံမှ ကျုံကူးကျေးရွာအနီးရှိ ကျေးရွာ ၂၉ ရွာအား ဓာတ်အားဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**

## ရက် ၁၀၀ အတွင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်

**မိုးနဲ မေ ၂၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ရဲတပ်ဖွဲ့၏ ရက် ၁၀၀ အတွင်း ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစဉ်စနစ်သို့ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနှင့် အနှစ်သာရ တိုးတက်အောင် မြှင့်တင်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကို ကူညီထောက်ပြပြောဆိုမှုများဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

မိုးနဲမြို့နယ်ရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်အား မေ ၁ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရက် ၁၀၀ စီမံချက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေး

**စေတုတ္တရာ မေ ၂၆**
မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရဲတပ်ဖွဲ့ ပထမ ရက် ၁၀၀ စီမံချက်ကာလအတွင်း လုံခြုံရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူအများသိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးဆိုင်ဘုတ်များကို စေတုတ္တရာမြို့ အဝင်လမ်းဆုံတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး မြင့်သန်းဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မေ ၂၅ ရက် နံနက်ပိုင်းက စိုက်ထူခဲ့ကြောင်း သိရသည်။

**ကျော်ဇင်မင်း(စေတုတ္တရာ)**

ကြေးမုံ
မေ ၂၇၊ ၂၀၁၆ (သောကြာနေ့)



**၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူလူထု ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရ အဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီ ဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူ ထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။**



# ခရီးစဉ်သစ်များဖြင့် ကျေးလက်လူထုနှင့် ခရီးသွားများအကြား ပိုမိုပွင့်လင်းလာမည့် ရက်ပေါင်း ၁၀၀

တွေ့ဆုံမေးမြန်း - သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - မေဦးမိုး၊ ဟိုတယ်/ခရီး

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ရက်ပေါင်း ၁၀၀ အတွင်း ခရီးသွားလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(Community Based Tourism-CBT) ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လက်ရှိခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်မြှင့်တင်သွားရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**



မြန်မာ့သနပ်ခါးအား အမြတ်တနိုးလိမ်းခြယ်ခံယူနေသော ကမ္ဘာလှည့်အမျိုးသမီးတစ်ဦး။

အဆိုပါ ဆောင်ရွက်လျက်ရှိသည့် ရက် ၁၀၀ စီမံချက်များနှင့်ပတ်သက်၍ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို အများပြည်သူများ သိရှိစေရန် ပြန်လည်မျှဝေလိုက်ရပါသည်။

**မေး။ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သွားမယ့်ကဏ္ဍတွေနဲ့ ဘယ်ကဏ္ဍတွေကို ဦးစားပေးဆောင်ရွက်သွားမှာလဲ ဆိုတာ သိပါရစေ။**

**ဖြေ။** အစိုးရသစ်စတင်ပြီး တာဝန်ယူတဲ့ အချိန်မှာ ရက် ၁၀၀ စီမံကိန်းဟာ တာစထွက်သလိုပါပဲ။ အချက်ပေးသံနဲ့အတူ တွန်းအားပေးမှုတစ်ရပ်ကို ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒီအချိန်တိုကာလအတွင်းမှာ ခရီးသွားကဏ္ဍကို အရှေ့တစ်ခုဖြစ်အောင် အရှိန်အဟုန်နဲ့ သွားဖို့ရယ်၊ သွားနေတဲ့ အရှိန်အဟုန်တွေနဲ့ ပတ်သက်ပြီး ရှေ့နိုင်ဖို့အရှေ့တစ်ခုဟာလည်း အချိန်တိုအတွင်းမှာ အကျိုးရှိစေဖို့ ဖြစ်နိုင်ခြေရှိတဲ့ ကဏ္ဍတွေကို ရွေးချယ်စဉ်းစားခဲ့ပါတယ်။ ဒီလိုစဉ်းစားတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ခရီးသွားကဏ္ဍမှာ အပန်းဖြေခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့်ကားအပျော်စီးခြင်းခရီးစဉ်၊ စက်ဘီးစီးခြင်းခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ဘုရားဖူးနဲ့ ဆုတောင်းဝတ်ပြုခရီးစဉ်၊ အပျော်စီးသင်္ဘော ခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ အားကစားအခြေပြုခရီးသွားလုပ်ငန်းစတဲ့ ခရီးစဉ်တွေထဲမှာ လူထုအခြေပြုခရီးစဉ်ဟာ အချိန်တိုအတွင်း ပြည်သူလူထုကို တိုက်ရိုက် အကျိုးကျေးဇူးရှိစေတာရယ်၊ ရပ်ရွာလူထုနဲ့ကမ္ဘာလှည့်ခရီးသည်တွေ တိုက်ရိုက်ထိတွေ့ရတဲ့ ခံစားမှုရရှိစေတာရယ်၊ လူထုအဆင့် ဒေသရဲ့ပကတိအခြေအနေတွေကို အနီးကပ်သိရှိခွင့်ရရှိစေတာရယ်၊ ဒေသဖွံ့ဖြိုးမှုရရှိစေပြီး တစ်ဦးချင်းလူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေတာရယ်ကြောင့် ဒီလူထုအခြေပြုခရီးစဉ်ကို ရွေးချယ်ပြီး ရက်ပေါင်း ၁၀၀ အတွင်း တွန်းအားပေးဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ ခရီးသွားလုပ်ငန်းနယ်ပယ်မှာ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေအနေနဲ့ သက်ဆိုင်ရာ ဘာသာရပ်တွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ အရည်အချင်းမီ ဝန်ဆောင်မှုပေးနိုင်ဖို့လိုအပ်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းဟာ သီအိုရီနဲ့ လက်တွေ့ဟန်ချက်ညီညီ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ ဝန်ထမ်းကောင်းတွေဖြစ်ဖို့ရယ်၊ တိုးတက်မြင့်မားလာတဲ့ကမ္ဘာလှည့်ခရီးသည်တွေကို ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် လိုအပ်လာတဲ့လူ့စွမ်းအားတွေကို မွေးထုတ်ပေးနိုင်မယ့် ဘာသာရပ်ဆိုင်ရာ သင်တန်းတွေပေးမယ့် သင်တန်းကျောင်းကြီးတွေ လိုအပ်လာပါတယ်။ ဒီသင်တန်းကျောင်းကြီးတွေကတစ်ဆင့် အရည်အချင်းမီတဲ့ဝန်ထမ်းတွေကို မွေးထုတ်ပေးဖို့ဖြစ်ပါတယ်။

ရက် ၁၀၀ အတွင်းမှာ ဝန်ကြီးဌာနအနေနဲ့ ခရီးသွားလုပ်ငန်းတွေ စနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism-CBT) ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လက်ရှိခရီးစဉ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ခရီးစဉ်ဒေသအသစ်တွေ ဖော်ထုတ်မြှင့်တင်သွားရေး စတဲ့လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ အားထုတ်ကြိုးပမ်းနေတာဖြစ်ပါတယ်။

**မေး။ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ ရက် ၁၀၀ အတွင်းမှာ ဘယ်ဒေသတွေကိုဦးစားပေးပြီး ဆောင်ရွက်သွားမလဲဆိုတာနဲ့ လက်ရှိအကောင်အထည်ဖော်နေတဲ့ ဒေသတွေရဲ့ ရပ်ရွာအခြေပြု ဆောင်ရွက်နေမှုတွေ အကြောင်းကိုလည်း ရှင်းပြပေးပါရှင့်။**

**ဖြေ။** ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းမှာ ကနဦးစီမံကိန်းခြောက်ခုကို အခုရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ CBT အကောင်အထည်ဖော်နေတဲ့ဒေသတွေကတော့ ကချင်ပြည်နယ် အင်းတော်ကြီးကန် ပတ်ဝန်းကျင်ကျေးရွာတွေ၊ ကယားပြည်နယ် လွိုင်ကော်မြို့(ပန်ပက်၊ တနီးလာလဲ၊ ဟွေအော၊ စွပ်ပိုင်)ဒေသ၊ ကရင်ပြည်နယ်မှာ သံတောင်ကြီးဒေသ၊ ရှမ်းပြည်နယ်မှာ ပအိုဝ်းဒေသရှိ လွယ်ခေါ်၊ အင်းနီ၊ ထီနဲ့နှင့် ကက္ကူကျေးရွာများ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်မှာရှိတဲ့ ကန်တော်ကြီး (၁)၊ ကန်တော်ကြီး (၂) ကျေးရွာ၊ ဆူလီပန်းကျေးရွာ၊ အင်းရောင်းကျေးရွာ၊ မန္တလေးတိုင်းဒေသကြီးမှာ မင်းကွန်းနဲ့ ကျောက်မြောင်းရွာအကြားမှာရှိတဲ့ ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုန်း၊ မြေစွန်းကျွန်း၊ မြစ်ကမ်းကြီး၊ ဆည်သည်ကျေးရွာ ခြောက်ရွာစတဲ့ ဒေသတွေမှာ အကောင်အထည်ဖော်လျက်ရှိပါတယ်။

**မေး။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေ ။**

**ဖြေ။** လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ ရက် ၁၀၀ အတွင်း ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကတော့ ရခိုင်ပြည်နယ် မြောက်ဦးနဲ့ ကျောက်တော်ဒေသတွေမှာ ဒေသခံကျောင်းသား ကျောင်းသူ လူငယ်တွေကို ကွန်ပျူတာအခြေခံနဲ့ အင်္ဂလိပ်စာ သင်တန်းတွေ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်မှာလည်း ပင်းတယမြို့၊ ရွာငံမြို့နဲ့ ညောင်ရွှေမြို့တွေမှာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ သင်တန်းတွေပေးဖို့ရှိပါတယ်။ နောက်ပြီး ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း(ရန်ကုန်)ကို သင်တန်းဖွင့်လှစ်ခြင်းဆိုင်ရာကိစ္စရပ်တွေ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ဖို့ တစ်ပြည်လုံးမှာရှိတဲ့ အခြားသောပုဂ္ဂလိကသင်တန်းကျောင်းများနဲ့လည်း သင်ရိုးညွှန်းတမ်းတွေ ညှိနှိုင်းရေးဆွဲနိုင်စေဖို့အတွက် အရာထမ်းဝန်ထမ်းတွေကိုလည်း စနစ်တကျ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း (ရန်ကုန်)မှာ လက်ရှိဖွင့်လှစ်နေတဲ့ ဧည့်လမ်းညွှန် အခြေခံသင်တန်းတွေရဲ့ သင်ရိုးညွှန်းတမ်းကို ပြည်တွင်းပြည်ပအဖွဲ့အစည်းနဲ့ ကျွမ်းကျင်ပညာရှင်တွေနဲ့ပူးပေါင်းပြီး အာဆီယံ အပြန်အလှန်အသိအမှတ်ပြုရေး စံနှုန်းများနဲ့ အညီဖြစ်စေဖို့ ပြင်ဆင်ရေးဆွဲ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ညောင်ဦးမြို့မှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်များရဲ့ သင်ရိုးညွှန်းတမ်းတွေ တစ်ပြေးညီဖြစ်စေဖို့အတွက် ဝန်ကြီးဌာနက ကြီးကြပ်ပြီးတော့ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွေက ကျွမ်းကျင်ပညာရှင်တွေနဲ့ ပူးပေါင်းရေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝိဇ္ဇာဘွဲ့(ခရီးသွားလုပ်ငန်း)အတွက် သင်ရိုးညွှန်းတမ်းတွေကို ဒေသတွင်းအာဆီယံနိုင်ငံစံနှုန်းနဲ့အညီ အဆင့်မြှင့်တင်ရေး၊ ပြင်ဆင်ရေးဆွဲခြင်းနဲ့ မဟာဝိဇ္ဇာဘွဲ့(ခရီးသွားလုပ်ငန်း)ကို ဆက်လက်သင်ကြားပို့ချနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ တိုးချဲ့ရေးဆွဲခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ နောက်တစ်ခုအနေနဲ့ ခရီးစဉ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ခရီးစဉ်ဒေသအသစ်တွေ ဖော်ထုတ်မြှင့်တင်သွားမယ့် အစီအစဉ်တွေရော ရှိပါသလားရှင့်။ လာမယ့်ခရီးသွားရာသီသစ်အတွက်ရော ကြိုတင်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေရှင့်။**

**ဖြေ။** ခရီးစဉ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် လက်ရှိမှာတော့ အဓိကခရီးစဉ်ဒေသတွေအပေါ်မှာ အခြေခံပြီး ခရီးစဉ်ဒေသအသစ်တွေ ဖော်ထုတ်ပြီး လက်တွေ့ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်နေပါတယ်။ ပြည်သူလူထုထံကို ပူးပေါင်းဆောင်ရွက်ခြင်း၊ အလားအလာရှိတဲ့ ခရီးစဉ်ဒေသအသစ်တွေကို လာမည့်ခရီးသွားရာသီတွေဖြစ်တဲ့ အောက်တိုဘာလမှ ဖေဖော်ဝါရီလလောက်မှာ စတင်ဈေးကွက်တိုးချဲ့နိုင်ရေး ညှိနှိုင်းဆောင်ရွက်တာတွေကို ရက် ၁၀၀ အတွင်းမှာပဲ ကြိုတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၈ သို့ »»



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လူထုအခြေပြုခရီးသွားလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသွားများ မြန်မာ့ရိုးရာဓလေ့နှင့် ကျေးလက်လူမှုအခြေအနေများကို ပိုမိုလေ့လာနိုင်မည်ဖြစ်သည်။



စက်ဘီးစီး၍ တစ်ဖုံ၊ ခြေကျင်လျှောက်၍ တစ်သွယ် မြန်မာ့ကျေးလက် လူနေမှုဘဝများကို လေ့လာနေကြသည့် ကမ္ဘာလှည့်ခရီးသွားများ။

စာမျက်နှာ ၁၇ မှ »»

**မေး။ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြောင်းလဲဖော်ဆောင်ရမယ့်လုပ်ငန်းတာဝန်တွေကိုလည်း သိပါရစေရှင့်။**

**ဖြေ။** ဟိုတယ်နဲ့ ခရီးသွားကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကို နိုင်ငံခြားငွေရှာဖွေပေးတဲ့ အရေးကြီးစီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် အသင့်ဖြစ်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာအခြေခံစေရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုသည့် မူဝါဒများချမှတ် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးစေရေးအတွက် ခရီးသွားလုပ်ငန်းကရရှိတဲ့ အကျိုးအမြတ်ကို ပြည်သူများပိုမိုသိရှိစေရန်၊ ခရီးသွားလုပ်ငန်းကို ပြည်သူများစိတ်ဝင်စားလာစေရန်၊ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုကို ပိုမိုထိန်းသိမ်းလာစေရန်နဲ့ ခရီးသွားလုပ်ငန်းမှာ ပြည်သူတွေပါဝင်ဆောင်ရွက်လာစေဖို့ ရပ်ရွာလူထုကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းကို စတင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အောင်မြင်မှုတွေလည်း ရရှိနေပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေဖို့အတွက်လည်း တွန်းအားပေးပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဟိုတယ်နဲ့ခရီးသွားကဏ္ဍဆိုတာ မြန်မာ့စီးပွားရေးကဏ္ဍမှာ ကျေးလက်ပြည်သူတွေအထိ အကျိုးများစေမယ့် ကဏ္ဍဆိုတာ သိရပြီးတဲ့နောက်မှာ ကဏ္ဍအလိုက် ရေရှည်တိုးတက်တည်တံ့ဖို့အတွက် ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေ ရှိရင်လည်း ပြောပြပေးပါဦးရှင့်။**



ကမ္ဘာလှည့်ခရီးသွားများ မြန်မာ့ကျေးလက်ဒေသများတွင် လှည့်လည်လေ့လာနေစဉ်။



ကမ္ဘာလှည့်ခရီးသွားများ ကျေးလက်လူနေမှုပုံရိပ်များကို လေ့လာနေကြစဉ်။



**ဖြေ။** ဟိုတယ်နဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကတော့ လိုအပ်တဲ့ အကူအညီတွေကို ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံကနေ ရရှိနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုထင်ရှားတဲ့ ခရီးစဉ်ဒေသဖြစ်လာအောင် ကြိုးပမ်းသွားမှသာ မြန်မာ့စီးပွားရေးကဏ္ဍမှာခရီးသွားကဏ္ဍကနေတစ်ဆင့် ကျေးလက်ပြည်သူတွေအထိ ဝင်ငွေရရှိစေပြီး နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုကနေ အမျိုးသားဝင်ငွေ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှာမို့ အလေးထားပြီး လုပ်ဆောင်သွားမှာပါ။

ဒါ့အပြင် အလုပ်ရုံဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေနဲ့ ပြပွဲတွေ၊ ကွန်ဖရင့်တွေ များများကျင်းပနိုင်မယ့် အခွင့်အရေးတွေကို ဖော်ထုတ်ပေးသွားမှာဖြစ်သလို ခရီးစဉ်ဒေသအလိုက်ဆွဲဆောင်မှုရှိတဲ့ နေရာတွေကို ပြကွင်းပြကွက်များစုံလင်အောင် ဖော်ထုတ်ပေးမှာပါ။ ခရီးစဉ်ဒေသတွေရဲ့ ဆွဲဆောင်မှုတွေကိုရေရှည်တည်တံ့အောင်ထိန်းသိမ်းဖို့ကတော့ အရေးကြီးတဲ့ လုပ်ငန်းတစ်ခုမှာ ပါဝင်ပါတယ်။ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာဖို့လည်း ကြိုးပမ်းသွားမှာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေနဲ့ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ အဆင်ပြေလွယ်ကူစွာ ဝင်ထွက်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ကြိုးပမ်းနိုင်ရမှာဖြစ်သလို ခရီးစဉ်လှည့်လည်ပြသခြင်းလုပ်ငန်းတွေ၊ ဧည့်လမ်းညွှန်လုပ်ငန်းတွေ၊ စားသောက်ဆိုင်လုပ်ငန်းတွေနဲ့ အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချရေးလုပ်ငန်းတွေမှာလည်း စနစ်တကျလုပ်ကိုင်တတ်ကြဖို့ လမ်းညွှန်ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြုပြင်ရေးဆွဲသွားဖို့လည်း ရေရှည်မှာ ရည်ရွယ်ချက်ရှိပါတယ်။ ဟိုတယ်နဲ့ တည်းခိုရိပ်သာလုပ်ငန်းတွေအားလုံး စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ရမှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ တာဝန်လို့ ခံယူထားပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးဖို့၊ အာဆီယံစံနှုန်းတွေနဲ့ကိုက်ညီအောင် လေ့ကျင့်သင်ကြားပေးဖို့နဲ့ ပတ်ဝန်းကျင်မထိခိုက်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်တွေမပျက်စီးစေရေး၊ လူမှုရေးပြဿနာတွေမပေါ်ပေါက်စေရေးနဲ့ စီးပွားရေးနဲ့ဆိုင်တဲ့ ပြဿနာတွေ အနည်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ လေကြောင်း၊ ရေကြောင်းနဲ့ ကုန်းကြောင်းခရီးစဉ်တွေ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးဖို့၊ ခရီးသည်ရောက်ရှိမှုနဲ့ ဒေသအလိုက်ဝန်ဆောင်မှုတွေကို မျှတမှုရှိ/မရှိ ထိန်းသိမ်းကြပ်မတ်တာတွေ၊ ခရီးစဉ်ဒေသအတွင်းမှာ ဆင့်ပွားအကျိုးသက်ရောက်မှု၊ လူမှုအဆင့်အတန်းဖွံ့ဖြိုးမှု၊ ဆင်းရဲမှုလျှော့ချနိုင်မှုတို့ကို မှန်ကန်တိကျတဲ့ ကိန်းဂဏန်းတွေနဲ့ ဖော်ထုတ်ပြသနိုင်ဖို့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နောက်ပိုင်း လုပ်ဆောင်ချက်တွေအနေနဲ့ကတော့ ပြည်ပထွက်ခွာတဲ့ခရီးသွားလုပ်ငန်း (Outbound Tourism)ကို လုပ်ကိုင်ခွင့်ပြုရန်၊ ပြည်တွင်းခရီးသွားလုပ်ငန်း (Domestic Tourism)စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် စတာတွေကိုလည်း ရေရှည်မှာ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရေရှည်မှာ ခရီးသွားကိန်းဂဏန်း အချက်အလက်တွေ မှန်ကန်ဖို့၊ ခရီးသွားကဏ္ဍကနေ ကောက်ခံနေတဲ့ ငွေကြေးတွေကို စနစ်တကျ ပြန်လည်သုံးစွဲနိုင်ရေး၊ ခရီးစဉ်ဒေသသစ်တွေ ထွက်ပေါ်လာရေး၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရတွေရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုရရှိရေးတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာ ဖြစ်တယ်ဆိုတာကို ထပ်လောင်းဖြေကြားလိုပါတယ်။

**မေး။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ အခုအစိုးရသက်တမ်းကာလအတွင်းမှာ ဆောင်ရွက်သွားမယ့် အနာဂတ်စီမံကိန်းတွေလည်း သိပါရစေရှင့်။**

**ဖြေ။** ဝန်ကြီးဌာနအနေနဲ့ ငါးနှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံဟိုတယ်နဲ့ ခရီးသွားလာရေးဥပဒေသစ် ပေါ်ထွက်လာရေး ဆောင်ရွက်သွားပါမယ်။ ပြည်ပဧည့်သည်တွေ ပိုမိုတိုးတက်ရောက်ရှိလာအောင်ဆောင်ရွက်သွားပါမယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းတွေဖြစ်တဲ့ ဈေးကွက်ရှာဖွေခြင်း၊ ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲများတွင် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်သွားပါမယ်။ နောက်ပြီးတော့ နယ်စပ်ဒေသ ဝင်ပေါက်သစ်တွေဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမယ်။ ခရီးသည်တွေ အဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်၊ ထွက်သွားလာနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမယ်။ အာဆီယံနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ ပါဝင်ပူးပေါင်းပြီးဆောင်ရွက်သွားပါမယ်။ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများစဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်သွားပါမယ်။ ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိစေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးမပျောက်ကွယ်စေရေး ထိန်းသိမ်းဆောင်ရွက်သွားပါမယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းကနေ ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိရေးအတွက် ဆောင်ရွက်သွားပါမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ပိုမိုတိုးတက်လာစေရေး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ အနာဂတ်စီမံကိန်းတွေ ချမှတ်ပြီးဆောင်ရွက်တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် ရရှိလာမယ့်အကျိုးသက်ရောက်မှုတွေကို ပြောပြပေးစေချင်ပါတယ်ရှင့်။**

**ဖြေ။** ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် နိုင်ငံတော်ဝင်ငွေတွေဟာလည်း နိုင်ငံအတွင်းမှာရှိတဲ့ လူထုလူတန်းစား အလွှာအသီးသီးထံကို ရောက်ရှိသွားမှာဖြစ်ပြီး အကျိုးအမြတ်ရရှိစေမှာ ဖြစ်ပါတယ်။ နောက်ပြီး ခရီးသွားလုပ်ငန်းကနေ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေကိုလည်း သိရှိခံစားရမှာဖြစ်ပါတယ်။ နိုင်ငံခြားဧည့်သည်တွေ ပိုမိုဝင်ရောက်လာခြင်းတွေကနေ မြန်မာနိုင်ငံရဲ့ အမည်အမှတ်တံဆိပ်လည်း ပိုမိုပြီးထင်ရှားပေါ်လွင်လာမယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။

မီးခိုးတိတ်စက်ရုံဟု တင်စားခေါ်ဝေါ်ကြသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများအတွက် ယခင်အစိုးရအဆက်ဆက်ကတည်းကပင် စီမံကိန်းများချမှတ်ကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် ပထမရက် ၁၀၀ အတွင်း ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိုအခြေခံကာ ခရီးသွားလုပ်ငန်းပိုမိုတိုးတက်စေရန်အတွက် ရေတိုရေရှည်စီမံကိန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရန် စိုင်းပြင်းနေသည်ကို မြင်တွေ့ရသည်။

တစ်နိုင်ငံလုံးကိုအခြေခံသည့် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဝန်ကြီးဌာနမှ ဆောင်ရွက်ရန်ရည်ရွယ်ထားသည်များကို ပြည်သူများသိရှိနားလည်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းကမ်းပြည့်ဝပြီး တိုင်းပြည်၏ လူမှုစီးပွားဘဝများကို မြှင့်တင်ပေးနိုင်မည့် ခရီးသွားလုပ်ငန်းများ အောင်မြင်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

■

# ကုန်ကြမ်းအခြေခံလုပ်ငန်းများ ထိန်းသိမ်းရန်နှင့် စစ်ဆေးရန် ဓာတ်ခွဲခန်းလိုအပ်

**မကွေး မေ ၂၆**

ရောဆီများတွင်သာ ဘေးထွက်ဆိုးကျိုးရှိနိုင်သည်မဟုတ်ဘဲ ပဲဆီ၊ နှမ်းဆီများတွင်လည်း ထုတ်လုပ်မှုအရည်အသွေးစံချိန်မမီပါက အသည်းကင်ဆာဖြစ်စေနိုင်သည့် Aflatoxin ပါဝင်နိုင်သည့်အတွက် ပြည်သူများ စားသုံးဆီသန့်သန့်သုံးစွဲခွင့်ရစေလိုလျှင် ကုန်ကြမ်းသီးနှံ ထုတ်လုပ်မှုအခြေခံမှစပြီး ပြုပြင်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ စားဆီသန့်မသန့်ကို စစ်ဆေးပေးနိုင်မည့် ဓာတ်ခွဲခန်းတစ်ခုလည်း မကွေးမြို့၌ လိုအပ်နေကြောင်း စားသောက်ကုန်ဈေးကွက်လေ့လာစောင့်ကြည့်သူများကပြောသည်။

"မှိုတစ်မျိုးဖြစ်တဲ့ Aflatoxin ကင်းစင်ဖို့အတွက် ဆီစက်ရောက်မှပဲလုပ်မယ်ဆိုရင် လုံလောက်မှုမရှိပါဘူး။ သီးနှံရိတ်သိမ်းခြွေလှေ့ကတည်းက စိုထိုင်းစကိုထိန်းနိုင်တဲ့နည်းစနစ်နဲ့ လုပ်ဆောင်မယ်။ ဆီစက်ရောက်တဲ့အခါမှာလည်း အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနက လမ်းညွှန်ချက်အတိုင်း သီးနှံနဲ့ ကြမ်းပြင်အကြားမှာ စိုထိုင်းစမရှိစေတဲ့ တာပေါ်လင်စလိုမျိုးနဲ့ခင်းပြီးမှ နေလှမ်းဖို့လိုပါမယ်။ ထုတ်လုပ်ပြီးရင်လည်း ဆီသန့်-မသန့်စစ်ဖို့ ဓာတ်ခွဲခန်းလိုပါတယ်" ဟု ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးနေလင်းအောင်က ပြောသည်။

မကွေးမြို့သည် မြန်မာပြည်၏ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ခံနေရသော်လည်း ဒေသခံအများစုမှာ စားအုံးဆီ၊ ရောဆီနှင့် မည်သည့်ထောက်ခံချက်မှမပါသော ဆုံဆီ၊ နှမ်းဆီ၊ ပဲဆီတို့ကိုသာ လက်လီဝယ်ယူသုံးစွဲနေရကြောင်း ဒေသခံများထံမှ သိရသည်။

"စားသုံးဆီတွေမှာ အသည်းကင်ဆာဖြစ်စေတဲ့မှို Aflatoxin မပါရှိဖို့လိုပါတယ်။ သန့်စင်ထားတဲ့ဆီတွေကို FDA အသိအမှတ်ပြု အမှတ်တံဆိပ်ကပ်ပြီးရောင်းချမှ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စားသုံးသူပြည်သူတွေကို အကာအကွယ်ပေးနိုင်တဲ့ ဆီဖြစ်ပါလိမ့်မယ်" ဟု မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

စားသုံးဆီထုတ်လုပ်ရောင်းချသူများဘက်က ယင်းသို့လုပ်ဆောင်ထားခြင်းရှိ-မရှိကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးသိရှိနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်း၌ ဓာတ်ခွဲခန်းတစ်ခုလိုအပ်ကြောင်း ၎င်းကဆက်လက်ပြောသည်။



ပွဲရုံလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဖိုးနီကလည်း "စားသုံးဆီဘူးတွေမှာ အမည်အမှတ်တံဆိပ်ကပ်နှိပ်ပြီး နှမ်းဆီသန့်၊ ပဲဆီသန့်စသည်ဖြင့် ရောဆီဆိုလည်း ဘယ်ဆီနဲ့ဘယ်ဆီကို ဘယ်အချိုးအစားနဲ့ ရောနှောထားတယ်ဆိုတာ တိတိကျကျဖော်ပြဖို့လိုအပ်တယ်။ စားသုံးသူကို လိမ်လည်လှည့်ဖျားတာတွေ မလုပ်သင့်ကြတော့ပါဘူး။ ဒါတွေကိုဖော်ထုတ်ပေးဖို့ တိုင်းဒေသကြီးရဲ့ မြို့တော်ဖြစ်တဲ့ မကွေးမြို့မှာ ဓာတ်ခွဲခန်းတစ်ခုတော့ ရှိသင့်ပါပြီ" ဟု အကြံပြုပြောကြားသည်။

REFINE လုပ်မထားသော ပဲဆီစစ်စစ်သည် ရောနှောဆီထက်ပင် အန္တရာယ်ရှိ၍ ရယ်လေ့တစ်ဗယ်လင်စီ သုည ဒသမ ၉၁၂ မှ သုည ဒသမ ၉၂၀ ကြားတွင်ရှိမှ FDA အနေဖြင့် ပဲဆီသန့်ဟုသတ်မှတ်ကာ ထောက်ခံချက်ထုတ်ပေးနိုင်မည်ဖြစ်ပြီး စားသုံးဆီများတွင် အသည်းကင်ဆာဖြစ်စေနိုင်သည့် Aflatoxin ပါနေလျှင် လုံးဝခွင့်ပြုပေးမည်မဟုတ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန သတ်မှတ်စည်းကမ်းများအရ သိရသည်။

**ဧယျတု(မကွေး)**

## လုပ်ငန်းများစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**မြောင်းမြ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ မြေစာရင်းဝန်ထမ်းများ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေယာစီမံခန့်ခွဲမှုလုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကိုမေ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးသစ်) ၌ ကျင်းပသည်။

မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဟန်မျိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၇၄ ဦး တက်ရောက်ပြီး စီမံခန့်ခွဲရေးဘာသာရပ်၊ စာရင်းအင်းဘာသာရပ်၊ မြေတိုင်းတာခြင်း၊ မြေပုံထုတ်ခြင်း၊ မြေပုံရေးဆွဲခြင်းဆိုင်ရာဘာသာရပ်၊ ကြေးတိုင်နှင့် စီမံကိန်းဘာသာရပ်၊ မြေယာစီမံခန့်ခွဲရေးဘာသာရပ်တို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **၁၃၃**

## ဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုး

**မတ္တရာ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသတွင် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး ဦးစီးတည်ထောင်ခဲ့သော မေတ္တာနန္ဒဆေးရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မေ ၂၂ ရက်က မတ္တရာမြို့ အဝါရောင်လမ်းကလေး (Yellow Direciton) ပရိဟိတအဖွဲ့က ရေတမာပင်နှင့် တောင်မရိုးပင် စုစုပေါင်းအပင် ၁၁၀ ကို စိုက်ပျိုးခဲ့ကြပြီး မိုးရာသီကာလအတွင်း ဆေးရုံဝင်းအတွင်း၌ အပင်များကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## v|yfpfexrf;vjyfe;ufrf;uf ifIt ajccblifwe;zGifhS

**နေပြည်တော် မေ ၂၆**

နေပြည်တော်ပြည်ထောင်စုနယ်မြေ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံ လက်အောက်ရှိဌာနာ အသီးသီးတွင် အသစ်ထားခဲ့သော ဝန်ထမ်း(စီမံ/လိုင်း/လယ်ဂျာ/မီတာ) များ၏ လုပ်ငန်းကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၆) ကို မေ ၁၁ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ် နှစ်ပတ်ကြာဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်က သင်တန်းဆင်းလက်မှတ်ပေးအပ်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## အာဟာရဖြည့် နွားနို့၊ ကြက်ဥတိုက်ကျွေး၍ ကျောင်းသုံးစာရေးကိရိယာများ ကူညီပံ့ပိုး

**ကလေး မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကလေးမြို့ Myanmar C.P Livestock Co. Ltd. တို့ ပူးပေါင်းလျက် ကျောင်းနေအရွယ် ကလေးသူငယ်များ ဉာဏ်ရည်ထက်မြက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာသန်စွမ်းသောလူငယ် လူရွယ်များဖြစ်လာစေရေးရည်ရွယ်၍ အာဟာရဖြည့်နွားနို့၊ ကြက်ဥတိုက်ကျွေးခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများကူညီပံ့ပိုးခြင်းကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စု သဖန်းအိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလေးမြို့ Myanmar C.P Livestock Co. Ltd. ခရိုင်တာဝန်ခံမန်နေဂျာ ဦးစိုးကိုကိုဦးက ကျောင်းနေအရွယ်ကလေးငယ်များ အာဟာရဖြည့် နွားနို့၊ ကြက်ဥတိုက်ကျွေးရခြင်းကို စဉ်ဆက်မပြတ် အာဟာရဖြည့်တိုက်ကျွေးရန် ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမှိန်းထန်ဇီးက အာဟာရဖြည့်တိုက်ကျွေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ အောင်သန်းက နွားနို့၊ ကြက်ဥတွင်ပါဝင်သော အာဟာရဓာတ်များအကြောင်းနှင့် အာဟာရဖြည့်အစားအစာများသောက်သုံးခြင်းအားဖြင့် ရရှိလာသောအကျိုးတရားများကို ကျောင်းနေကလေးသူငယ်များထံ အသိပညာပေး ဟောပြောပြီးနောက် ကျောင်းသား၊ ကျောင်းသူကလေးငယ် ၁၅၀တို့အား ကလေးခရိုင် Myanmar C.Pကုမ္ပဏီမန်နေဂျာက အာဟာရပြည့်ဝသောနွားနို့ဘူး၁၅၀ နှင့်ကြက်ဥ အလုံး ၃၀၀ တိုက်ကျွေးခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများဖြစ်သည့်ဗလာစာအုပ် ၂၅ ဒါဇင်နှင့် ခဲတံ ၂၅ ဒါဇင်ကို ကူညီထောက်ပံ့ပေးခဲ့ရာကျောင်းအုပ်ဆရာကြီးကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်စန်းစန်းမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

## စည်ပိုင်းကျေးရွာအုပ်စု ရှမ်းစုကျေးရွာတွင် သုံးရက်အတွင်း ကျွဲလေးကောင်သေဆုံး

**ရေတာရှည် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ စည်ပိုင်းကျေးရွာအုပ်စု ရှမ်းစုကျေးရွာတွင် သုံးရက်အတွင်း ကျွဲလေးကောင်သေဆုံးသွားခဲ့၍ သက်ဆိုင်ရာသို့ သတင်းပို့ အကြောင်းကြားထားကြောင်း သိရသည်။

ရှမ်းစုကျေးရွာနေ ဦးငကိုပိုင် ကျွဲအုပ်ထဲမှ တစ်နှစ်သားနှင့် နှစ်နှစ်သားအရွယ် ကျွဲနှစ်ကောင်မှာ မေ ၂၁ ရက် ည ၈ နာရီ ရုတ်တရက်သေဆုံးသွားခဲ့ပြီး မေ ၂၂ ရက်ညတွင် တစ်ကောင်ထပ်မံသေဆုံးကာ မေ ၂၃ ရက် နံနက် ၆ နာရီတွင် တစ်ကောင် စုစုပေါင်း ကျွဲလေးကောင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က သေဆုံးသွားတဲ့ ကျွဲတွေကို မြှုပ်ပစ်လိုက်ပြီ။ တခြားတိရစ္ဆာန်တွေပါ ကူးစက်မှာစိုးရိမ်လို့ လာသတင်းပို့တာပါ" ဟု ဒေသခံ ကိုဇော်မိုးလွင်က ပြောသည်။ **ကိုလွင်(ဆွာ)**

## သာစည်မြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေး

**သာစည် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ၂၀၁၆ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးကြမည့် တောင်သူဦးကြီးများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ (သာစည်) မှ မေ ၁၉ ရက်မှ စတင်ပြီး စိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးနေပြီဖြစ်သည်။

သာစည်မြို့နယ်တွင် ၂၀၁၆ ခုနှစ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၇၆၀၁၅၁၀၀၀၀ ကို ကျေးရွာအုပ်စု ၇၁ အုပ်စုအတွင်းရှိ မိုးစပါး ၄၄၈၆ ဧကနှင့် ယာသီးနှံစုံ ၄၃၆၀၃ ဧကအတွက် တောင်သူဦးကြီးပေါင်း ၁၄၄၅၄ ဦးတို့ကို ဇွန်လကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခုနှစ်တွင် စိုက်ပျိုးစရိတ်ငွေချေးရာတွင် မိုးစပါးစိုက်တောင်သူတစ်ဦးကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ယခင်က မိုးစပါးစိုက်တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ နှုန်းချေးနေရာမှ ယခုနှစ်တွင် ငွေကျပ် ၅၀၀၀၀ ထပ်တိုး၍ အစိုးရမှ တောင်သူတို့၏အခက်အခဲကို ဖြေရှင်းသည့်အနေဖြင့် ပိုမိုချေးပေးထားခြင်းဖြစ်သည်။

အတိုးနှုန်းမှာ တစ်နှစ်လျှင် ငွေကျပ် ၁၀၀ ကို ရှစ်ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်သန်းသန်းဝင်း၏ ပြောပြချက်အရ သိရသည်။ **မောင်ကို(သာစည်)**

# နိုင်ငံသားတိုင်းထားရှိသင့်သော အကောင်းမြင်စိတ် (သို့မဟုတ်) အစိုးရသစ်၏ ပြောင်းလဲမှုဖြစ်စဉ်အတွင်း လိုက်ပါပူးပေါင်းဆောင်ရွက်လိုစိတ်

**à** သန်းဖြိုးနိုင်(ကညင်ကျိုး)

ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့အတူ ပြီးခဲ့တဲ့နှစ်လကျော်ကာလမှာ ပြည်သူအများက ရွေးချယ်တင်မြှောက်ခဲ့တဲ့ အရပ်သားစစ်စစ်အစိုးရတက်လာပြီးတဲ့အချိန်ကစလို့ နိုင်ငံအတွင်း ဌာနဆိုင်ရာတွေအလိုက် ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်တွေနဲ့အတူ နိုင်ငံတော်တိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်လာခဲ့တာတွေ၊ ပြည်ပနိုင်ငံတွေနဲ့ သံခင်းတမန်ခင်းကိစ္စတွေကို အရှိန်မြှင့်တင်ဆောင်ရွက်လာခဲ့တာတွေကို အားလုံးလည်းသိခဲ့ကြပြီးပြီပဲ ဖြစ်ပါတယ်။

အစိုးရသစ်ရဲ့တာဝန်ယူမှု စတင်လာခဲ့တဲ့ကာလကနေ ယနေ့အထိအချိန်မှာ ဘာတွေပြောင်းလဲခဲ့သလဲလို့မေးရင်တော့ အချို့အရာတွေသာ သိသိသာသာပြောင်းလဲခဲ့ပေမယ့် ကျန်အရာများစွာအနေနဲ့ကတော့ ယခုအချိန်မှသာ စတင်ကာ အင်တိုက်အားတိုက် လုပ်ဆောင်နေကြရတယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ အမှန်တကယ်တော့လည်း ပြုပြင်ပြောင်းလဲတယ်ဆိုတဲ့နေရာမှာ အချို့သောရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေကို ရုတ်ချည်းပြုပြင်ပြောင်းလဲလို့ရနိုင်ပေမယ့်လည်း ကျန်တဲ့အင်စတီကျူးရှင်းပိုင်းဆိုင်ရာအားနည်းချက်တွေနဲ့ အခြေခံကျတဲ့ကိစ္စတွေကိုတော့ အချိန်ယူပြီးတော့သာ ပြောင်းလဲကြရမယ့်သဘောရှိတာပါ။ ဒီအတွက်ပဲ နေ့ချင်း ညချင်းကြီးတော့ ရုတ်တရက်ကြီး ပြောင်းလဲသွားဖို့ မဖြစ်နိုင်သေးဘူးဆိုတာကို ပြောဆိုလိုရင်းသာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေတွေအရ အချို့အတော်များများသောကိစ္စတွေကို ပြုပြင်ပြောင်းလဲဖို့ဆိုရင် လုံလောက်တဲ့အချိန်တစ်ခုကို ယူကြရဦးမှာဖြစ်ပါတယ်။ ပြောင်းလဲတယ်ဆိုတဲ့နေရာမှာလည်း မိမိလိုချင်ဖြစ်ချင်တာကို ရုတ်ချည်းပြုပြင်ပြောင်းလဲလိုက်တယ်ဆိုတာထက် နောင်ရေရှည် နိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးစီးပွားဖြစ်ထွန်းမှုကိုသာ ရှေးရှုပြီး နှစ်ရှည်စီမံကိန်းတွေအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလုပ်ကိုင်ကြရမယ့် သဘောရှိနေပါတယ်။ ဒီအတွက်ပဲ ကျွန်တော့အမြင်အရပြောရရင် ယခုအစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက် ဌာနဆိုင်ရာတွေအလိုက် ဆောင်ရွက်ကြတဲ့နေရာမှာလည်း ပြည်သူ့အတွက် ပထမရက် ၁၀၀ လို့သာ အမည်တပ်ပြီး ကနဦးအကောင်အထည်ဖော်သင့်တဲ့ လုပ်ငန်းတွေကိုသာ ရွေးချယ်ပြီး လုပ်ကိုင်နေကြတာလို့လည်း သုံးသပ်မိပါတယ်။

အခုဆိုရင်လည်း အစိုးရသစ်ရဲ့ ဌာနဆိုင်ရာတွေအလိုက် ပြည်သူ့အတွက် ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ကြမယ့် ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်နေတာနဲ့ အချိန်တစ်ပြိုင်နက်တည်းဆိုသလိုမှာပင် ပြီးခဲ့တဲ့မေ ၁၅ ရက်ကစတင်ကာ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားကနေပြီး တစ်မျိုး၊ နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာတွေကနေပြီးတစ်ဖုံ ပြည်သူအများ သိရှိနားလည်အောင် ထုတ်လွှင့်ပြသပေးနေတာကိုလည်း တွေ့နေ၊ မြင်နေ၊ သိနေကြားနေကြရမယ် ထင်ပါတယ်။

> ပညာရေး၊ ကျန်းမာရေးကိစ္စတွေအပြင် နယ်စပ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးကိစ္စ အများအပြားကိုလည်း ယခု ပထမရက် ၁၀၀ အတွင်းကစလို့ စီမံချက်ချ ပြောင်းလဲဖော်ဆောင်လာနေတာကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်နေကြရပြီပဲ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုလည်း ပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြပြောကြား ဖော်ပြပေးနေတာကိုလည်း လေ့လာကြည့်ရင် သိမြင်နိုင် . . .

အစိုးရသစ်ရဲ့ ၎င်းတို့တာဝန်ယူချိန်ကစလို့ ဒီကနေ့အချိန်အထိ ပြောင်းလဲဖော်ဆောင်လာတဲ့ လုပ်ငန်းစဉ်တွေထဲက သိသိသာသာပြောင်းလဲလာတဲ့ လုပ်ငန်းတစ်ခုကိုပြပါဆိုရင်တော့ ကျွန်တော့အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုပဲ လက်ညှိုးထိုးပြရမှာပဲ ဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ပြောင်းလဲလာတဲ့ မူဝါဒအသစ်နဲ့အတူ ဒီမိုကရေစီနိုင်ငံတော်အတွက် အဓိကလိုအပ်တဲ့ တရားဥပဒေစိုးမိုးမှုကို ကနဦးလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ခဲ့ကြတဲ့နေရာမှာ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်တွေရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်လာတာတွေ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေမှာ ယခင်ထက် ပိုမိုမြန်ဆန်သွက်လက်လာတာတွေအပြင် ၎င်းတို့တပ်ဖွဲ့အတွင်းမှာလည်း စွမ်းရည်မြှင့်သင်တန်းတွေ ပို့ချလေ့ကျင့်နေကြတာတွေအပြင် ပြည်သူလူထုနဲ့ ဆက်ဆံလုပ်ကိုင်ကြတဲ့နေရာမှာ ပြောင်းလဲသွားခဲ့ကြတာတွေကို တွေ့မြင်ကြရမှာပဲ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကို အစိုးရဌာနဆိုင်ရာတွေအလိုက် အပြိုင်ပြိုင်အဆိုင်ဆိုင် ဖော်ဆောင် ဆောင်ရွက်လာခဲ့ကြတဲ့ကိစ္စတွေ အများအပြားရှိနေပါတယ်။ ဥပမာအနေနဲ့ထပ်မံတင်ပြရရင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်း ပြီးခဲ့တဲ့ရက်ပိုင်းကဖြစ်ပွားခဲ့တဲ့ ရွှန်နှူမုန်တိုင်းကျရောက်မယ့်ဒေသတွေမှာ ဖြစ်ပေါ်လာမယ့် သဘာဝဘေးအန္တရာယ်တွေအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို တပ်မတော်နဲ့ပူးပေါင်းပြီး ယခင်ထက် ပိုမိုထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဆောင်ရွက်ထားနိုင်တာကိုလည်း တွေ့မြင်ခဲ့ရပါသေးတယ်။

ဒါ့အပြင် ပညာရေး၊ ကျန်းမာရေးကိစ္စတွေအပြင် နယ်စပ်ရေးရာဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးကိစ္စအများအပြားကိုလည်း ယခု ပထမရက် ၁၀၀ အတွင်းကစလို့ စီမံချက်ချ ပြောင်းလဲဖော်ဆောင်လာနေတာကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်နေကြရပြီပဲ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုလည်း ပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြပြောကြား ဖော်ပြပေးနေတာကိုလည်း လေ့လာကြည့်ရင် သိမြင်နိုင်ကြမှာပါ။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက်လည်း အထူးကိစ္စတစ်ရပ်အနေနဲ့ စီမံချက်ထားပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့အောက်မှာ ဗဟိုဌာနတစ်ခု သီးခြားဖွင့်လှစ်ခဲ့ပြီး ၂၁ ရာစု ပင်လုံညီလာခံကိုလည်း လာမယ့်ဇူလိုင်လအတွင်းမှာ ဆောင်ရွက်နိုင်အောင် ကြိုးစားသွားမယ်ဆိုတဲ့ သတင်းတွေကိုလည်း အားရဖွယ်ရာ တွေ့ရှိကြရပါသေးတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ အခြားနိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်မှုကဏ္ဍတွေကိုလည်း တင်ပြချင်ပါသေးတယ်။ အစိုးရသစ်တာဝန်ယူပြီးစကာလမှာ ၎င်းတို့ချမှတ်အကောင်အထည်ဖော်ရမယ့် နိုင်ငံခြားရေးမူဝါဒကို အတိအလင်းထုတ်ဖော်ကြေညာခဲ့ပြီးချိန်ကစလို့ နောက်ပိုင်းအချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲလာမှုတွေကို ဒေသတွင်းအာဆီယံနိုင်ငံတွေနဲ့ အခြားကမ္ဘာ့နိုင်ငံအသီးသီးကပါ အာရုံစိုက် သတိထားမိလာတာကိုလည်း မြင်တွေ့ကြရမှာပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့လဆန်းပိုင်းမှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမယ့် လာအိုနိုင်ငံအနေနဲ့လည်း ကျွန်တော်တို့နိုင်ငံရဲ့သမ္မတနဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကို အထူးဖိတ်ကြားပြီး သူတို့ဆက်လက်ဆောင်ရွက်ကြမယ့် လုပ်ငန်းစဉ်တွေကို ကနဦးဆွေးနွေးခဲ့ကြတာကိုလည်း သိခဲ့ကြပြီးဖြစ်မှာပါ။

နောက်စင်ကာပူနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးလည်း လာရောက်ခဲ့ပြီး မကြာမီကာလမှာလည်း ဝန်ကြီးချုပ်လာရောက်မယ်ဆိုတဲ့ သတင်းတွေကိုလည်း ဖတ်ခဲ့ရပါသေးတယ်။ အစိုးရသစ်ရဲ့ ကာလအစမှာလည်း တရုတ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးလည်း လာရောက်ခဲ့ပြီး ဆွေးနွေးခဲ့ပါသေးတယ်။ ဒါ့အပြင် နှစ်နိုင်ငံရှေ့ဆက်သွားမယ့် မူဝါဒတွေကိုလည်း အီးယူသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံအပေါ် အကူအညီပေးရေးအတွက် လာရောက်ခဲ့သေးတဲ့အပြင် ပြီးခဲ့တဲ့ရက်ပိုင်းမှာလည်း အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် လာရောက်သွားခဲ့ပြီး အမေရိကန်အနေနဲ့ ကျွန်တော်တို့နိုင်ငံကို အာရှ၏ဦးစားပေးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခဲ့တယ်လို့ ပြောကြားခဲ့တာကိုလည်း အားရဖွယ်ရာ လေ့လာမိလိုက်ပါသေးတယ်။

ဒါ့အပြင် တပ်မတော်ဘက်အပိုင်းမှာလည်း ရုရှားနိုင်ငံနဲ့ နှစ်နိုင်ငံ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စကိုလည်း အစိုးရမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းဆွေးနွေးခဲ့ကြပြီး အတည်ပြုခဲ့ကြကာ အခုဆိုရင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များလည်း ချမှတ်ဆောင်ရွက်နေကြပြီလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းမှာလည်း နိုင်ငံတော်သမ္မတအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့မှာကျင်းပပြုလုပ်တဲ့ ရုရှား အာဆီယံအစည်းအဝေးသို့လည်း တက်ရောက်ဆွေးနွေးနိုင်ခဲ့တာကိုလည်း သိမြင်ခဲ့ကြမှာပါ။ စက်မှုထိပ်သီးဖြစ်တဲ့ အာရှနိုင်ငံတွေထဲမှာ ချမ်းသာကြွယ်ဝဆုံးဖြစ်တဲ့ ဂျပန်နိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေကို ထိထိရောက်ရောက် လုပ်ဆောင်မယ်လို့လည်း ဖတ်ခဲ့ရပါသေးတယ်။

ဒါ့အပြင် အစိုးရသစ်ကာလလက်ထက် ယခုရက်ပိုင်းလေးအတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွက် ကမ္ဘာကသိစေ ထင်ရှားစေခဲ့တဲ့ဖြစ်ရပ်လေးနှစ်ခုလည်း ရှိခဲ့ပါသေးတယ်။ ဒါကတော့ မြန်မာလူငယ်နှစ်ဦးအနေနဲ့ ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်တဲ့ ဧဝရက်တောင်ပေါ် တက်ရောက်နိုင်ခဲ့တဲ့သတင်းနဲ့ အင်္ဂလန်နိုင်ငံက ပရီးမီးယားလိဂ်ချန်ပီယံအသင်းဖြစ်တဲ့ လက်စတာစီးတီးအသင်း ရွှေတိဂုံစေတီတော်ကြီးအပေါ်ကို ဒုတိယအကြိမ် လာရောက်ဖူးမြော်ခဲ့ကြတဲ့သတင်းပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ကျွန်တော်တင်ပြခဲ့တဲ့အချက်တွေအပေါ် အကောင်းမြင်စိတ်နဲ့ ကောက်ချက်ဆွဲကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအစိုးရသစ်ကာလမှာ ပြောင်းလဲလာတဲ့ နိုင်ငံရေးမူဝါဒအသစ်တွေနဲ့ သူတို့ဖော်ဆောင်နေတဲ့ ပြည်သူ့အတွက် ပထမရက် ၁၀၀ ဆိုတာတွေက ဘာလဲ၊ ဘယ်လိုအကောင်အထည်ပေါ်လာမှာလဲဆိုတာတွေ၊ တပ်မတော်နဲ့ အစိုးရတို့ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်တော့မယ့် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေအပြင် နိုင်ငံတကာနဲ့ ဆက်ဆံရေး၊ အကူအညီပေးရေးကိစ္စတွေ စတဲ့အပိုင်းတွေကို အကြမ်းဖျင်းတွေ့ရှိကြရမှာပါ။

သည့်အတွက်ပဲ ကျွန်တော်တို့ပြည်သူတွေအနေနဲ့လည်း အစိုးရသစ်ရဲ့ ၎င်းတာဝန်ယူပြီးအချိန်ကစလို့ ယခုနှစ်လကျော်ကာလအတွင်း ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ နိုင်ငံရေးအခြေအနေတွေကို ကွက်ကွက်ကွင်းကွင်း သိရှိနားလည်အောင် ကြိုးစားသင့်ကြပြီး ကျွန်တော်တို့ကိုယ်စီလည်း နိုင်ငံ့ခေါင်းဆောင်တွေ၊ တပ်မတော်ခေါင်းဆောင်တွေ ကြိုးစားဖော်ဆောင်နေတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ အကောင်းမြင်စိတ်ထားလို့ မိမိကျရာအခန်းကဏ္ဍကနေ လိုက်ပါပူးပေါင်း ဆောင်ရွက်ကြစေချင်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။



**မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆ မိုးရာသီကာလအတွင်း မြို့ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တရော်ကုန်းရပ်ကွက် ပြည်လမ်းအရှေ့ဘက်ခြမ်း ပင်မရေထုတ်မြောင်း ရေထွက်ပေါက်အား အဖွဲ့ပိုင်စက်ယန္တရားဖြင့် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို မေ ၂၄ ရက်က မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းသူအောင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - မိုးကိုကို (အောင်လံ)

## လမ်းပေါ်ရှိ အမှိုက်သရိုက်များ စုပေါင်းရှင်းလင်းဖယ်ရှား

**ကော့သောင်း မေ ၂၆**

ကော့သောင်းမြို့တွင် ယခုရက်ပိုင်းအတွင်း ဆိုင်ကလုန်းမုန်တိုင်းရွှန်နူအရှိန်ကြောင့် မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းသဖြင့် မြို့တွင်းလမ်းများပေါ် တင်ကျန်ရစ်သည့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများအား ကမ်းနီးပရဟိတမိသားစုအဖွဲ့က မေ ၂၅ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ကော့သောင်းမြို့သည် တောင်စောင်း တောင်ကုန်းများပေါ်တွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်သည့်မြို့ဖြစ်ရာ ယခုရက်ပိုင်းတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မြို့နေပြည်သူတစ်ချို့က အမှိုက်များအား ရေနုတ်မြောင်းအတွင်းစည်းကမ်းမဲ့စွာ စွန့်ပစ်မှုကြောင့် မြောင်းများပိတ်ဆို့ကာ စွန့်ပစ်လိုက်သည့် အမှိုက်များမှာကားလမ်းပေါ် မြင်မကောင်းစွာ တင်ကျန်နေခဲ၍ ကမ်းနီးပရဟိတ မိသားစုအဖွဲ့မှ အဆိုပါအမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော် ယာဉ်များဖြင့် သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေး အမှိုက်များပိတ် ဆို့နေသည့် ရေနုတ်မြောင်းအား တူးဖော်ပေးခြင်းတို့ကို ပြည်သူများ၏ ကျန်းမာရေးအလို့ငှာ ဆောင်ရွက်ပေးခဲ့သည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## မြန်မာ-အိန္ဒိယနယ်စပ် မီဇိုရမ်ပြည်နယ်ဘက်မှဝက်ဝယ်ယူမှုရပ်နားထား

**ကလေး မေ ၂၆**

မြန်မာ-အိန္ဒိယနယ်စပ်ရောင်းဝယ်မှုတွင် တမူးနယ်စပ်ပြီးလျှင် ဒုတိယအကြီးမားဆုံး အရောင်းအဝယ်ဖြစ်သည့် ရိဒ်နယ်စပ်ရောင်းဝယ်ရေးဈေးကွက်တွင် တစ်ဖက်နိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်တွင် သကြ်န်ပြီးကာလမှစတင်၍ ဝက်ရောဂါဖြစ်ပွားနေသည့်အတွက် မြန်မာနိုင်ငံဘက်မှ တင်ပို့ရောင်းချသည့် ဝက်အရှင်ဝယ်ယူမှု ရပ်နားထားကြောင်း ရိဒ်နယ်စပ်တွင် ဝက်အရောင်းအဝယ်လုပ်ကိုင်နေသည့် ကုန်သည် ဦးဆောမ်မာက ပြောသည်။

မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ဆက်စပ်နေသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်၊ ကြံဖိုင်းခရိုင်တွင် ဝက်ရောဂါဖြစ်ပွားလျက်ရှိရာ မြန်မာဘက်မှတင်ပို့ရောင်းချသည့် ဝက်အရှင်ကောင်များကို ဝယ်ယူမှု မပြုရန် ယာယီပိတ်ထားခြင်းဖြစ်ကြောင်း နယ်စပ်ကုန်သည်တစ်ဦးက ပြောသည်။

“ဝက်ရောဂါက မီဇိုရမ်ပြည်နယ်ထဲမှာ ဖြစ်တာပါ။ ဒီဘက်နှင့်မဆိုင်ပါဘူး။ ဝက်ရောဂါဖြစ်တဲ့ ဝက်တွေကိုလည်း အမြန်ဆုံးရှင်းလင်းနိုင်အောင် သူတို့ ဆောင်ရွက်နေပါတယ်။ ဒီဘက်ကဝက်အရောင်းအဝယ်တွေကိုတော့ သူတို့ဘက်က ပိတ်တာပါ။ ဒါပေမယ့် ဝက်ပေါက်ကလေးတွေ တစ်ပိုင်တစ်နိုင် ရောင်းဝယ်နေတာကတော့ နေ့စဉ်ရှိပါတယ်” ဟု နယ်စပ်ဝက်ကုန်သည်တစ်ဦးက ပြောသည်။

တစ်ဖက်နိုင်ငံ မီဇိုရမ်ပြည်နယ်တွင် ပြီးခဲ့သည့်နှစ်များကလည်း ဝက်ရောဂါဖြစ်ပွားမှုရှိသည့်အတွက် ယခုကဲ့သို့ ဝက်အရောင်းအဝယ်ကို လချီပိတ်ထားခဲ့ကြောင်း ယင်းဝက်ကုန်သည်က ပြောသည်။

အိန္ဒိယနိုင်ငံ ပြည်နယ်မီဇိုရမ်သည် ကလေး၊ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊တီးတိန် စသည့်မြန်မာနိုင်ငံဘက်မှ မြို့နယ်များ၏ ဒေသထွက်အသီးအနှံများ၊ မွေးမြူရေးထွက်ကုန်များ အများဆုံးဝယ်ယူသည့်ပြည်နယ်ဖြစ်သည်။ ယခုရက်ပိုင်း မီဇိုရမ်နယ်စပ်တွင် မြန်မာနိုင်ငံဘက်မှသွားသော စားသောက်ကုန်စည်မျိုးစုံ၊ အထည်အလိပ်၊ အိမ်ထောင်ပရိဘောဂပစ္စည်းများ၊ ရက်ကန်းပစ္စည်းများ၊ တရုတ်ကုန်စည်များ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မီဇိုရမ်ဘက်မှ ဓာတ်မြေဩဇာကို မြန်မာဘက်က အများ ဆုံးဝယ်ယူလျက်ရှိသည်။ **ပန်းသဇင်(ကလေး)**

## တိုင်းရင်းသားကျေးရွာများသို့ အနေကဇာတင်ပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များလှူဒါန်း



**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားကျေးရွာများသို့ အနေကဇာတင်ပြီး ဗုဒ္ဓရုပ်ပွားတော် ၁၀၀၀ ကျော်ကို မကွေးမြို့ အဝေရာသုခကျောင်းတိုက်ဆရာတော်ဦးစီးသည့် သာသနာပြုအဖွဲ့များက ကျေးရွာအရောက် သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့လှူဒါန်းမှုနှင့်ပတ်သက်၍ မကွေးမြို့ မင်းကန်ကြီးရပ်ကွက် အောင်စေတနာဘိအုပ်စု ၁၀ လမ်းရှိ အဝေရာသုခကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးနရိန္ဒက “မြို့ပြနဲ့ဝေးလံတဲ့ တောင်ပေါ်ဒေသက တိုင်းရင်းသားတွေဟာ ဗုဒ္ဓနဲ့ပတ်သက်လို့ ပုံတော်လေးတွေကိုပဲ ထရံမှာကပ်ပြီး ကိုးကွယ်နေကြရတယ်။ ဒါ့ကြောင့် သူတို့တွေ ဗုဒ္ဓဘာသာအပေါ် ပိုပြီးသက်ဝင်ကြည်ညိုနိုင်အောင်လို့ အခုလို ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို ကိုယ်တိုင်ဦးဆောင်ပြီး လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ အရင်ကလည်း အကြိမ်ကြိမ် သွားရောက်လှူဒါန်းခဲ့တာ အဆူ ၁၀၀၀ ကျော်ပါပြီ” ဟု မိန့်ကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်ပေါ်ဒေသ တိုင်းရင်းသားကျေးရွာများဖြစ်သော ငဖဲမြို့နယ် ဇင်ပြွန်းအုပ်စု ဝက်စာကျင်းကျေးရွာ၊ စပ်စီရွာ၊ ညောင်ပင်ကုန်းရွာ၊ စည်ပင်ကျေးရွာအုပ်စု စည်ပင်ကျေးရွာ၊ ဆည်ကျေးရွာ၊ လောက်ပုလဲကျေးရွာ၊ နွယ်စောကျေးရွာနှင့် ညောင်ပင်ကျေးရွာတို့သို့ အဝေရာသုခကျောင်းတိုက် ဆရာတော်ဦးနရိန္ဒ ဦးဆောင်သည့် သာသနာတော်ပြန့်ပွားရေးအဖွဲ့များက ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၂၀၀ ကျော်အား မေလအတွင်း သွားရောက်လှူဒါန်းပေးခဲ့ကြောင်းသိရပြီး လှူဒါန်းမှုများဆက်လက်လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“အရင်က စာရွက်ပေါ်က ဘုရားပုံတော်ကိုပဲ ကိုးကွယ်ခဲ့ကြရတာ။အခု ဗုဒ္ဓရုပ်ပွားတော်ကို ဖူးရတော့ အလွန်ကြည်ညိုကြတာပေါ့” ဟု လောက်ပုလဲကျေးရွာမှ ချင်းတိုင်းရင်းသားတစ်ဦးက ဆိုသည်။

ဆင်းတုတော်လှူဒါန်းပေးနေကြောင်း ကြားသိသည့် တိုင်းရင်းသားကျေးရွာများကလည်း ၎င်းတို့ရွာများအတွက်လည်း ပူဇော်ထားရှိရန်လိုအပ်နေကြောင်း ဆက်သွယ်ပြောကြားလာသဖြင့် သာသနာပြုအဖွဲ့များက ဆက်လက်လှူဒါန်းနိုင်ရန် အလှူရှင်များကိုနှိုးဆော်လျက်ရှိပြီး လှူဒါန်းလိုသူများအနေဖြင့် ဉာဏ်တော် ၉ လက်မ ဆင်းတုတော်တစ်ဆူလျှင် ၃၀၀၀ ကျပ်နှုန်းဖြင့် အဝေရာသုခကျောင်း ဖုန်း ၀၉ ၂၅၆၂၀၅၃၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ဆိပ်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကျောင်းဖွင့်ချိန်နီးကပ်လာပြီဖြစ်၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်/ဆက်ဦးစီးဌာနတို့ပူးပေါင်း၍ မေ ၂၄ ရက်က ငြိမ်းပညာရေးမိသာစုဘော်ဒါတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းရပ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ဟောပြောခဲ့သည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပ

**ကော့မှူး မေ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို တလုတ္ထော်ကျေးရွာ ဓမ္မာရုံ၌ မေ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ကော့မှူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှကြည်က မိုးကာလစိုက်ပျိုးရေးနည်းပညာများနှင့် မွေးမြူရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးက မွေးမြူရေးနှင့် ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံရေး နည်းပညာများဆွေးနွေးရာ တလုတ္ထော်၊ ကရင်စု၊ သပြုစမ်းကျေးရွာတို့မှ တောင်သူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗန်းမောက်မြို့နယ် မံအင်-မံလောင်ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်မှု မကြာမီပြီးစီးမည်

**ဗန်းမောက် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ချောင်းကြီးချောင်းကိုဖြတ်လျက် မံအင်အုပ်စုနှင့် မံလောင်ကျေးရွာအုပ်စုချင်းဆက် (သရက်ကုန်းကျေးရွာနှင့် ကူးဆိပ်ကျေးရွာတို့ကို) ဆက်သွယ်ကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော မံအင်-မံလောင်ချောင်းကူး ဘေလီတံတားမှာ ၉၅ ရာခိုင်နှုန်းပြီးစီးလျက်ရှိသောကြောင့် မကြာခင် အောင်မြင်စွာဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါချောင်းကူးတံတားကို စေတနာအလှူရှင်များ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများ၊ ဒေသခံများနှင့် တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင်ကော်မတီဝင်များ စုပေါင်းကာ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ကြကြောင်း၊ စေတနာအလှူရှင်များ၏ စုစုပေါင်းထည့်ဝင်ငွေမှာ ကျပ်သိန်း ၂၀၀၀ ကျော်ရှိပြီး တံတားအကျယ် ၁၅ ပေ၊ အမြင့် ပေ ၂၀၊ အရှည် ၂၄၅ ပေရှိသော ဘေလီတံတားအမျိုးအစားကို ဗန်းမောက်မြို့နယ် ဆောက်လုပ်ရေးအင်ဂျင်နီယာမှူး ဦးညိုကြီးနှင့်အဖွဲ့က တာဝန်ယူကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပန္နက်တင်မင်္ဂလာကျင်းပကာ စတင်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အခုဆောက်လုပ်နေတဲ့ ဒီတံတားကို မိုးမကျခင် အပြီးဆောက်မှာပါ။ ဇွန်လပိုင်းလယ်လောက်မှာ ပြီးစီးနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပါပြီ။ အခုသံပေါင်တွေတပ်ဆင်နေပါတယ်” ဟု တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက ပြောသည်။

အဆိုပါ မံအင်-မံလောင် ချောင်းကြီးချောင်းတံတား တည်ဆောက်ပြီးစီးသွားပါက ဗန်းမောက်မြို့နယ်ကျေးရွာများမှ ဟုမ္မလင်းမြို့နယ်၊ ပင်လယ်ဘူးမြို့နယ်တို့နှင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆယ်ဇင်းဒေသသို့ အဓိကထား၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေးတို့မှာ အလျှင်အမြန်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**



in partnership with **STRATEGY FIRST INSTITUTE**




STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study







# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ MBA program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ရက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။

မန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- သင်တန်းများကို မေလ (၂၈) တွင် စတင်ပါမည်။
  သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - မေလ (၂၇) ရက်
- သင်တန်းအတွက်သင်တန်းကြေးကို (၁၅) ကြိမ်အထိအရစ်ကျပေးသွင်းနိုင်ပါသည်။
  Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp.

**Apply now: (09) 450177770**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**ပဥ္စမအကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက်**
**သက်ကြီးအင်ဂျင်နီယာ/ဗိသုကာ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ပဥ္စမအကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီး အင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ မွေးဖွားသော အသက်(၇၅)နှစ်ပြည့်သည့် သက်ကြီး အင်ဂျင်နီယာကြီးများနှင့် အသက်(၇၅)နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာ ပညာရှင်ကြီး များသည် လှိုင်တက္ကသိုလ်ဝင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဖုန်း-၅၁၉၈၅၄ နှင့် ၅၁၉၆၇၆ လိုင်းခွဲ-၂၁၂~၂၁၃ သို့ ၃၀-၆-၂၀၁၆ရက် နောက်ဆုံးထား၍ လူကြီးမင်းတို့၏ ကိုယ်ရေးအကျဉ်း၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မှတ်ချက်-ယခင်ပူဇော်ခံ တက်ရောက်ခဲ့သော အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများ အမည်စာရင်း ပေးပို့ရန်မလိုပါ။**

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**



# မြရတု ရက်မြတ်မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ **အလ်ဟာဂျ်ဦးမောင်မောင်** (ဥက္ကဋ္ဌ Lucky Employment Co.,Ltd) နှင့် ချစ်သောမေမေ **အလ်ဟာဂျာဒေါ်လှမြင့်** (ရန်ကုန်အရှေ့ပိုင်းခရိုင်အမျိုးသမီးရေးရာ၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မင်္ဂလာမေအသင်း၊ ဒါရိုက်တာ Lucky Employment Co.,Ltd)တို့သည် တစ်ဦးပေါ်တစ်ဦး ခွင့်လွှတ်နားလည် အနစ်နာခံမှုများနှင့်အတူ ရွှေလက်မြဲခဲ့သည်မှာ ၂၇-၅-၂၀၁၆ ရက် (၅၅)နှစ်မြောက် မြရတုမင်္ဂလာမှသည် စိန်ရတု၊ ပတ္တမြားရတုတိုင်အောင် သား၊ သမီး၊ မြေးများနှင့်အတူ သာသနာ့အကျိုး၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးကို ဆောင်ရွက်နိုင်ပြီး ရာသက်ပန် ပေါင်းဖက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

**ချစ်သားသမီးများ -** **ဦးဝင်းနိုင်(စီမံကိန်းညွှန်ကြားရေးမှူး၊ တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်း၊ သစ်တောဦးစီးဌာန)နှင့် ဒေါ်ခင်မိုးမြင့် [J.A.T အထက(၄) ဗိုလ်တထောင်] (ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့)**

**ချစ်မြေးများ -** **ဒေါက်တာဖြိုးမောင်မောင်-M.B. B.S(Ygn) Product Manager (Sandar Myaing Co.,Ltd) နှင့် မချယ်ရီစိုး B.Sc (Botany)၊ Director, Shield Express Delivery Service၊**



**(၃၈)ကြိမ်မြောက် (၄၅)ရက်တရားစခန်းဖွင့်ပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာကျောင်းတိုက် ဆရာတော်အရှင်ကေလာသသည် မြေဇင်းဆရာတော်ကြီး၏ နည်းနိသယအတိုင်း သမထဝိပဿနာ(၄၅)ရက် တရားစခန်းကို (၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်)၊ ၇-၆-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသူများသည် မည်သည့်စခန်းဝင်ကြေးမျှ ပေးဆောင်စရာမလိုဘဲ ကြိုတင်စာရင်းပေးကာ ဝင်ရောက်နိုင်ပါသည်။

**ဆက်သွယ်ရန်**
**အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ**
**မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း၊**
**ဖုန်း-၀၉-၂၀၃၃၃၄၄၊ ၀၉-၇၉၅၃၅၀၆၀၈၊ ၀၉-၇၃၀၃၅၇၅၇**



**ဆရာတော် ဘဒ္ဒန္တဥတ္တရ၏ ၂၉-၅-၂၀၁၆ ရက် (၅၅)နှစ်မြောက် ဝိဇာတမွေးနေ့ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ-ဒါယိကာမများ ကြွရောက်ချီးမြှင့်ပါရန်။**

**မိုးကုတ်မဂ္ဂင်ကျောင်းတိုက်**
**ပြည်တော်သာ-စက်မှုရပ်-လှည်းကူးမြို့။**



**ကယ်ဒီးနားဗင်(စီအင်ဂျီ)မော်တော်ယာဉ်**
**ကန်ထရိုက်ငှားသည်။**
**"ကီတို" မော်တော်ယာဉ်ငှားရမ်းခြင်းလုပ်ငန်း**
အမှတ်(၅၂၀)၊ မိုးကုတ်လမ်း၊ (၂၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၁)။



**Myanmar Noble College** edexcel Approved Centre No.93711

**Pre-Foundation Course အတွက်လျှောက်လွှာခေါ်ယူခြင်း**

နိုင်ငံတကာတက္ကသိုလ်များတွင် ဆည်းပူးလေ့လာနိုင်ရေးအတွက် အခြေခံကောင်းရရှိစေရန် Myanmar Noble College တွင် Pre-Foundation Course ကိုစတင်ဖွင့်လှစ်ပါမည်။

ဖွင့်လှစ်မည့်ကာလ - ၆.၇.၂၀၁၆ မှ ၅.၅.၂၀၁၇

လိုအပ်သောအရည်အချင်း -
- နဂမတန်းအောင်မြင်ပြီးသူများ
- IGCSE Secondary III အောင်မြင်ပြီးသူများ
- Secondary II အောင်မြင်၍ ကျောင်းမှပြုလုပ်သည့် Placement Test တွင် အရည်အချင်းပြည့်မီသူများ

Pre-Foundation Course အောင်မြင်သူများသည် Myanmar Noble College တွင် Foundation Course တက်ရောက်ပြီးနောက် Higher National Diploma Courses များကို ဆက်လက်လေ့လာသင်ယူနိုင်ပါသည်။ HND ပြီးမြောက်ပါက နိုင်ငံတကာတက္ကသိုလ်များတွင် ဆက်လက်၍ BE/ BSc (Hons)/ BA (Hons) ဘွဲ့များရယူနိုင်ပါသည်။

**Higher National Diploma Courses - Business**
**Information Technology**
**Engineering (Civil,Mechanical,Electrical & Electronic)**

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Township, Yangon.
Contact Us : 01-2331257, 01-2331276, 01-2331264, 09-780639577




Win & San
Diamonds and Fine Jewelry

**Win & San Diamonds and Fine jewelry @ Junction (Maw Tin)**

**(ဦးဝင်းနိုင်) + သီဟသုမွေ့သင်ဂီ ဒေါ်စမ်းစမ်း**

Win & San Diamonds and Fine jewelry @ Junction (Maw Tin) ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖြူသန့်စိန်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများနှင့် စိန်အကြွေမျိုးစုံ၊ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပါ HRD, GIA တစ်ပွင့်စိန် ဆိုဒ်မျိုးစုံနှင့်အတူ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာ အစုံဖြင့်ပြုလုပ်ထားသောဒီဇိုင်းဆန်းသစ်အထည်မျိုးစုံတို့ကို မိတ်ဟောင်း၊ မိတ်သစ်များအတွက် တစ်မူထူးခြားသောအထူးလျှော့ဈေး (Discount 25% to 30 %) ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဖိတ်စာမရောက်ရှိသော မိတ်ဟောင်းမိတ်သစ်များလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

**Promotion Date : 27.5.2016, 28.5.2016, 29.5.2016**

နေရာ ❖ Junction Centre (Maw Tin) Promotion Area အခန်း (၁၁၄)၊ မြေညီထပ်၊ အမှတ် (၂၅၆/၂၅၈)၊ လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01 218354 Ex : 1114, 502977, 504679 , 09 -779625499, 09-5006683, 09-506-2773



မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ

**ဂုဏ်မြင့်သူ**

**ဆံပင်သန်၊ ဆံပင်ပေါက်ဆေး**

- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

ဖြန့်ချိရေး
နိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀



# (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်းလွှာ

**Golden Universe Co.,Ltd**

**(diamond Neon, LED & Advertising)** ၏

**MD** ဦးကျော်စံ- **Director** ဒေါ်ဝါဝါစိုးတို့၏ ၂၇-၅-၂၀၁၆ ရက်တွင် ကျရောက်သော ကြည်နူးဖွယ် (၂၅)နှစ်ပြည့် ငွေရတုမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု ရက်မြတ်မှသည် နှစ်ပေါင်းရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကိုပိုင်ဆိုင်၍ လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆတက် ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

**diamond**
**Neon, LED&Advertising**
မှ
ဝန်ထမ်းများအားလုံး

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Wings International
UMTA ပအ-၀၁၈၆ Travel & Tours
သီရိလင်္ကာ ဘုရားဖူးခရီးစဉ်
August 8~14 (၆ ညအိပ် ၇ ရက် ခရီးစဉ်)
တစ်ဦးလျှင် – USD 1300 (အပြီးအစီး)
လေယာဉ်လက်မှတ် အသွားအပြန်နှင့် ဟိုတယ်တွင်တည်းခိုပြီး နေ့စရိတ်စားစရိတ်ငြိမ်းကာ လည်ပတ်ရာတွင် အဆင်ပြေမြန်ဆန်စွာစီစဉ်ပေးနိုင်ပါသည်။
☎ 01 544 277, 09 7878 111 22
No.(180), U Chit Mg Rd, Bahan Tsp, Yangon.

TAXI အိမ်ပေးငှားမည်
၁။ ဟွန်ဒါ ပါတနာ၊ ခတ်ဆီ
၂။ ကယ်ဒီနားပဲခြမ်း၊ CNG
စမ်းချောင်းမြို့နယ်နီးသူဦးစားပေး
ဖုန်း-၀၉-၅၁၆၂၂၃၈၊
၀၉-၇၉၉၉၀၅၂၀


ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

STUDY GUIDE
International Private School
Tel:09-43114977, 09420057577

ကား ငှားမည်
(Alphard/Crown/MarkII/ Hiace)
Ph : 09795549249, 095418126

FAME Arthrotec®
Bio supplement for joint
အဆစ်အားဖြည့်ဆေး
TMR 011382 (0615)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Osteomax®
Bone density enhancement
အရိုးသန်မာဆေး
TMR 011364 (0615)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified







### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/အိုင်၊ မြေကွက်အမှတ်-V Class 185၊ မြေကွက်တည်နေရာ အမှတ်-၁၉၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် (ဒေါ်ကြည်) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည် ကွယ်လွန်သဖြင့် ဦးဝင်းသူ(၁၂/အလန(နိုင်)၀၂၇၇၈၁)မှ ဒေါ်ကြည်မှ ၎င်းအားမွေးစားခဲ့သော ကိတ္တိမ မွေးစားစာချုပ်-၆၁/၁၉၇၁ နှင့် ဒေါ်ကြည်တွင် ၎င်းမှတစ်ပါးအခြားအမွေဆက်ခံသူ တစ်ဦးတစ်ယောက်မှမရှိကြောင်း ကျမ်းကျိန်၊ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်၊ ထပ်ဆင့်ကျမ်းကျိန်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဒေါ်ကြည်၏ ၆-၄-၂၀၀၂ရက် သေဆုံးမှု လက်မှတ်တို့ကို ဂရန်ပျောက်ဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း အမှတ် (၁၈) ရှိ မြေနေရာတွင် တည်ဆောက်ထားသည့် (၂) ခန်းတွဲ (၈)ထပ်တိုက်၏ အခန်းအမှတ် (၅၀၂)ဟု ခေါ်တွင်သော (၆)လွှာ၊ (Room Type )၊ အကျယ်အဝန်း (အလျား ၂၄ ပေ X အနံ ၈၂ ပေ) အကျယ်ရှိ ကွန်ဒိုတိုက်ခန်း၏ ကိုယ်ပိုင် ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ရောင်းသူဒေါ်ဓာတစန္ဒာသန်း (၁၂/အလန (နိုင်) ၀၀၀၉၅၅) မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခြင်းရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဤ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း၊ နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၂၈၉) ဖုန်း - ၀၉ - ၅၄၀၆၆၁၁၊ ၀၉ - ၇၃၂ ၄၂၄ ၂၈

MALIHKU REAL ESTATE
အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၆၈၊ မြေနီကုန်းဈေးလမ်း စမ်းချောင်းမြို့နယ်။
ဖုန်း - ၀၁ ၅၂၇ ၆၉၉၊ ၀၁ ၂၃၀ ၅၇ ၀၃

ဗလငါးတန် ပွဲပြီးဖို့ စာအုပ်စာပေ လေ့လာစို့

# အထူးကျေးဇူးတင်ရှိပါကြောင်း

မြန်မာနိုင်ငံ၏ နံပါတ်တစ်လူသုံးအများဆုံး အိမ်ခြံမြေရောင်းဝယ်ငှား ဝဘ်ဆိုဒ် ဖြစ်သော iMyanmarHouse.com မှ ကြီးမှူး၍ iGreen Development မှ ၂၀၁၆ ခုနှစ် မေလ၂၁ ရက်နေ့ နှင့် ၂၂ ရက်နေ့ များတွင် Junction Square ရှိ Home Galaxy Showroom ၌ **အထူးအိမ်ရာအရောင်းပြပွဲကြီး** ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပွဲတွင် iGreen Development မှ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး ဖြစ်သော Project စုစုပေါင်း ၁၅ ခု ကို အထူးဈေးနှုန်းများ၊ အထူးငွေချေစနစ် များဖြင့် ရောင်းချခဲ့ရာ တန်ဖိုးငွေ စုစုပေါင်း ၉ ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၇.၅ သန်း) ကျော် တန်ဖိုးရှိသော အခန်းပေါင်း (၆၇) ကျော်ကို ရောင်းချပေးနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပွဲသို့လာရောက်အားပေးကြသော နိုင်ငံကျော်အနုပညာရှင်များ၊ ဝယ်ယူ အားပေးကြသော မိဘပြည်သူအပေါင်း နှင့် iMyanmarHouse.com အား ပွဲစီစဉ်နိုင်ရန် ယုံကြည်စိတ်ချစွာ အပ်နှံခဲ့သော iGreen Development ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**iMyanmarHouse.com** အဖွဲ့သူအဖွဲ့သားများ

---

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
**ချောင်းသာ/ ငွေဆောင်**
Ph: 01 707062, 09 799100100
01 703790, 09 797100100

---

**ရွှေထူးလွင်** ချောင်းသာ၊ ငွေဆောင် စားတည်းခြင်း - ၃၀၀၀၀ိ/-

Ph: 09 450044494, 09 450044496 , 01 377921

---

မိုးစက်လေးတွေကိုကြိုဆိုရင်း ခရီးသွားချင်သူတွေအတွက် ဇွန်လခရီးစဉ်လေးတွေကို မိုးစက်များနဲ့အတူ သယ်ဆောင်လာပေးပါပြီ

| | |
|---|---|
| ဘန်ကောက်သီးသန့် အဖွဲ့လိုက်ခရီးစဉ် (၂ည/၃ရက်)<br>17 June - 19 June တစ်ဦးလျှင် $350 | ဝင်ကာပူ အဖွဲ့လိုက်ခရီးစဉ် (၃ည/၄ရက်)<br>24 June - 27 June တစ်ဦးလျှင် $720 |
| ဘန်ကောက် – ပတ္တရား အဖွဲ့လိုက်ခရီးစဉ် (၄ည/၅ရက်)<br>17 June - 21 June တစ်ဦးလျှင် $598 | ဘာလီကမ်းခြေ အဖွဲ့လိုက်ခရီးစဉ် (၄ည/၅ရက်)<br>24 June - 28 June တစ်ဦးလျှင် $998 |
| ဗီယက်နမ် အဖွဲ့လိုက်ခရီးစဉ် (ဟနွိုင်း–ဟာလောင်–နဘင်း) (၄ည/၅ရက်)<br>25 June - 29 June တစ်ဦးလျှင် $600 | သီရိလင်္ကာ အဖွဲ့လိုက်ခရီးစဉ် (၅ည/၆ရက်)<br>17 June - 22 June တစ်ဦးလျှင် $1110 |
| ဗီယက်နမ် – ကမ္ဘောဒီးယား အဖွဲ့လိုက်ခရီးစဉ် (၄ည/၅ရက်)<br>25 June - 29 June တစ်ဦးလျှင် $1135 | |

ဖော်ပြပါဈေးနှုန်းများသည် စားရိတ်ငြိမ်း ဈေးနှုန်းများဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိသောကြောင့် ဇွန်လ ၆ ရက် နောက်ဆုံးထားပြီး စာရင်းပေးကြပါခင်ဗျာ

**ODYSSEY** Travels & Tours Co., Ltd.

အခန်း (၃၀၃)၊ တတိယထပ်၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဝ၁ ၂၄၆၃၃၇၊ ၂၄၆၃၃၀၊ ၂၅၄၁၇၀၊ ၃၉၂၀၇၀

---

**Home** Think of House, Think of Home

Readymade Floor Promotion



ပါကေးအစားထိုး ကြမ်းခင်း

**BUY →** ကြမ်းခင်း ဝယ်လျှင် 3 ကျင်း

**GET 1 Box !!**



လက်ဆောင်

လက်ဆောင် အရေအတွက် ၃၀ ခု အထိသာ

** Selected items only

**Home** Think of House, Think of Home

ဂျက်ဆင်ဘုတ်အစားထိုး ရေစိမ်/ရေစိုခံ

**နံရံကာ နှင့် မျက်နှာကျက် → GET 1 Free**

၃ ကျင်း ဝယ်



အိမ်တွင်း အလှဆင်ပန်းပင်



လက်ဆောင် ၂၀ ခု အထိသာ

** Selected items only

Branch Showroom ➤ အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

---

**ဆိုင်ခန်းရောင်းမည်**

သဃ်န်းကျွန်း အဆင့်မြင့်ဈေး အထည်ဆိုင်ခန်း(၁)ခန်း၊ ရောင်းဈေး ၁၂၅သိန်း

**ဖုန်း-၀၉-၅၀၂၆၆၂၃**

---

**ဒဂုံမြို့သစ်**

**အရှေ့ပိုင်း**
**သိမ်တပ်မြို့နယ်**
**တောင်ပိုင်း**၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
**09-6809893**
**09-5120620**

---

# အူရီဒူး Facebook Plus

**ooredoo**

Facebook ၃ ကျပ် / MB

အူရီဒူး အချင်းချင်း အခမဲ့

အခြား ကွန်ရက်များသို့ ၂၀ ကျပ် / မိနစ်

အခမဲ့ ရယူဖို့ *4444# သို့ခေါ်ဆို၍ (သို့) 4444 သို့ FB ဟု SMS ပေးပို့ပါ

စည်းမျဉ်းစည်းကမ်းသေးစိတ်ကို **ooredoo.com.mm** မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။




Emotional Development(EQ)
Intellectual Development(IQ)
Moral Development
Physical Development
Social Development

လစဉ်ကျောင်းအပ်လက်ခံနေပါပြီ ...

Weekend English Program
English 4 skills Plus
1. Cambridge Exam Preparation
2. Supplementary skills
3. Life skills for children

Communicative English
General English
FCE IELTS

| မြေနီကုန်း | လှိုင် | တာမွေ | စမ်းချောင်း | မရမ်းကုန်း | အင်းစိန် |
|---|---|---|---|---|---|
| 01-537895 | 01-530097 | 01-549590 | 09262963774 | 01-663960 | 09259822226 |
| 09262963776 | 09254148005 | 09254148006 | 09262963775 | 09259822220 | 09259822227 |

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level I+II & III စာရင်းကိုင် သင်တန်းများ
ခုံနံပါတ်ယူထားနိုင်ပြီ။ June - 25 (Sat) စမည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

လက်စွဲ Car Rental
09-73021929

**ပျောက်ဆုံးကြောင်း**
(အဖ)ဦးသံလုံး၏သား ဦးရွှေဝင်း (ခ) ဦးလှဌေး[၈/ရစက(နိုင်)၂၅၃၇၃၆] ၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ်(၇၅/၁၀၈) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၀၈၁၁၃

Visit
The 3rd International Exhibition for Food & Drink, Hotel, Restaurant, Bakery & Food Service Equipment, Supplies & Services
FOOD & HOTEL 2016 Myanmar
1-3 JUNE
Myanmar Event Park (MEP)
Yangon 10.00 -18.00 Hrs.
Myanmar's Largest & Most International Food & Hospitality Trade Event in Myanmar
250 Exhibitors
7 International Pavilions
1,000 Products
Industry Events
Including: MCAC Myanmar Culinary Arts Competition; MNBC 2016 Myanmar National Barista Championship




Visitor Pre-Registration at www.foodandhotelmyanmar.com
Find us on Facebook
Supported by: / Organised by:
• Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire
Information Hotline: Tel: +95-1 513 515-519
Email: marketing@informationmatrix.com
Contact: U Htet Wai Zaw

မြန်နှုန်းမြင့် အင်တာနက် 4G ကွန်ရက်စနစ်
အသုံးပြုနိုင်သော Lenovo Dual SIM စမတ်ဖုန်းများ
Lenovo




**Yangon** : Innwa Premium Shop, City Star, Eastern (SKT Middle Block), KMD(ChinaTown), H.H Mobile, Global Light (North Okkalapa), Technoland, Linn Latt Mobile (TMW), Point Mobile, Tech Republic (San Chaung),i Feel Mobile (Latha), Easy One, Idea Link, IT Box Mobile, Unique PSD, Unique (SKT), King Power (Seikkanthar Lower Block), Unique (Tamwe), Choice Mobile, KMD Tamwe, J Mobile, KMD (MNG), KMD (PSD).Mobile House (Latha), Like Mobile, E City, Htay Mobile, KKK Mobile **Mandalay** : 77 Mobile & IT Mall, SS Computer (Pyay), Shwe Na Gar (MDY), Orange Mobile (MDY) N.Star Electronic (Pyin Oo Lwin), Kyal Sin (Mogok), Ngwe Sandar Electronic (MDY), Mobile Like (MDY), T.No Mobile (MDY), National Mobile (Bamaw) C/O, One Mobile (Kyaukpadaung) C/O MDY. Any Call, Super Mobile, Mobile Mother, Guru Mobile, i-Phone, Hein Mobile, Mobistar, Super Cell. **Naypyitaw** : KMD NPT II, **Larsho** : KMD Larsho II, **Myeik** : C4E, **Meikhtila** : KMD Mobile Retail, **Mawlamyine** : KMD Mobile Retail, **Kalay** : Hello **Tharyarwadi** : Home Mobile, **Kyan Khin** : Evasion Mobile. **Sittway** : N.X Mobile, **Loi Kaw** : J & K Mobile, **Pyin Ma Nar** Lu Gyi Min, **Pu Law** : Edison Mobile, Win Mobile, **Dawei** : Padetha D.Com Mobile, Nyi Nyi Mobile, BSM Mobile, idea Mobile, **Myeik** : C4E, ZarNi Mobile , Gentlemen Mobile, YC Mobile, Mahar Myanmar Mobile, 12 call Mobile, Nandar Win Mobile, Wai Phyo Mobile, Golden land Mobile, **Pyay** : Wise Power, NSM, Soe San, Fevo Mobile, Respect Mobile, Shwe Tike Mobile, A1 Mobile, Dr. Mobile, Palae Shwe Wah, **TaungTwinGyi** : Palae Mobile, **Lett Puttar** - Shwe Nadi Mobile, **Pha-An** : Zenith, Tresure Net, **Sittway** : Super Hut Mobile, Palae ShweWah Mobile, **Padan** : La Minn Thit Mobile, **Taunggyi** : Myint Mo

DCD
၃၈၄၁၀၉၊ ၃၈၁၀၃၅၊ ၃၈၁၀၂၉
လိုင်းခွဲ (၁၄၂)
Lenovo Myanmar
www.lenovno.com/mm

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲအတွက်ပြင်ဆင်

သတင်းနှင့် ဓာတ်ပုံ – ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၂၆**

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးသင်အသင်းသည် ပြိုင်ပွဲမတိုင်မီ မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲကို မေ ၂၈ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကစားလျက်ရှိပြီး မလေးရှားအသင်းနှင့် ခြေစမ်းပွဲမှာ ပြင်ဆင်မှုများထဲမှ တစ်ခုဖြစ်နေသည်။ မြန်မာအသင်းသည် ဇွန်လဆန်းပိုင်းတွင် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ မလေးရှားအသင်းနှင့် ခြေစမ်းခြင်းဖြစ်သည်။ မလေးရှားလက်ရွေးစင်အသင်းမှာလည်း ဇွန်လဆန်းပိုင်းတွင် ယှဉ်ပြိုင်ရမည့် တီမောအသင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



မေ ၂၆ ရက်က မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။

# မြန်မာအပါအဝင် နိုင်ငံ ၁၃ နိုင်ငံ၌ ကျားကောင်ရေ ၃၂၀၀ သာကျန်ရှိ ကျားနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးဆောင်ရွက်မည်



**မြိတ် မေ ၂၆**

မြန်မာနိုင်ငံ၏ ကျားအကောင်ရေသည် လွန်ခဲ့သောဆယ်စုနှစ်မှစတင်၍ အကောင်ရေ တိကျစွာကျဆင်းလာခြင်းနှင့်အတူ ကျားအစားခံသတ္တဝါ အကောင်ရေမှာလည်း အကြောင်းအမျိုးမျိုးကြောင့် ကျဆင်းလျက်ရှိပြီး မြန်မာနိုင်ငံတောင်ဘက်ဒေသများတွင် ကျားနှင့်ကျားအစားခံသတ္တဝါများ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များ သိရှိဖလှယ်နိုင်စေရန် ဆက်လက် အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းများအပေါ် ဆွေးနွေးအကြံပြုနိုင်စေရန်နှင့် ဒေါနတနင်္သာရီ ကျားထိန်းသိမ်းခြင်းအတွက် ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

## ပင်လယ်ပြင်ခရီးအတွက် မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၂၆**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**ရန်ကုန်မှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်**
**ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

**မိုးလေဝသအခြေအနေ။** ။နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

**အမြင်တာ။** ။ ၄ မိုင်၊ မိုးရွာစဉ် မိုင်ဝက်ခန့်။

**ရေပြင်လေ။** ။ အနောက်(သို့)အနောက်တောင်၊ တစ်နာရီပင်လယ်မိုင်(၁၅-၂၀)မိုင် တစ်ခါတစ်ရံ မိုင် ၄၀။

**လှိုင်းအခြေအနေ။** ။ လှိုင်းကြီးမည်။

**ရန်ကုန်မှ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်**
**ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

**မိုးလေဝသအခြေအနေ။** ။ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**အမြင်တာ။** ။ ၄ မိုင်၊ မိုးရွာစဉ် မိုင်ဝက်ခန့်။

**ရေပြင်လေ။** ။ တောင်(သို့)အနောက်တောင်၊ တစ်နာရီပင်လယ်မိုင်(၁၅-၂၀)မိုင်၊ တစ်ခါတစ်ရံ မိုင် ၄၀။

**လှိုင်းအခြေအနေ။** ။ လှိုင်းကြီးမည်။

**(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

